www.burmeseclassic.com

# သချိုင်းတော

# ရှေဆီး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ■ (၅၀၀၈၈၆၀၈၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ■ (၅၀၁၀၂၀၀၉၁၁)
ပုံနှိပ်ထုတ်ဝေခြင်း ■ ပထမအကြိမ်၊
ဖေဖော်ဝါရီလ၊ ၂၀၁၂ ခုနှစ်။
ထုတ်ဝေသူ ■ ဦးဇော်မင်းအေး (မြဲ-၀၄၁၂၂)၊
ထက်ဝေယံစာပေ
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ ■ ဦးဇော်မင်းအေး (မြဲ-၀၇၁၂၅)၊
ဇော်ပုံနှိပ်တိုက်
အမှတ်(၃၈၆)၊ အင်ကြင်းမြိုင်လမ်း၊
သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးဒီဇိုင်း ■ နေခ
အတွင်း Layout ■ ဖဲနှစ်
အဖုံးဖလင် ■ ရွှေနိုင်ငံ
အတွင်းဖလင် ■ ကိုဦး
စာအုပ်ချုပ် ■ ကိုစလင်း
အုပ်ရေ ■ ၁၀၀၀
တန်ဖိုး ■ ၂၀၀၀

၈၉၅.၈၃
သတိုးတေဇ
ဇွဲဆိုး/သတိုးတေဇ။ – ရန်ကုန်။
ထက်ဝေယံစာပေ၊ ၂၀၁၁။
၂၁၂ စာ၊ ၁၂.၇ စင်တီမီတာ x ၁၉.၀၅ စင်တီမီတာ
(၁) ဇွဲဆိုး


BURMESE CLASSIC .com

# နိဒါန်း

တစ်ဖျောက်ဖျောက် ကြွေကျနေသည့် ပျဉ်းမရွက်ခြောက်တို့က လေတစ်ချက် ဝှေ့လိုက်တိုင်း မြေပြင်ပေါ် တရုပ်ရုပ်ပြေးလွှားနေ၏။ တစ်ခါတစ်ခါ ရိုးတံတွေ အပြိုင်းပြိုင်းထနေသော ပျဉ်းမပင်မြင့်မြင့်ကြီးပေါ်မှ ဥဩငှက်တစ်ကောင်၏ လွမ်းလွမ်းဆွေးဆွေး အော်ဟစ်မြည်တမ်း နေသည့်အသံက အထီးကျန်ဆန်လွန်းနေလေရာ အရာရာက ပိုပြီးပူလောင်ခြောက်ကပ်လျက် ရှိနေလေသည်။

ထိုသို့သော ညနေခင်းမျိုးဆိုလျှင်တော့ ဘဦးနှင့်သိန်းဖေတို့က မြင်းကိုယ်စီကျောင်းလျက် ဒီတောအစပ်ဆီကို ရောက်လာကြစမြဲ. . .။ သူတို့နှစ်ဦး မြင်းကျောင်းထွက်လာတိုင်းလဲ ခါးကြားမှာချက်အရက်ပုလင်းကိုထိုးလျက် ခါးပုံစအတွင်းမှာလဲ မြည်းစရာ



www.burmeseclassic.com

www.burmeseclassic.com

ရွှေဘိုမကျီးစေ့လှော်နှင့် မြေပဲဆံတို့က ပါပြီးသားပင်ဖြစ်သည်။

တကယ်တော့ ထိုမြင်းများမှာ ရွှေဘိုမြို့ပေါ်မှ မြင်းပိုင်ရှင် ကုလားသူဌေးကြီး ဦးရာနွှတ်ဆိုသူပိုင်သော မြင်းများဖြစ်လေသည်။ သူဌေးကြီးဦးရာနွှတ်မှာလဲ မြင်းများကို ဝါသနာအရ မွေးမြူထားရုံမျှမက ရန်ကုန်မြို့ပေါ်ရှိ အင်္ဂလိပ်အရာရှိကြီးများ၊ လူကုန်တန် အသိုက်အဝန်းများကိုလဲ မတန်တဆဈေးနှင့် မြင်းတွေကို ရောင်းစားလေ့ရှိသူဖြစ်သည်။

ဘဦးနှင့် သိန်းဖေတို့လို လူငယ်တွေမှာလဲ ထိုခေတ်က အလုပ်အကိုင်ရှားပါးနေသည်ဖြစ်ရာ မတန်တဆ လခလေးကိုပင် ယူပြီး ဦးရာနွှတ်ဆီတွင် မြင်းကျောင်းခြင်းအလုပ်ကို ဝင်ပြီးလုပ်ကြရလေသည်။

'ဟေ့ကောင် ဘဦး၊ တို့တွေလဲ တစ်နေ့တစ်နေ့ ဒီတောစပ်မှာပဲလာလာပြီး မြင်းကျောင်းနေရတာနဲ့ အချိန်ကုန်နေတာပဲကွနော်...'

သိန်းဖေက သူ့မြင်း ရွှေနီမပေါ်မှဆင်းကာ ဘဦးကို လှမ်းပြောလိုက်၏။ ဘဦးမှာလဲ သူတာဝန်ယူ ထိန်းကျောင်းပေးရသည့် မြင်းကြီးညိုလုံးမောင်ကို စားကျက်တစ်ခုတွင် လွှတ်ထားလိုက်ပြီး –

'အေးလေ... အဲဒါဘာဖြစ်လဲ ... တို့တွေဘဝက အင်္ဂလိပ်ကျောင်းတက်ပြီး ဘိုလို စတိုင်ထုတ်နေလို့မှမရတာ။ ဒီအလုပ်အပြင် မင်းက ဘာလုပ်ချင်သေးလို့လဲ...'

'မဟုတ်ပါဘူး ဘဦးရာ...၊ အခြား အချို့အချောင် အလုပ်ကလေး ဘာလေးတွေ့ရင် ပြောင်းပြီးလုပ်မလားလို့ပါ'





သိန်းဖေ၏ အထူးအဆန်းစကားကြောင့် ဘဦးမှာ ခါးကြားမှ ချက်အရက်ပုလင်းကိုထုတ်ကာ မကျီးပင်အောက်တွင် ထိုင်ချလိုက်၏။ ထို့နောက် ဘဦးက –

'မင်းက အချို့အချောင်အလုပ်ဆိုတာ ဘာကိုပြောတာလဲကွ သိန်းဖေရ...'

သိန်းဖေမှာလဲ ဘဦးဘေးသို့ ခြေပစ်လက်ပစ်နှင့် ဝင်ထိုင်လိုက်ကာ သူ့ခါးပုံစအတွင်းမှ မကျီးစေ့လှော်နှင့် မြေပဲဆံတို့ကို အင်ဖက်အကြွေတစ်ရွက်ပေါ်သို့ ပြန်ဖြည်ထည့်လိုက်ရင်း –

'ဒီလိုကွ ဘဦးရ... ငါစဉ်းစားမိတာ တစ်ခုရှိတယ်၊ ငါတို့ အခုကျောင်းနေတဲ့ ဦးရာနွှတ်ကြီးရဲ့မြင်းတွေကို ရန်ကုန်မြို့ပေါ်ကိုတက်ပြီး ခိုးရောင်းလိုက်ရရင် မင်းကောငါကော တော်တော်လေး ငွေစည်သွားမယ်ကွ...၊ ပြီးတော့ ရတဲ့ငွေနဲ့ ဟိုမှာဖြစ်သလို လုပ်ကိုင်စားသောက်ပြီး ငါတို့ဘဝတွေကိုပြောင်းပစ်ရအောင် ဘဦးရာ...'

သိန်းဖေ၏စကားကြောင့် ဘဦးမှာ ချက်အရက်ပုလင်းကို မော့သောက်နေရာမှ –

'ဟင်... မင်းဟာက စိတ်ကူးတွေ ယဉ်လှချေလား သိန်းဖေရာ...၊ နည်းနည်းလဲ စဉ်းစဉ်းစားစား လုပ်ပါဦးကွ၊ မတော်လို့များ လမ်းမှာ ဖမ်းဟယ်ဆီးဟယ်ဆို ဘယ်နှယ့်လုပ်မလဲ...'

'အိုကွာ...မင်းကလဲ ကြောက်တတ်ရန်ကော...၊ ဒီမှာ... ဘဦး၊ အခုလို ညနေဖက် မြင်းကျောင်းချိန်မှာ မင်းလဲ အိမ်က ငွေလေးကြေးလေး နည်းနည်းယူခဲ့... ငါလဲ



www.burmeseclassic.com

www.burmeseclassic.com

နည်းနည်းပါးပါး ထည့်ခဲ့မယ် . . .၊ ပြီးတော့ မန္တလေးဖက်ကို ဟောဒီဖြတ်လမ်းကြီးအတိုင်း စုန်ဆင်းသွားမယ် . . .' ဟို ရောက်ရင် ကုန်ကားကြီးတွေမောင်းတဲ့ ငါ့မိတ်ဆွေတစ်ယောက် ရှိတယ်၊ သူ့ကားနဲ့ပဲ မြင်းတွေကိုရန်ကုန်ကိုတင်သွားမယ် . . .၊ ဘယ်နှယ့်လဲ . . .'

သိန်းဖေမှာ သူ၏ ကြိုတင်ကြံစီးထားသော ကိစ္စတွေကို ဘဦးအား တက်တက်ကြွကြွနှင့် တစ်လုံးချင်း ရှင်းပြပြောဆိုနေ၏။ ဘဦးမှာလဲ သိန်းဖေရှင်းပြသည့်အကြောင်းတွေကို နားထောင်ရင်း ချက်အရက်တွေကို တစွတ်စွတ်နှင့် မော့သောက်နေလေသည်။

သူတို့နှစ်ယောက် စကားတပြောပြောနှင့် တီးတိုးတိုင်ပင် နေချိန်မှာတော့ ပတ်ဝန်းကျင်တစ်ခုလုံးမှာ တဖြည်းဖြည်းချင်း မှောင်မိုက်၍ပင် လာနေလေသည်။ စားကျက်တွင် လွှတ်ထားသော မြင်းနှစ်ကောင်မှာလဲ တဖြည်းဖြည်း သူတို့နှစ်ဦးနှင့် ဝေးရာသို့ ရောက်နေကြလေသည်။

BURMESE CLASSIC .com

မကြာမီ သိန်းဖေမှာလဲ ချက်အရက်၏အရှိန်ကြောင့် တီးတိုးတိုင်ပင်နေသည့် သူ့စကားသံတွေက ပိုပြီးပင် ကျယ်လောင် လာသည်။ စောစောက အင်ဖက်အကြွေပေါ်မှ မကျိုးစေ့လှော်နှင့် မြေပဲဆံတွေပင် တစွပ်စွပ်နှိုက်မြည်းရင်း ကုန်လုကုန်ခင် ဖြစ်လာ လေသည်။

ထိုအခါမှ သိန်းဖေနှင့်ဘဦးတို့မှာ သူတို့နှစ်ဦး၏ မြင်းတွေကို သတိရသွားကြပြီး အနီးပတ်ဝန်းကျင်ကို လှည့်ပတ် ကြည့်လိုက်မိကြသည်။ သူတို့၏ ရီဝေဝေဖြစ်နေသော မျက်လုံး တွေက မှောင်စပြုနေသော ထိုနေရာတစ်ခုလုံး သဲသဲကွဲကွဲပင်





မမြင်ရတော့။

'ဟင် . . . ငါတို့မြင်းတွေ ဘယ်ရောက်နေကြပြီလဲမသိဘူး သိန်းဖေရေ . . . ဒုက္ခပဲ . . .'

ဘဦး၏ စိုးရိမ်စကားနှင့်အတူ သိန်းဖေမှာ ပုလင်းထဲမှ လက်ကျန်အရက်တွေကို မော့သောက်ချလိုက်ရင်း မတ်တပ်ထရပ် လိုက်သည်။

'ဒီအနီးတစ်ဝိုက်မှာပဲ ရှိမှာပါကွ ဘဦးရ . . . သိပ်လဲ စိတ်မပူပါနဲ့ကွာ . .'

ထိုစကားနှင့်အတူ သူတို့နှစ်ဦးမှာ မြင်းနှစ်ကောင်ကို ရှာဖွေရန် ထိုနေရာမှ ဒယီးဒယိုင် ခြေလှမ်းများဖြင့် ထွက်လာ ကြသည်။

တိတ်ဆိတ်မဲမှောင်စ ပြုနေသောတောကြီးမှာ အကောင် ဘလောင်ငယ်တို့၏ အသံများနှင့် အိပ်တန်းတက်ရန် ဆူဆူညံညံ ဖြစ်နေကြသော ဆက်ရက်တွေ၏အသံက အုပ်ဆိုင်းနေသော သစ်ပင်ကြီးများပေါ်မှ ကြားနေရ၏။ တစ်ခါတစ်ခါ စူးစူးရှရှ အော်လိုက်သော ပုဖင်းရင်ကွဲတစ်ကောင်၏ အသံကိုလဲ ဆိုးဆိုး ရွားရွား ကြားရလေသည်။

သူတို့နှစ်ယောက်မှာ တောစပ်တစ်ဝိုက် အတန်ကြာ အောင်ပင်ရှာဖွေကြသော်လည်း မြင်းနှစ်ကောင်မှာ ပျောက်ခြင်းမလှ ပျောက်နေလေသည်။

ထိုအချိန်မှာပင် . . . မြင်းဟီသံတစ်ချက်ကို အင်တိုင်း တောအစပ်ဆီမှ ကြားလိုက်ရသည်။

'ဟီး . . . ဟီး . . . ဟီး . . . ဟီး . . .'



www.burmeseclassic.com

www.burmeseclassic.com

'ဟာ . . . သိန်းဖေ အဲဒီမြင်းဟီသံက တို့မြင်းတစ်ကောင်ကောင်ရဲ့ အသံပဲကွ၊ သေချာတာက တစ်ကောင်ရှိရင် နောက်တစ်ကောင်လဲ အဲဒီနားမှာပဲရှိမှာ၊ လာ သွားစို့...'

ဘဦးမှာ စိတ်မြန်လက်မြန်နှင့် အသံကြားရာ အင်တိုင်းတောဘက်ဆီသို့သွားရန် ခြေလှမ်းပြင်လိုက်သည်။ သိန်းဖေကတော့ ထိုမြင်းဟီသံကြီးကို ကြားလိုက်မိသည်နှင့် တစ်စုံတစ်ရာကို စဉ်းစားပြီး တွေတွေဝေဝေဖြစ်သွားကာ နေရာမှာပင် ခြေစုံရပ်လျက်ရှိနေလေသည်။

'ဟေ့ကောင် ဘဦး ဒီမြင်းဟီသံက တစ်မျိုးပဲကွ . . .၊ ငါ ကြားဖူးနေတဲ့ မြင်းဟီသံတွေနဲ့ မတူဘဲ တစ်ခုခုထူးဆန်းနေသလိုပဲ...'

'ဟေ . . . ၊ မင်းကလဲ မူးမူးရူးရူးနဲ့ လျှောက်ပြောနေပြန်ပြီ . . .၊ မြင်းပဲကွ . . .၊ အဲလိုမဟီလို့ ဘယ်လိုဟီရမှာလဲ . . .၊ လာစမ်းပါကွာ...'

ဘဦးမှာ ပြောပြောဆိုဆိုနှင့် သိန်းဖေ၏ရှေ့မှ ခပ်သုတ်သုတ်ပြေးထွက်သွား၏။ သိန်းဖေမှာလဲ သူကြားလိုက်ရသည့် မြင်းဟီသံကြီးကို စိတ်ထဲတွင် စနိုးစနောင့်ပင်ဖြစ်မိနေကာ ဘဦးနောက်သို့ ထပ်ကြပ်မကွာ လိုက်ပါသွားမိလေသည်။

'ဒီ မြင်းဟီသံက သာမန်မြင်းတစ်ကောင် ဟီသံနဲ့တော့ လုံးဝမတူတာ သေချာတယ် . . .၊ အသံက ကွဲရှရှနဲ့ ခြောက်ကပ်ကပ်ကြီး'

ထိုအတွေးများနှင့်အတူ သိန်းဖေနှင့် ဘဦးတို့ နှစ်ယောက်





မှာ . အင်တိုင်းတောအစပ်ဆီသို့ ရောက်လာကြသည်။ သူတို့နှစ်ယောက် အင်တိုင်းတောကြီးထဲသို့ တိုးဝင်လိုက်ကြချိန်တွင်တော့ မှုင်မှုင်ကလေးကျနေသည့် လရောင်အောက်တွင် မြင်းနက်ကြီးတစ်ကောင်ကို တအံ့တဩနှင့် တွေ့လိုက်ကြရလေသည်။

'ဟင်...'

'ဟာ... မြင်းနက်ကြီးတစ်ကောင်ပါလား...'

ထိုမြင်းနက်ကြီးမှာ ခြောက်ပေကျော်ကျော်လောက်မြင့်ပြီး အလွန်တရာမှ နက်မှောင်နေသော ကိုယ်လုံးနှင့် ခါးလျားရှည်ကြီးဖြစ်နေ၏။ ပြီတော့ ခြေဆံလက်ဆံတွေကလဲ တုတ်ခိုင်သန်စွမ်းနေကာ ကြွက်သားတွေက ကျစ်ကျစ်လစ်လစ်နှင့် ဖြစ်နေသည်။

သိန်းဖေနှင့် ဘဦးတို့နှစ်ယောက်မှာ ထိုမြင်းနက်ကြီးကို မြင်လိုက်သည်နှင့် တစ်ယောက်မျက်နှာကိုတစ်ယောက် အဓိပ္ပာယ်ပါပါ လှမ်းကြည့်လိုက်ပြီး မြေပြင်ပေါ်တွင် ပြိုင်တူဝမ်းလျားမှောက်လိုက်ကြလေသည်။ ထို့နောက် မြင်းနက်ကြီး၏ အရိပ်အခြေကို တိတ်တဆိတ် ချောင်းမြောင်းပြီး ကြည့်နေမိကြသည်။ သူတို့ကြည့်နေကြသည့်နေရာနှင့် မြင်းနက်ကြီးမှာ မဝေးလှသော်လည်း . . . မြက်တွေကို တဖြုတ်ဖြုတ်ဆွဲနုတ်ပြီး စားနေသည့် အသံကတော့ အတိုင်းသားကြားနေရသည်။

ထိုအချိန်မှာပင် သိန်းဖေက မြင်းနက်ကြီးအနားသို့ ဝမ်းလျားမှောက်လျက်သားနှင့် တိုးကပ်သွားလေရာ သစ်ကိုင်းခြောက်တစ်ခုကို ဖိမိပြီး အသံထွက်သွား၏။

'ဖျောက် ... ရွှတ် ...'



www.burmeseclassic.com

www.burmeseclassic.com

ထိုအသံကြောင့် မြင်းနက်ကြီးမှာ မြက်စားနေရာမှ ခေါင်းထောင်ပြီး ဟိုဟိုဒီဒီကို ကြည့်ကာ ရှေ့သို့အနည်းငယ်တိုးသွားပြီး နဂိုအတိုင်းပင် မြက်တွေကို တဖြုတ်ဖြုတ်နှင့်ဆွဲနုတ်ပြီး စားနေပြန်လေသည်။ ထိုအချိန်မှာပင် –

'တောက် . . .'

ဟူသော တောက်ခေါက်သံတစ်ချက်ကို ကြားလိုက်ရသည်။

ထိုအသံကြောင့် သိန်းဖေက သူ၏နောက်တွင်ကပ်လျှက်ရှိနေသည့် ဘဦးဖက်သို့လှည့်ကာ လေသံတိုးတိုးဖြင့် ငေါက်ငမ်းလိုက်သည်။

'ဟေ့ ဘဦး စိတ်ရှည်ရှည်ထားစမ်းပါကွ . . .၊ မင်း တောက်ခေါက်သံကြောင့် လွတ်သွားပါဦးမယ် . . .'

ထိုစကားကြောင့် ဘဦးမှာ နားမလည်နိုင်အောင်ပင် ဖြစ်သွားပြီး –

'ဟင် . . . ငါဘာလုပ်လို့လဲကွ . . .၊ တောက်ခေါက်တာက မင်း . . .'

ဟုဆိုကာ တစ်ယောက်နှင့်တစ်ယောက် လေသံတိုးတိုးနှင့် ငြင်းခုံနေကြပြန်သည်။ တစ်ချိန်ထဲမှာပင် မြင်းနက်ကြီးက ခေါင်းကို မော့ကာ တစ်စုံတစ်ရာကို နားစိုက်ထောင်နေသလိုနှင့် ဟိုဟိုဒီဒီကို ကြည့်နေလေ၏။ ထို့နောက် သိန်းဖေက ဘဦးကို ခြေဟန်လက်ဟန်ဖြင့်ပြကာ မြင်းနက်ကြီး၏ကျောပေါ်သို့ အလစ်အငိုက် ခုန်တက်လိုက်ကြရန် ပြောပြနေလေသည်။ ဘဦးမှာလဲ သိန်းဖေလုပ်ပြနေသည့် အမူအရာကို နားလည်ပြီး ခေါင်းငြိမ့်ပြလိုက်လေသည်။





သူတို့နှစ်ဦးမှာ ယခုကဲ့သို့ အရောင်အသွေးကောကိုယ်လုံးကိုယ်ပေါက်ပါ တောင့်တင်းသန်မာသည့် မြင်းကြီးကိုတွေ့လိုက်ရသည်နှင့် လက်လွှတ်မခံနိုင်ဘဲဖြစ်လေရာ အမိဖမ်းဖို့သာ အမျိုးမျိုးကြိုးစားနေကြသည်။

ဘဦးနှင့် သိန်းဖေတို့မှာ မြေကြီးပေါ်တွင် ပြားနေအောင်ဝပ်နေကြရာမှ တဖြည်းဖြည်းချင်း ကုန်းထလိုက်ပြီး မြင်းနက်ကြီးအနီးမှ မကျီးပင်ကြီးကို နှစ်ယောက်သား ကျောပြေးကပ်လိုက်ကြသည်။ သိန်းဖေနှင့် ဘဦးတို့မှာ မြင်းတွေနှင့်ပတ်သက်လျှင်အလွန်လျှင်မြန်ဖြတ်လပ် သူများဖြစ်ကြပြီး မြင်းတစ်ကောင်ကိုကုန်းနှီးမပါဘဲနှင့်လဲ ကျွမ်းကျွမ်းကျင်ကျင် စီးတတ်သူများ ဖြစ်ကြလေသည်။

ထို့နောက် သူတို့နှစ်ဦးမှာ တစ်ယောက်နှင့်တစ်ယောက်အချိန်ကိုက်တိုင်ပင်စရာ မလိုဘဲ မြင်းနက်ကြီး၏ကျောပေါ်သို့ ခုန်တက်လိုက်ကြလေရာ . . .

'ဘုတ် . . .'

'ဘုတ် . . .'

'အား . . . သေပါပြီ . . .'

ဟူသော အသံတွေနှင့်အတူ မြေကြီးပေါ်တွင် အတုံးအရုံးလဲပြိုကျကုန်တော့လေသည်။ မြင်းနက်ကြီးမှာလဲ အလွန်လျှင်မြန်သောလှုပ်ရှားမှုနှင့်အတူ သူတို့နှစ်ယောက်ကို ကျောပေါ်မှ ခါချကာ ကဆုန်ပေါက်ပြီး ပြေးလေသည်။ သို့သော် ထိုမြင်းနက်ကြီးက သူတို့နှင့် ခပ်လှမ်းလှမ်းနေရာသို့ ရောက်သောအခါ လည်ပြန်စောင်းငဲ့ပြီး ပြန်ကြည့်နေလေသည်။ ထိုအချိန်မှာပင်


www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်၏ အူလှိုက်သဲလှိုက် ဟားတိုက်ရယ်မောလိုက်သည့် အသံကြီးကို ကြားလိုက်ရသည်။

'ဟား... ဟား... ဟား...'

ထိုအသံကိုကြားလိုက်သော်လဲ သူတို့နှစ်ဦးမှာ အံ့သြမင်သက်နေဖို့ အချိန်ပင်မရတော့ဘဲ မလှမ်းမကမ်းမှ သူတို့ကို ပြန်ပြီးစိုက်ကြည့်နေသည့် မြင်းနက်ကြီး၏နောက်သို့ လောဘဇောတွေနှင့် ထပြီးလိုက်ကြလေသည်။

မြင်းနက်ကြီးမှာလဲ သူတို့နှစ်ဦး အသဲအမဲလိုက်လာကြသည်ကိုမြင်ပြီး ရုတ်တရက် မတတ်ထရပ်လိုက်ကာ ကျယ်ကျယ်လောင်လောင်ကြီး ဟီရင်းက ကဆုန်ပေါက်ပြေးလေတော့သည်။ သိန်းဖေနှင့် ဘဦးမှာလဲ မြင်းနက်ကြီးကို ဖမ်းမိဖို့ထက် တခြားဘာကိုမှ မမြင်တော့ဘဲ သစ်ပင်ကြိုသစ်ပင်ကြားမှ မနားတမ်းပြေးလိုက်လေသည်။ မြင်းကြီးကတော့ သူ့ခန္ဓာကိုယ်ကို တစ်ခါတစ်ခါ တုန့်ခနဲရပ်လိုက်၊ တစ်ခါတစ်ခါ ပတတ်ထရပ်လိုက်နှင့် ကွေ့ကာပတ်ကာ ပြေးနေလေသည်။

အတန်ကြာအောင် ပြေးလိုက်ပြီးနောက် သိန်းဖေနှင့် ဘဦးတို့နှစ်ဦးသားမှာ တောနက်ကြီးထဲသို့ ရောက်မှန်းမသိရောက်လာခဲ့ကြသည်။ အထူးသဖြင့် သူတို့ရှေ့မှ အယောင်ပြကာပြေးနေသော မြင်းနက်ကြီးကိုလဲ မှိုလှမှိုခင်ဖြစ်ကာမှ အမျိုးမျိုးလွတ်ထွက်သွားသဖြင့် ပိုပြီး ဒေါသထွက်မိနေကြသည်။

တဖြည်းဖြည်းနှင့် သူတို့နှစ်ယောက် မြင်းနက်ကြီး၏နောက်ကို တစ်ဟုန်ထိုးပြေးလိုက်နေရာမှ ရေကန်ကြီးတစ်ကန်အနားသို့အရောက်တွင် မြင်းကြီးမှာ ပျောက်ခြင်းမလှ ပျောက်သွား





တော့သည်။

'ဟင် ဘယ်ရောက်သွားပြီလဲ ...၊ သေသေချာချာကြီးကြည့်လိုက်ရဲ့သားနဲ့ ဒီနား တစ်ဝိုက်မှာပဲပျောက်သွားတာ...'

ဘဦး၏စကားကြောင့် အမောတကောနှင့် ပြေးလိုက်လာသော သိန်းဖေမှာလဲ –

'ထူးဆန်းလှချေလား ...၊ ဒီအနီးပတ်ဝန်းကျင်မှာလဲ ရေကန်ကြီးကလွဲပြီး အခြား ဘာမှရှိမနေဘူး၊ သေသေချာချာရှာပါဦးဟ ဘဦးရ ...'

ဖြာကျနေသော လရောင်က သူတို့ ပတ်ဝန်းကျင်တစ်ခုလုံးကို ပြတ်ပြတ်ထင်ထင် မြင်နေရသည်။ ပြီးတော့ ရေကန်ကြီး၏မျက်နှာပြင်ပေါ်မှာလဲ လရောင်က မလှုပ်မယှက် ငြိမ်သက်တောက်ပနေလေသည်။ ထိုအချိန်မှာပင် –

'ဟင်... ဒီ ဒီမှာ မြင်းခြေရာတွေကွ သိန်းဖေရ...'

ဘဦး၏ အလန့်တကြားနှင့် အော်လိုက်သံကြောင့် သိန်းဖေမှာ ကန်ရေပြင်အစပ် မြေသားပြောင်ပြောင်ပေါ်မှ မြင်းခြေရာတွေကို ငုံ့ပြီးကြည့်လိုက်မိသည်။

ထိုကန်ရေပြင်အစပ်မှ မြင်းခြေရာတွေကို သိန်းဖေတစ်ယောက် အမှန်တကယ်ပင်တွေ့လိုက်ရ၏။ ထိုခြေရာတွေက စောစောက သူတို့တွေ့လိုက်ရသော ကြီးမားသော ခြေဆံလက်ဆံတွေရှိသည့် မြင်းနက်ကြီး၏ခြေရာပင် ဖြစ်နေလေသည်။

တစ်ချိန်ထဲမှာပင် သူတို့နှစ်ယောက်စလုံး၏ မျက်လုံးတွေက မလှုပ်မယှက် ငြိမ်သက်နေသည့် ကန်ရေပြင်ကို ပြိုင်တူပင်လှမ်းကြည့်လိုက်မိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

သိန်းဖေနှင့် ဘဦးတို့နှစ်ယောက် ထိုကန်ရေပြင်ကို စိုက်ကြည့်နေတုန်းမှာပင် –

'ဗွမ်း . . .'

ဟူသော ရေသံကြီးနှင့်အတူ နက်မှောင်နေသော အသားအရည်နှင့် ကိုယ်လုံးကိုယ် ထည်တောင့်တင်းသန်မာသည့် ယောကျ်ားကြီးတစ်ယောက်မှာ ကန်ရေပြင်ပေါ်တွင် ဘွားကနဲ ပေါ်လာလေသည်။

'ဟာ . . .'

'ဟင် . . .'

ထိုသူမှာ ရေထဲတွင် ခါးတစ်ပိုင်းသာပေါ်နေပြီး သူ့ခန္ဓာကိုယ်ပေါ်မှ ကြွက်သားအဖုအထစ်များနှင့် ကြမ်းတမ်းသော ဆံပင်များမှ ရေစက်ရေပေါက်တွေ တဖွားဖွား လွင့်စဉ်နေ၏။ ထိုသူ၏ မျက်နှာပေါက်ကလဲ သာမန်လူတစ်ယောက်ရှိသင့်သည့် မျက်နှာ ထက်ပင် ရှည်လျားနေကာ မြင်းတစ်ကောင်၏ မျက်နှာနှင့် ပိုပြီး တူနေလေသည်။

သိန်းဖေနှင့် ဘဦးမှာ ထိုမြင်ကွင်းကြောင့် ဘာစကားမျှပင် မပြောနိုင်တော့ကြဘဲ အလွန်တစ်ရာမှ အံ့ဩမှင်သက်မိကုန်ကြသည်။ ထိုအချိန်မှာပင် ရေထဲမှ နက်မှောင်နေသာ အသားအရည်နှင့်လူမှာ သူတို့နှစ်ယောက်ရှိရာဖက်ကို ကျောခိုင်းလျက် ကန်ရေပြင်၏အလယ်သို့ ဆက်လျှောက်သွားလေသည်။ ထိုအခါမှ သိန်းဖေနှင့် ဘဦးမှာ ထိုသူ၏နောက်ကျောကို အထင်အရှားပင် မြင်တွေ့လိုက်မိကြလေသည်။

သူတို့နှစ်ယောက် မြင်လိုက်ရသည့် ထိုလူကြီး၏ကျောပြင်





ပေါ်တွင်တော့ နောက်စေ့မှခါးအထိ ရှည်လျားနေသော အမွေးအမျှင်တွေက မြင်းတစ်ကောင်၏ လည်ဆံမွေးတွေလို ကြမ်းတမ်း သန်စွမ်းနေလေသည်။

ထိုမြင်ကွင်းကြောင့် သိန်းဖေနှင့် ဘဦးတို့မှာ သွေးပျက်မတက်ပင် အသံကုန်ဟစ်ကာ ပြိုင်တူအော်လိုက်မိကြလေသည်။

'အား . . .'

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁]

တစ်နေ့သ၌ ရတနာကုန်သည်ကြီး အယ်ဒီဘာညွန့် နေထိုင်ရာ တာမွေဘက်ဆီမှ ခမ်းနားထည်ဝါသော နှစ်ထပ်အိမ် မြင့်မြင့်ကြီးဆီသို့ အညာဖျင်တဘက်ကြမ်းကြီး တစ်ထည်ကို ခေါင်းပေါ်ပတ်ခြုံထားသော အသက်ငါးဆယ်ဝန်းကျင် အမျိုးသမီး ကြီးတစ်ဦးနှင့်အတူ လွန်စွာမှ ညှိုးနွမ်းအားငယ်သည့် မျက်နှာနှင့် ရုပ်ရည်သနားကမားရှိသူ အသက် ဆယ့်ခုနစ်၊ ဆယ့်ရှစ် အရွယ် မိန်းကလေးတစ်ဦးတို့ ရောက်ရှိလာကြလေသည်။

ထိုအမျိုးသမီးနှစ်ဦးတို့မှာ အိမ်ကြီးအတွင်းသို့ရောက်သည် နှင့် သူတို့နှင့်အတူပါလာသည့် အထုပ်အပိုးများကို ကြမ်းပြင်ပေါ် ချလိုက်ရင်း အိမ်ကြီးအတွင်း ခမ်းနားထည်ဝါလှသော အသုံး အဆောင်များ၊ ကျောက်စီပန်းချီကားကြီးများ၊ လက်လက်ထအောင်



www.burmeseclassic.com

www.burmeseclassic.com



တောက်ပြောင်နေသော ပရိဘောဂများကို တအံ့တသြနှင့်ငေးကြည့်နေရင်း ကြမ်းပြင်ပေါ်တွင် ပဆစ်တုပ် ထိုင်လိုက်ကြသည်။

ခဏအကြာ –

'ညှော်သည်ဆိုလို့ ဘယ်သူလည်းမှတ်တယ် . . .၊ ဖွားမိုကိုး . . .'

အသံလာရာဆီသို့ လှမ်းကြည့်လိုက်ရာ ကနုတ်ပန်းခက်များ ထွင်းထုထားသော ကျွန်းလှေကားမည်းမည်းကြီးပေါ်မှ ရတနာကုန်သည်ကြီး အယ်ဒီဘည္စွန်နှင့် အယ်ဒီဘည္စွန်၏ကတော် ဒေါ်တဆုပ်တို့ ဆင်းလာကြသည်ကို တွေ့လိုက်ရသည်။

အယ်ဒီဘည္စွန်မှာ အရပ်မြင့်မြင့် အသားညိုညိုနှင့် တုတ်ခိုင်သော ခန္ဓာကိုယ်ရှိသူဖြစ်ပြီး နံ့သာရောင်တိုက်ပုံအင်္ကျီနှင့် လိုက်ဖက်သည့် ဘန်ကောက်လုံချည်ကိုလဲ ခါးပတ်ပြားကြီးနှင့် ပတ်ကာ သေသပ်ကျနစွာဝတ်ဆင်ထား၏။ အယ်ဒီဘည္စွန်နှင့်အတူ လှေကားထစ်များပေါ်မှ လိုက်ဖက်ညီစွာ ဆင်းလာသော အယ်ဒီဘည္စွန်၏ကတော် ဒေါ်တဆုပ်မှာ ပိုးသားအင်္ကျီရင်ဖုံးကို ဝတ်ဆင်ထားကာ ငွေမှင်ငွေစတွေ သီတွဲထားသည့် ပိုးထမီကို ချပ်ချပ်ရပ်ရပ်ပင် ဝတ်ဆင်ထားသည်မှာ ခမ်းနားထည်ဝါလှသော ဒီအိမ်ကြီးနှင့် အထူးပင်လိုက်ဖက်ညီ နေလေသည်။

ထိုသို့လှေကားကြီးပေါ်မှ တစ်လှမ်းချင်း ဆင်းလျှောက်လာလေတိုင်း လှေကားလက်ရန်းကို ဆုပ်ကိုင်ထားသော ဒေါ်တဆုပ်၏ လက်မှ ရွှေလက်ကောက်များ၏ ၊ အချင်းချင်း ပွတ်ထိသံတို့မှာ တချွင်ချွင်နှင့်ပင် မြည်နေလျက်ရှိလေသည်။

လှေကားခြေရင်းသို့ ရောက်သည်နှင့် အယ်ဒီဘည္စွန်၏



ကတော် ဒေါ်တဆုပ်က အသက်ငါးဆယ်ခန့် အမျိုးသမီးကြီးကိုကြည့်ကာ –

'ဘယ်နှယ့်လဲ ဖွားမို . . . ဆိုင်းမဆင့်ဗုံမဆင့်နဲ့ပါလား၊ ကြည့်စမ်းပါဦးဟယ် . . . ညည်းမလဲ တော်တော်ပိန်ကျသွားလိုက်တာ . . . ရုပ်ကို မနည်းဖမ်းယူရတယ် . . .'

ဒေါ်ဖွားမိုက သူ့ခေါင်းပေါ် ရစ်ပတ်ထားသည့် တဘက်ကြမ်းကြီးကို ဖြည်ချလိုက်ပြီး မျက်နှာပေါ်မှချွေးစတွေကို တစ်ချက်နှစ်ချက် ပွတ်သပ်လိုက်လေ၏။ ထို့နောက် ဖွားမိုက –

'ဟုတ်ပ . . သူဌေးမင်းနဲ့ သူဌေးကတော်ရယ် . . အခုတလော ကျန်းမာရေးက သိပ်ကောင်းလှတယ်တော့ မဟုတ်ပါဘူး . . .'

အယ်ဒီဘည္စွန်နှင့် ဒေါ်တဆုပ်တို့မှာ ဖွားမိုတို့ရှေ့မှ ဆိုဖာဆက်တီကြီးပေါ်တွင် ဝင်ထိုင်လိုက်ကြရင်း ဖွားမိုနှင့်အတူ ပါလာသည့် မိန်းကလေးကိုကြည့်ကာ –

'ဒါနဲ့ . . . ဟောဒီကလေးမလေးက ဘယ်သူ့သမီးလေးလဲဟဲ့ ဖွားမိုရဲ့ . . .'

'လာရင်းကိစ္စကလဲ အဲဒါပဲ သူဌေးမင်းနဲ့ သူဌေးကတော်ရယ်၊ ကလေးမလေးရဲ့ နာမည်က စိန်သုံတဲ့ . . .၊ သူ့ခမျာ အမေလုပ်သူကလဲ သူ့ကိုမွေးပြီးပြီးချင်း မီးတွင်းထဲမှာပဲ သေခဲ့ရ၊ နောက် . . . အဖေလုပ်သူလဲ မနှစ်ကပဲ ပိုးထိလို့ ဆုံးရရှာပြန်တယ်လေ . . .၊ အဲဒါ . . . နိုကိုးရာမဲ့ ဆွေမရှိမျိုးမရှိ ဖြစ်နေတာနဲ့ . . .သူဌေးနဲ့ သူဌေးကတော်တို့ အိမ်မှာ လက်တိုလက်တောင်းလေး ခိုင်းလို့ရအောင် ကျမ ခေါ်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com

တာပါ ...'

အယ်ဒီဘညွန့်နှင့် ဒေါ်တဆုပ်တို့မှာ ဖွားမိုခေါ်လာသော စိန်သုံဆိုသည့် မိန်းကလေးကို ခြေဆုံးခေါင်းဖျား စိုက်ကြည့်လိုက်ကြသည်။ မစိန်သုံမှာ ဆံတောက်ရစ်ဝိုင်းလေးနှင့်ဖြစ်ပြီး လွန်စွာမှ လိမ္မာရေးခြားရှိမည့် ရုပ်ရည်ကလေး ဖြစ်သည့်အလျောက် သားထောက်သမီးခံမရှိသည့် သူတို့အဖို့ အားကိုးစရာ သမီးမိန်းကလေးအဖြစ် ချက်ချင်းပင် သဘောကျနှစ်ခြိုက်မိကြသည်။

ထို့နောက်

ဒေါ်တဆုပ်က ကြမ်းပြင်တွင် ပဆစ်တုပ်ထိုင်နေကြသော မစိန်သုံနှင့် ဖွားမိုကို ဟစ်လှည့်စီကြည့်ကာ –

'ဘာပဲပြောပြောပါ့ ဖွားမိုရယ်၊ ကလေးမလေးခမျာ မိဘကလဲမရှိ၊ ဆွေမျိုးညာတကာကလဲမရှိဆိုတော့ အတော့်ကို သနားစရာလေးပါပဲကွယ် ...၊ တို့မလဲ အသက်ကလေးတွေက ရလာကြပြီဆိုတော့ အိမ်မှာလက်တိုလက်တောင်းခိုင်းဖို့ မိန်းကလေးအဖော်လိုနေတာတော့ အမှန်ပဲလေ ...၊ နောက်ပြီး လိမ်လိမ်မာမာနဲ့ အလုပ်ကိုသစ္စာရှိရှိ ကျိုးကျိုးနွံနွံသာလုပ်ရင် ငါတို့က သားသမီး အရင်းအခြာလို ရွှေတွေငွေတွေတောင် ဆင်ပေးဦးမှာ...'

'ဟဲ့ စိန်သုံ ... ဘဘကြီးနဲ့ ဖွားဖွားကြီးတို့ကို ကျေးဇူးတင်ကြောင်း ပြန်ပြောလိုက်ဦးလေ...'

ဖွားမိုက သူ့ဘေးမှာ ခပ်ယို့ယို့လေးထိုင်နေသော စိန်သုံ့ကို တံတောင်နှင့် တွန်းတိုက် လိုက်ရင်း ပြောလိုက်လေသည်။ စိန်သုံမှာလဲ ... တိုးဖျော့လွန်းသည့်လေသံလေးဖြင့် –





'ဟုတ် ... ဟုတ်ကဲ့ပါ ... ဘဘကြီးနဲ့ ဖွားဖွားကြီးတို့ကို သမီးကျေးဇူးအရမ်းတင်ပါတယ်... သမီး အိမ်အလုပ်တွေကိုလဲ ကြိုးကြိုးစားစားနဲ့ လုပ်ပါ့မယ်... ရှင် ...'

'အေးကွယ်... အေး... အေး...'

အယ်ဒီဘညွန့်မှာ ငွေအနားကွပ်ထားသည့် စွပ်တံတွင် ဂွန်ပလေးယားစီးကရက်တစ်လိပ်ကို တပ်ဆင်ကာ မီးညှိဖွာရှိုက်လိုက်ပြီးနောက် –

'ဒါနဲ့ ... ဖွားမိုရဲ့ ဟောဒီကလေးမလေး စိန်သုံက တို့ရွှေဘိုနယ်ဘက်ကပဲလားကွဲ့ ...'

'ဟုတ်ပါတယ် သူဌေးမင်း ... ရွှေဘိုနယ် ဆိတ်ခွံရွာကပါ ...'

ဒေါ်ဖွားမို၏စကားအဆုံးတွင် စိန်သုံက ခေါင်းငုံ့ထားရာမှ အယ်ဒီဘညွန့်နှင့် ဒေါ်တဆုပ်တို့ကိုမော့ပြီး မဝံ့မရဲနှင့် လှမ်းကြည့်လိုက်လေ၏။ အယ်ဒီဘညွန့်ကလဲ ရွှေဘိုနယ် ဆိတ်ခွံရွာကဟု ဆိုလိုက်သည်နှင့် –

'ဟင် ... ဒါဆို ... မြင်းတွေနဲ့ပတ်သက်ရင် အတော်ကလေးကို ကျွမ်းကျွမ်းကျင်ကျင် ထိန်းကျောင်းနိုင်တဲ့ ထွန်းသောင်ကြီးတို့ရွာကပေါ့ ဟုတ်လား ဖွားမို ...'

'ဟုတ်ပါ့ရှင် ... အဲဒီ မြင်းထိန်း ထွန်းသောင်ကြီးဆိုတာ ဟောဒီက စိန်သုံတို့နဲ့တောင် ဆွေနီးမျိုးစပ်တော်ပါသေးတယ် သူဌေးမင်း ...'

အယ်ဒီဘညွန့်မှာ ဘန်ကောက်လုံချည်ပေါ်မှ တင်းကြပ်စွာ ပတ်ထားသည့် ခါးပတ်ပြားကြီးကို အနည်းငယ်ချောင်သွားစေရန်



www.burmeseclassic.com

www.burmeseclassic.com

လက်နှစ်ဖက်ဖြင့် အနေအထား ပြင်လိုက်ရင်း –

'ဟု . . အဲဒီထွန်းသောင်ကြီးဆိုတဲ့လူက မြင်းအကြောင်း တော်တော်နားလည်တဲ့လူပဲကွဲ့. . . .၊ နောက်ပြီး မြင်းတွေကို ပြုစုထိန်းကျောင်းတဲ့နေရာမှာလဲ ဒိတ်ပဲဟေ့ . . .၊ အခုရော ထွန်းသောင်ကြီးတစ်ယောက် ရွာမှာ ကျန်းကျန်းမာမာရော ရှိရဲ့ လားဟဲ့ ဖွားမှိုရဲ့ . . .'

'ကိုထွန်းသောင်ကြီးလဲ ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းလောက်က ဖျားလိုက်တာ . . . ငှက်ဖျားဆိုလား၊ ဘာဆိုလားပဲ . . .၊ အခုတော့ တရှောင်ရှောင်နဲ့ သိပ်ကျန်းမာရေးတော့ ကောင်းပုံမရ ပါဘူး သူ့ဒွေးမင်းရယ် . . .'

ဖွားမှို၏စကားကြောင့် အယ်ဒီဘညွန့်မှာ စုတ်တသပ်သပ် နှင့်ဖြစ်သွားပြီး နှမြောတသသည့် လေသံဖြင့် –

'ကျွတ် . . . ကျွတ် . . . ကျွတ် . . . ဖြစ်မှဖြစ်ရ လေကွယ် . . .၊ အေးလေ . . . ထွန်းသောင်ကြီးတစ်ယောက် နေကောင်းလာမှပဲ ငါ့အိမ်က ပြိုင်မြင်းလေးကောင်ကို လေ့ကျင့် ထိန်းကျောင်းပေးဖို့ ခေါ်ထားရမယ်ကွယ့်'

ရတနာကုန်သည်ကြီး အယ်ဒီဘညွန့်မှာ ငွေနားကွပ် ထားသည့်စွပ်တံနှင့် ဂျွန်ပလေးယားစီးကရက်ကို ပါးစပ်တွင်တေ့ကာ ဖွာရှိုက်လိုက်လေရာ ကြီးမားတုတ်ခိုင်သည့် သူ၏လက်ချောင်းမှ နဝရတ်ကိုးသွယ်လက်စွပ်ကြီး၏အရောင်က ပြိုးကနဲ ပျက်ကနဲပင် လင်းလက်သွား၏။ ထို့နောက် အယ်ဒီဘညွန့်က သူ့စကားကို ဆက်ပြန်၏။

'ငါ့မလဲ . . . လန်ဒန်တို့ ပဲရစ်တို့ကို ရတနာ





အရောင်းအဝယ်နဲ့ သွားလာနေရတော့ အိမ်က ပြိုင်မြင်းတွေကို ထွန်းသောင်ကြီးလို ကျွမ်းကျွမ်းကျင်ကျင် ဂရုစိုက်မယ့်လူရှိနေမှ စိတ်ချလက်ချ ရှိမှာကွဲ့ . . .'

အယ်ဒီဘညွန့်မှာ ရတနာကုန်သည်အလုပ်ကို တစ်ဖက် တစ်လမ်းမှ လုပ်နေသော်လည်း ထိုခေတ်က လူကုန်ထံတွေ၊ မင်းစိုးရာဇာတွေ အသဲအမဲလုပ်နေကြသည့် ပြိုင်မြင်းမွေးမြူသည့် အလုပ်ကိုပါ ဝါသနာအရလုပ်လေသည်။ ထို့အပြင် အယ်ဒီဘညွန့် ကိုယ်တိုင်က မြင်းလောင်းဝါသနာပါသူပီပီ သူ့အိမ်တွင် မွေးမြူ ထားသည့် မြင်းလေးကောင်စလုံးမှာ အင်္ဂလန်မှ သားရားဘရက် ဆိုသည့် ပြိုင်မြင်းမျိုးတွေနှင့် သားစပ်ထားသော တန်ဖိုးကြီးမြင်း တွေသာ ရွေးပြီးမွေးထား၏။

ထိုအချိန်မှာပင် အယ်ဒီဘညွန့်တို့ရှိရာ ဧည့်ခန်းမကြီးဆီသို့ ပြိုင်မြင်းများကို လေ့ကျင့်ပေးသော နှုတ်ခမ်းမွှေးကုတ်ကုတ်နှင့် မြင်းထရိန်နာ ကုလားဘီဘရာဆိုသူရောက်လာပြီး –

'ဘရားဆပ် မြင်းတွေကို နှိပ်ပေးဖို့ အနှိပ်သည် ဆိုက်ကုလားကိုပြူး ရောက်လာပါပြီ . . .'

'ကောင်းပြီ ဘီဘရာ – ငါ အခုပဲလာခဲ့မယ်.'

မြန်မာစကားကို ကောင်းမွန်လည်ပတ်စွာ ပြောနိုင်ယုံမက ပြိုင်မြင်းတွေအကြောင်းကို နှံ့နှံ့စပ်စပ်ရှိလှသော မြင်းထရိန်နာ ဘီဘရာမှာ အယ်ဒီဘညွန့်၏ စကားဆုံးသည်နှင့် အိမ်ကြီး အတွင်းမှ ပြန်လှည့်ထွက်သွားလေသည်။ ထို့နောက် အယ်ဒီ ဘညွန့်က ခေါ်တဆုပ်ဘက်သို့ လှည့်ကာ –

'ကဲ . . . ကဲ . . . ဒီကလေးမလေးအတွက်



www.burmeseclassic.com

www.burmeseclassic.com

နေရမယ့် နေရာထိုင်ခင်းတွေကိုလိုက်ပြပေးလိုက်ကြပါကွယ်.'

ဟုဆိုကာ ခြံဝန်းကျယ်ကြီးအတွင်းမှ မြင်းစောင်းများ ရှိရာသို့ သွားရန်ပြင်လိုက်သည်။ ဒေါ်ဖွားမှီမှာလဲ ဖျင်တဘက်ကြား ခေါင်းပေါင်းကြီးကို သူ့ခေါင်းပေါ်ပတ်လျှိုလိုက်ရင်း –

'ကဲ . . . သူဌေးမင်းနဲ့ သူဌေးကတော် ကျွန်မကိုလဲ ပြန်ခွင့်ပြုပါဦးရှင် . . .'

'ကောင်းပါပြီ ဖွားမှီ . . . ဒီကလေးမလေးအတွက်တော့ အစစအရာရာ စိတ်ချပါ . . .'

မစိန်သုံမှာလဲ သူဌေးကတော် ဒေါ်တဆုပ်ခေါ်ဆောင်ရာ အိမ်ကြီးအတွင်းသို့ အထုပ်အပိုးများကို သယ်ဆောင်ကာ ခပ်ယို့ယို့ လေးပင် လိုက်ပါခဲ့လေသည်။

■



## အခန်း [၂]

အယ်ဒီဘညွန့်နေထိုင်ရာ ခြံဝင်းကျယ်ကြီးမှာ အတော် အတန်ကျယ်ဝန်းသည်ဖြစ်ရာ အိမ်မကြီးမှနေ၍ မြင်းဇောင်းများ ထားရှိရာနေရာသို့ ခြေလှမ်းအနည်းငယ်မျှ လျှောက်သွားရ လေသည်။ ခြံကြီးအတွင်း သရက်ပင်အုပ်များ၊ မရမ်းပင်မြင့်မြင့်ကြီး များကြောင့် နေရောင်နေပျောက်ဟူ၍ မရှိသလောက်ပင်။ ထို သရက်ပင်၊ မရမ်းပင်၊ ပိန္နဲပင်ကြီးများ အုပ်မိုးနေသော ခြံဝင်း ကျယ်ကြီး၏ ထောင့်တစ်နေရာတွင်တော့ အယ်ဒီဘညွန့်ကိုယ်တိုင် စိတ်တိုင်းကျ မွေးမြူထားသည့် ပြိုင်မြင်းများထားရာ ဇောင်းကြီး ရှိလေသည်။

မြင်းဇောင်းနှင့် ဘေးချင်းကပ်လျက်တွင်တော့ တဲငယ် တစ်လုံးရှိနေပြီးထိုတဲငယ်တွင်မြင်းများ၏ဝေယျာဝစ္စကိုလုပ်ဆောင်


www.burmeseclassic.com

www.burmeseclassic.com

ပေးရသော မောင်ဘစီဆိုသည့် လူငယ်လေးတစ်ယောက် နေထိုင်လေ၏။ မောင်ဘစီမှာ အသက် ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ် အရွယ်သာ ရှိသေးသော်လည်း အယ်ဒီဘညွှန့်မွေးထားသည့် ပြိုင်မြင်းလေးကောင်ကို ရေတိုက်ချိန်တိုက်ရ၊ အစာကျွေးချိန်ကျွေးရ၊ ရေချိုးချိန်ပုံမှန်ချိုးပေးရနှင့် အရွယ်နှင့်မမျှအောင်လုပ်ကိုင်ပေးရလေသည်။

'ဟေး . . . ဘစီ . . . မြင်းချေးတွေကျုံးရင် စင်အောင်ကျုံး . . .၊ မစင်လို့ကတော့ မင်းပါးစပ်ထဲ မြင်းချေးတွေကို ပြည့်သိပ်နေအောင်ထည့်ထားမှာ . . .'

အယ်ဒီဘညွှန့်၏ဘေးတွင် ကပ်ပြီးလျှောက်လာသော မြင်းထရိန်နာ ဘီဘရာက သူ၏ထုံးစံအတိုင်း သူ့ဒွေးကို မျက်နှာလိုမျက်နှာရ လုပ်ချင်ဇောဖြင့် မောင်ဘစီကို လှမ်းပြီးငေါက်ငမ်းလိုက်၏။ မောင်ဘစီမှာလဲ မြင်းထရိန်နာ ဘီဘရာ၏အကျင့်ကို သိထားပြီးဖြစ်လေရာ သူ့အလုပ်ကိုပင် သူဆက်ပြီး လုပ်နေလေ၏။

အယ်ဒီဘညွှန့်နှင့် ဘီဘရာတို့နှစ်ဦး မြင်းဇောင်းရှိရာသို့ ရောက်လာသောအခါ မြင်းအနိုပ်သည် ဆိုက်ကုလားကိုပြူးမှာ သူ့ပခုံးပေါ်မှ ပိတ်ဖြူလွယ်အိတ်ကြီးကိုချွတ်ကာ တိုင်မှာချိတ်လိုက်ပြီး 'စိန်လုံမိုး' ဟု အမည်ပေးထားသော ပြိုင်မြင်းကြီး၏ လည်ပင်း၊ နှာခေါင်းနှင့် ဂုတ်တို့ကို ပထမဆုံး စပြီးနှိပ်လေသည်။

အယ်ဒီဘညွှန့်မှာ ရတနာကုန်သည်ကြီး ဖြစ်သည့် အလျောက် သူ စိတ်ကြိုက်မွေးမြူထားသော ပြိုင်မြင်းများကိုလဲ စိန်လုံမိုး၊ ကျောက်စိမ်းမောင်၊ ပတ္တမြား၊ ငွေတိုးဟူ၍ တန်ဖိုးကြီး





ရတနာများ၏ အမည်တွေကိုသာ မှည့်ပေးထား၏။ ထိုပြိုင်မြင်းများ အားလုံးမှာလဲ အင်္ဂလန်မှ မျိုးကောင်းမျိုးသန့် ပြိုင်မြင်းမျိုးတွေ ဖြစ်သော သားရေးဘရက် မြင်းမျိုးတွေနှင့် စပ်ထားသဖြင့် အရောင်မှာ နီကြင့်ကြင့်ညိုတိုတိုနှင့် မျက်နှာပေါ်တွင် အဖြူကွက်များပါသည့် ပေမိုဒေါက်မို မြင်းကြီးများဖြစ်လေသည်။

ထိုစဉ်က လူကုန်ထံ မင်းမိုးရာဇာများပင် ပြိုင်မြင်းများကို အပြိုင်အဆိုင် မွေးမြူကြရာ အယ်ဒီဘညွှန့်တို့နေထိုင်ရာ တာမွေ တစ်ဝိုက်မှာလဲ မစ္စတာဂျွန်ဆင်၊ မစ္စတာဘရောင်း နှင့် မြန်မာလူမျိုး နာမည်ကြီး မြင်းပိုင်ရှင်များပိုင်သည့် အခြား မြင်းဇောင်းကြီးများ ရှိလေသည်။ ဘုရင်ခံကိုယ်တိုင်ကလဲ မြင်းပွဲများကို မကြာမကြာ ကျင်းပပေးလေရာ အယ်ဒီဘညွှန့်တို့လို မြင်းပိုင်ရှင်တွေအဖို့ မြင်းမွေးခြင်းမှာ အတော်လေးပင် ဂုဏ်သရေရှိသည့် လုပ်ငန်းတစ်ခု ဖြစ်နေလေသည်။ ထိုသို့ မြင်းပွဲများ ကျင်းပရာနေရာမှာလဲ ရန်ကုန်မြို့ ကျိုက္ကဆံမြင်းကွင်းကြီးတွင်ဖြစ်ပြီး ကွင်းထဲတွင် မြင်းကျင့်ရန် မြက်လမ်း၊ သဲလမ်း၊ ချော်လမ်းနှင့် ပွဲကြည့်စင်ကြီးတွေကိုပါ ဆောက်လုပ်ထားလေရာ အရှေ့တောင်အာရှတွင် အကြီးဆုံး မြင်းကွင်းကြီးတစ်ခု ဖြစ်လေသည်။

ထိုသို့ ကျယ်ဝန်းသော ကျိုက္ကဆံမြင်းပြိုင်ကွင်းကြီး အတွင်း မြင်းလောင်းမည့်သူတွေအတွက် ငါးကျပ်တန်း ပွဲကြည့်စင်နှင့် မန်ဘာစတင်းဟုခေါ်သော အသင်းဝင်တွေ၏ သီးသန့်နေရာ နှစ်ခုကြားတွင် ပတ်ဒေါက်ဟုခေါ်သော နေရာရှိလေသည်။ ထိုနေရာမှာ မြင်းမပြေးခင် ပြိုင်ပွဲဝင်မည့်မြင်းတွေအားလုံးကို လောင်းမည့်လူတွေ မြင်ရအောင် လှည့်ပတ်ရင်း အလုပြသော



www.burmeseclassic.com

www.burmeseclassic,com

နေရာဖြစ်လေသည်။

'ဟော့ . . . ဆိုက်ကုလားကိုပြူး . . . မြင်းမှာ အရေးကြီးဆုံးက ခြေတွေလက်တွေပဲကွ . . .၊ မင်းဟာက ခြေတွေလက်တွေကို အရင်မနှိပ်ဘဲ . . . ဘာကြောင့် နားတွေဇက်တွေကို နှိပ်နေရတာလဲ . . .'

မြင်းထရိန်နာ ဘီဘရာမှာ မတောက်တခေါက် တတ်ထားသော မြင်းအနှိပ်ပညာကလေးနှင့် ဆိုက်ကုလားကိုပြူးကို တစ်ချက်တစ်ချက် ဝင်၍ဆရာလုပ်ပြောဆိုလေပြန်သည်။ ဆိုက်ကုလားကိုပြူးကလဲ –

'မဟုတ်သေးဘူး ဘီဘရာရဲ့ . . .၊ မြင်းဆိုတာ ပထမဆုံး လည်ပင်းတို့၊ နာခေါင်းတို့၊ ဂုတ်တို့ကို အရင်စပြီး နှိပ်ရတယ်ဗျ . .၊ ပြီးမှ ဟောဒီ နားကြောဇက်ကြော၊ နဖူးကြောတွေကို နှိပ်ရတယ်။ ခြေတို့လက်တို့ဆိုတာ အားလုံးပြီးမှ နောက်ဆုံးနှိပ်ရတဲ့နေရာတွေ . . . ဒါမှ မြင်းက ငုတ်နေတဲ့ အပူတွေ အကြောအချဉ်တွေဟာ တဖြည်းဖြည်းချင်းပြေသွားပြီး တာထွက်ကောင်းမှာဗျ . . .'

မြင်းအနှိပ်သည် ဆိုက်ကုလားကိုပြူး၏ ခပ်ပင့်ပင့်ကလေး ပြောလိုက်သည့်စကားကြောင့် မြင်းထရိန်နာ ဘီဘရာမှာ သူ့စကားနှင့်သူ ခပ်ဆိတ်ဆိတ်ပင် နေလိုက်ရလေသည်။ အယ်ဒီဘာညွန့်ကတော့ ခေါင်းတငြိမ့်ငြိမ့်နှင့် အနှိပ်သည်ကိုပြူး၏ စကားများကို နားထောင်နေကာ စိန်လျှံမိုးဆိုသည့် မြင်းကြီး၏ဦးခေါင်းကိုသာ လက်ဖြင့် ခပ်ဖွဖွ ပွတ်သပ်နေလေသည်။

ခဏကြာမှ အယ်ဒီဘာညွန့်က –





'ဘယ့်နှယ်လဲ ကိုပြူးရဲ့ ကျုပ်ကောင်ကြီး စိန်လျှံမိုး ဒီနှစ် ဂါထနာကပ် ဘုရင်ခံဖလားလုပွဲကြီးမှာ အခုနာမည်ကြီးနေတဲ့ နက်ကျော်တို့ လေဒီဖြူတို့ လျှူဘီကိုးတို့ကို ယှဉ်နိုင်မယ်လို့ ထင်သသား . . .'

ရုတ်တရက်မေးလိုက်သော အယ်ဒီဘာညွန့်၏ စကားကြောင့် ဆိုက်ကုလားကိုပြူးမှာ စိန်လျှံမိုး၏ ရှေ့လက်နှင့်နောက်ခြေတို့ကို ဂျုံးခနဲ ဂွတ်ခနဲ ချိုးပေးလိုက်ပြီး –

'တကယ်တော့ မြင်းကောင်းတစ်စီး အနိုင်ရဖို့ ပန်းချိတ်ဖို့ ဆိုတာ မြင်းထရိန်နာနဲ့ ဂျော်ကီတို့အပေါ်လဲ မူတည်တာပဲ သူဌေးမင်းရဲ့ . . .၊ ကျုပ်အလုပ်က မြင်းအနှိပ်သည်အလုပ် ဆိုတော့ အတိအကျကြီးတော့ မပြောတတ်ပေါင်ဗျာ . . .'

ထိုအခါမှ မြင်းထရိန်နာ ဘီဘရာက ခေါင်းတခါခါ လည်တခါခါနှင့် ဝင်ပြောလေသည်။

'အာ . . . ဘရားဆပ် . . . ဒီအတွက်တော့ မပူပါနဲ့ . . .၊ ဘရားဆပ်ရဲ့ မြင်းလေးစီးလုံးက အမျိုးကောင်းတွေချည်းပါ . . .၊ နောက်ပြီး . . . ဒီနှစ် ဂါဗာနာကပ်မှာ အနိုင်ရဖို့ ဘီဘရာ့ တာဝန်ထားပါ . . .၊ အဲဒီအခါကျရင်သာ ဘီဘရာ့ကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုဖို့ မမေ့ပါနဲ့ ဘရားဆပ် . . . ဩော် . . . ဒါနဲ့ ပြောရဦးမယ် ဘောက်ထော်ဘက်မှာ မြင်းကောင်းတစ်စီး တွေ့ထားတယ် . . .၊ အဲဒီမြင်းနဲ့သာဆိုရင်တော့ ပြီးခဲ့တဲ့ ဘုရင်ခံဖလားမှာ အနိုင်ရသွားတဲ့ နက်ကျော်လောက်တော့ အသာကလေး ဖြတ်နိုင်မှာ သေချာပဲ . . .'

ဘီဘရာ၏စကားကြောင့် အယ်ဒီဘာညွန့်မှာ အနည်းငယ်



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝင်စားသလို ဖြစ်သွားပြီး –

'ဟင် . . . မင်းစကားက ဆိုလုချေလား ဘိဘရာရဲ့'

'ဆိုရမယ် ဘရားဆပ် . . . အဲဒီမြင်းဟာ အပြင်ပိုင်းက ကြည့်လိုက်ယုံနဲ့ မြင်းကောင်းတစ်စီးရဲ့ ကြန်အင်လက္ခဏာတွေ တွေ့ရလို့ပဲ . . .၊ ကုန်ကုန်ပြောရရင် ဇွေတောင် ရိုးရိုးဇွေနဲ့ မဟုတ်ဘူး . . . ဘရားဆပ်၊ မနုဿဟဇွေနဲ့ ဗျ . . .'

ဟု ဘိဘရာက ဆိုလိုက်လေရာ အယ်ဒီဘညွန့်မှာ အထူးအဆန်းဖြစ်သွားပြီး –

'အလို . . . မနုဿဟဇွေ . . . ဟုတ်လား . . .၊ ငါဖြင့် မင်းပြောတဲ့ မနုဿဟဇွေရှိတဲ့ မြင်းဆိုတာ မကြားဖူးပါဘူး ဘိဘရာ . . . ရာ . . .'

ဘိဘရာ၏စကားကြောင့် ဆိုက်ကုလားကိုပြူးနှင့်အတူ မြင်းစာခွက်တွေကို ဆေးကြောနေသည့် မောင်ဘစိတို့မှာ ပြိုင်တူ ဆိုသလို ခေါင်းထောင်ပြီး ကြည့်လိုက်ကြသည်။ ထို့နောက် ဘိဘရာက –

'အဲဒီမြင်းကတော့ ဘိဘရာတွေ့ဖူးတဲ့ မြင်းတွေထဲမှာ ထူးခြားတယ်လို့ ပြောရမှာပဲ ဘရားဆပ် . . .၊ ပေါင်သား၊ တင်ပါးပိုင်းကြီးတယ် . . .၊ ရင်အုပ်ရင်ဝကြီးတယ်၊ မျက်လုံးတို့ ခေါင်းတို့လဲကြီးတော့ ကြီးသုံးကြီးဆိုတဲ့ မြင်းကောင်းတစ်စီးရဲ့ လက္ခဏာနဲ့ ကိုက်နေတယ်။ နောက်ပြီး ငယ်သုံးငယ်ဆိုတဲ့ နားငယ်တာရယ်၊ လည်ပင်းအရင်းကြီးပြီး အဖျားငယ်နေတာရယ် ဒါတွေဟာ အပြင်ပန်းကကြည့်ရုံနဲ့တင် သိနိုင်တယ်လေ . . .'

'အေးလေ . . . ဒါတွေအားလုံးကတော့ မြင်းသာမားတွေ





တော်တော်များများ သိပြီးဖြစ်ကြတဲ့ လက္ခဏာတွေပါပဲ . . . ဒါထက်နေပါဦး ဘိဘရာရဲ့ . . . မင်း မြင်လာတဲ့မြင်းက အာပေါင်အာရင်းကောနက်မနက် ကြည့်ခဲ့ရသေးလားကွဲ . . .'

အယ်ဒီဘညွန့်မှာ ရတနာကုန်သည်ကြီးတစ်ယောက်ဟု ဆိုသော်လည်း မြင်းရွေးပုံ၊ မြင်းမွေးပုံမှအစ မြင်းအစာကျွေးပုံ၊ ဆေးကုပုံတို့ကိုပါ အထိုက်အလျောက် နားလည်သူဖြစ်လေရာ ဘိဘရာပြောပြနေသည့် မြင်းအကြောင်းကို စိတ်ဝင်တစားနှင့် မေးမြန်းနေလေ၏။

'ဟာ . . . အာပေါင်အာရင်း နက်ယုံဘယ်ကမလဲ၊ ဘရားဆပ် . . . မျက်စိနှစ်ဖက်နောက်က ဂုတ်တွင်းလည်းနက်တယ်။ ခွာအောက်က ဘိလားလဲနက်တယ်၊ ကုန်ကုန်ပြောရရင် အဲဒီမြင်းရဲ့ အထူးခြားဆုံးအချက်ကတော့ နက်မှောင်နေတဲ့ ကိုယ်လုံးနဲ့ မျက်လုံးတွေပဲ . . .'

ဘိဘရာကတော့ သူမြင်ခဲ့သည့် ဘော်ထော်ဘက်မှ မြင်းအကြောင်းကို တစ်ခုပြီးတစ်ခု အမွှန်းတင်နေလေတော့သည်။ အယ်ဒီဘညွန့် မှာလဲ မြင်းဝါသနာပါသူပီပီ မြင်းကောင်းဟု ဆိုသည်နှင့် လက်လွှတ်အဆုံးအရှုံးမခံနိုင်ဘဲရှိလေရာ –

'အေးကွယ် . . . ဒါဆိုလဲ မနက်ဖြန်နံနက်မှာ တို့နှစ်ယောက် အဲဒီမြင်းကို သွားကြည့်ကြတာပေါ့ . . .'

ဟု အလောတကြီးပင် ပြန်ပြောလိုက်ပြီး အိမ်မကြီးဆီသို့ ပြန်လှည့်ထွက်သွားလေသည်။

အယ်ဒီဘညွန့် လှည့်ထွက်သွားပြီးနောက်တွင် မြင်းဇောင်း ကြီးအတွင်း မြင်းထရိန်နာ ဘိဘရာ မြင်းအနိုပ်သည် ကိုပြူးနှင့်



www.burmeseclassic.com

www.burmeseclassic.com

မြင်းများ၏ ဝေယျာဝစ္စတွေကို လုပ်ကိုင်ပေးနေသော မောင်ဘစီတို့ သုံးဦးသာ ကျန်ခဲ့ကြလေသည်။ ထိုအခါမှ မြင်းအနိုပ်သည် ကိုပြူးက –

'ဒီမှာ ဘီဘရာ . . .၊ လူဆိုတာ ကိုယ့်အပေါ်ကျွေးမွေး ပေးကမ်းနေတဲ့ ကျေးဇူးရှင်တစ်ယောက်အပေါ်ကိုတော့ အခုလို မွေဆိုးနဲ့ မြင်းတစ်ကောင်ကို လိမ်ညာပြီး မရောင်းသင့်ဘူးလို့ ငါထင်တယ် . . .'

ခိုက်ကုလား ကိုပြူးမှာ အရပ်တကာ နယ်တကာလှည့်ပြီး မြင်းအနိုပ်သည်အလုပ်ကို လုပ်နေသူပီပီ ဘီဘရာ အမွှန်းတင် နေသည့် ဘောက်ထော်ဘက်မှ မနုဿဒီဟာမွေနှင့် မြင်းနက်ကြီး အကြောင်းကို သိထားပြီးဖြစ်လေရာ . . . စိတ်မထိန်းနိုင်တော့ဘဲ ကန့်ကွက်ပြော ဆိုလိုက်လေ၏။ ထိုအခါမှ မြင်းထရိန်နာဘီဘရာမှာ မျက်မှောင်နှစ်ခုကို ကျုံ့လိုက်ပြီး –

'ကိုယ်နဲ့မဆိုင်ရင် ဝင်မပြောနဲ့ . . . ငပြူး၊ ဒါဟာ ငါ့အလုပ် . . .၊ မင်းအနေနဲ့ . . . ဒီအိမ်မှာ မြင်းအနိုပ်သည်လေး လုပ်နေရတဲ့အလုပ် မပြုတ်ချင်ရင် စကားကို ဆင်ခြင်ပြီးပြောပါ . . . ဒါပဲ . . .'

ဘီဘရာ၏ ခပ်ရင့်ရင့်စကားကြောင့် မြင်းအနိုပ်သည် ကိုပြူးမှာ တောက်တစ်ချက်ကို ခပ်တိုးတိုး ခေါက်လိုက်ရင်း မြင်းဇောင်း၏အစွန်မှ ငွေတိုးဟူသောမြင်းကြီးကို ဆက်ပြီးနှိပ်နယ် ပေးနေတော့သည်။

■



## အခန်း [၃]

နောက်တစ်နေ့နံနက်တွင် အယ်ဒီဘညွှန့်နှင့် မြင်းထရိန်နာ ဘီဘရာတို့သည် တာမွေအိမ်ကြီးမှနေ၍ မဝေးလှသော ဘောက်ထော်ဘက်ဆီသို့ မြင်းကြည့်ရန်ထွက်လာခဲ့ကြလေသည်။

အယ်ဒီဘညွှန့်မှာ မီးခိုးရောင်သက္ကလပ် ဘောင်းဘီနှင့် ရှပ်အင်္ကျီအဖြူကို ကျကျနန ဝတ်ထားပြီးလျှင် အပေါ်မှ ဘလေဇာကုတ် မီးခိုးရောင်ကိုဝတ်ထားကာ ဖိနပ်ကိုလည်း ဖိတ်ဖိတ်တောက်အောင်တိုက်ထားလေရာ မြင်ရုံနှင့်ပင် မြင်းပိုင်ရှင် သူဌေးတစ်ယောက်ဖြစ်မှန်း သိသာနေလေတော့၏။

မြင်းထရိန်နာဘီဘရာကတော့ ဂျာစီအင်္ကျီအဖြူပွပွကြီးကို ဝတ်ထားကာ ပုဆိုးအကွက်တုံးကြီးကို ဝတ်ဆင်ထားပြီး ခေါင်းတွင် လဲ ပိတ်ဖြူခေါင်းပေါင်းကြီး ပေါင်းထားသဖြင့် ကုလားလူမျိုး



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်မှန်း သိသာနေလေသည်။

သူတို့နှစ်ယောက်လျှောက်လာရာ လမ်းတစ်လျှောက်လုံးမှာလဲ ရထားမောင်းသူ၊ လန်ချားဆွဲသူများ ဈေးရောင်းဈေးဝယ်တွေနှင့် စည်ကားလျက်ရှိနေသည်။ လမ်းဘေးဝဲယာမှ ပိန္နဲပင်ကြီးများ၊ ကုက္ကိုပင်ကြီးများမှာလဲ နေရောင်နေပျောက်များပင်ကျရောက်ခြင်းမရှိလေရာ. တဖြည်းဖြည်းနှင့် အေးချမ်းဆိတ်ငြိမ်သည့် ဘောက်ထော်ဆီသို့ ရောက်မှန်းမသိ ရောက်လာခဲ့ကြသည်။

အယ်ဒီဘည္ဆန့်နှင့် ဘီဘရာတို့နှစ်ယောက်မှာ ဂဝံမြေနီများခင်းထားသော လမ်းကျယ်တစ်ခုအတွင်းသို့ ချိုးကွေ့ဝင်လိုက်သည်နှင့် လမ်းတစ်လမ်းလုံးမှာ မြင်းခွာရာအမြောက်အမြားနှင့်မြင်းချေးများကို ဟိုတစ်စု သည်တစ်စု တွေ့လိုက်ရသည်။

'ဟီ . . . ဟီ . . . ဟီ . . .'

ရေနံချေးများ ဝနေအောင်သုတ်ထားသော သစ်သားခြံစည်းရိုးမြင့်မြင့်ကြီးရှိရာ ခြံရှေ့သို့ရောက်သောအခါ မြည်းဟီသံတစ်ချက်ကို ကြားလိုက်ရလေသည်။

'ရောက်ပါပြီ ဘရားဆပ် . . .၊ ဒီခြံကြီးပါပဲ . . .'

အယ်ဒီဘည္ဆန့်မှာ ဘီဘရာညွှန်ပြသော ခြံရှေ့သို့ရောက်သည်နှင့် အိမ်ကြီးကို အကဲခတ်သလိုနှင့် လှမ်းကြည့်လိုက်လေသည်။ ထိုအိမ်ကြီးမှာ ခြေတံရှည်ရှည်နှင့် မဒရပ်အိမ်အိုကြီးဖြစ်ပြီး ခြံဝန်းကြီးတစ်ခုလုံးမှာ လွန်စွာမှကျယ်ဝန်းလေသည်။ ထိုခြံဝန်းကြီး၏ ထောင့်ဖက်တွင်တော့ အုတ်ကျွတ်များမိုးထားပြီး သစ်သားဒေါက်ခုံများနှင့် သေသပ်ကျနစွာ ဆောက်ထားသော





မြင်းဇောင်းကြီးတစ်ခုကို တွေ့ရလေသည်။ ထိုမြင်းဇောင်းကြီးထဲတွင်တော့ အရွယ်စုံ၊ ဆိုက်စုံ မြင်းလေးငါးခြောက်ကောင်ကို တွေ့လိုက်ရသည်။

ဘီဘရာမှာလဲ ထိုခြံဝန်းကြီးထဲသို့ ရောက်သည်နှင့် မြင်းပိုင်ရှင်ဖြစ်သူကို မဒရပ်အိမ်အိုကြီးဆီသို့သွားပြီး ခေါ်လေသည်။

အယ်ဒီဘည္ဆန့်မှာ သူမြင်နေရသည့် မြင်းဇောင်းကြီးထဲတွင် ဘီဘရာပြောပြသည့် အနက်ရောင်မြင်းကို မတွေ့ရသဖြင့် အနည်းငယ် ကြောင်အမ်းအမ်းနှင့် ဖြစ်နေလေ၏။

ထိုအချိန်မှာပင် အယ်ဒီဘည္ဆန့်၏ နောက်ကျောဆီမှ မြင်းပိုင်ရှင်ဖြစ်ဟန်တူသူ အညာသားကြီး တစ်ယောက်နှင့် ဘီဘရာတို့ရောက်လာကြကာ ထိုအညာသားကြီးက –

'အဲဒီမြင်းတွေကတော့ အင်းစိန်ဖက်က ဆရာဝန်ကြီး မစ္စတာဂျိုးရဲ့ မြင်းတွေပဲ . . . ကျုပ်က အစာကျွေးထိန်းကျောင်းပေါ့လေ . . .၊ ဝယ်သူရှိရင်လဲရောင်းပေးဖို့ ဆရာဝန်ကြီးက တစ်ခါတည်းမှာထားတာ . . .၊ အဲ . . . ဒီက ဆရာကြီးတို့ကြည့်မယ်ဆိုတဲ့ မြင်းကတော့ . . . အိမ်ကြီးရဲ့အနောက်ဖက်မှာ သပ်သပ်မြင်းဇောင်းတစ်ခုနဲ့ ထားထားတယ် . . .'

ထိုအခါမှ အညာသားကြီးမှာ မြင်းပိုင်ရှင်များကတစ်ဆင့် မြင်းများကို ရောင်းချပေးနေရသူတစ်ယောက်ဖြစ်မှန်း အယ်ဒီဘည္ဆန့် သိလိုက်ရလေသည်။ ထို့နောက် . . အယ်ဒီဘည္ဆန့်က အညာသားကြီးနှင့် ဘီဘရာတို့ခေါ်ဆောင်ရာ အိမ်အနောက်ဖက်မှ မြင်းဇောင်းရှိရာသို့ လိုက်ပါလာခဲ့လေသည်။

ထိုမဒရမ်အိမ်အိုကြီး၏ အနောက်ဖက်သို့ ရောက်သော



www.burmeseclassic.com

www.burmeseclassic.com

အခါ ဆယ်ပေပတ်လည်ခန့်ရှိသော မြင်းဖောင်းတစ်ခုကို တွေ့ရလေသည်။ ထိုမြင်းဖောင်းပတ်ပတ်လည်ကို ရင်စို့သာသာမြင့်သည့် သစ်သားပျဉ်ချပ်များနှင့် စေ့နေအောင်ပိတ်ကာထားပြီး မြင်းဖောင်း၏ မျက်နှာစာတွင် မြင်းတစ်ကောင် ဝင်နိုင်ထွက်နိုင်ရုံ တံခါးပေါက်တစ်ခု တပ်ဆင်ထား၏။

'ဟီး... ဟီး... ဟီး...'

'ဝုန်း... ဖြောင်း...'

အယ်ဒီဘည္ဍန့်တို့ သုံးယောက်သားမှာ ထိုမြင်းဖောင်းအနီးသို့ရောက်သောအခါ လဲလျောင်းနေရာမှ ရုတ်တရက် ဝုန်းကနဲ လေးဘက်ထောက်ရပ်လိုက်သော မဲနက်မှောင်နေသည့် မြင်းကြီးကိုတွေ့လိုက်ရသည်။

အယ်ဒီဘည္ဍန့်မှာ မြင်းဖောင်းအနီးသို့ ရောက်သောအခါမှ ယခုကဲ့သို့ ဘွားကနဲတွေ့လိုက်ရသည့် မြင်းနက်ကြီးကြောင့် အထိတ်တလန့်ဖြစ်သွားကာ ကိုယ်ကို အနောက်သို့ ဆုတ်မိရက်သားပင် ဖြစ်သွားလေသည်။ ထို့နောက် အညာသားကြီးက စုတ်တသပ်သပ်နှင့် မြင်းနက်ကြီး၏ ဦးခေါင်းကိုချော့ကာ ပွပ်သပ်ပေးလိုက်လေ၏။

'ဟာ . . . နည်းတဲ့ကောင်ကြီးမဟုတ်ဘူး . . . ကြည့်စမ်းပါဦးဗျာ... အရောင်ကလည်း နက်ပြီးစိုနေတာပဲ'

အယ်ဒီဘည္ဍန့်မှာ မြင်းနက်ကြီးကိုကြည့်ကာ ချက်ချင်းပင် သဘောကျသလိုရှိသွားသည်။ ထိုစဉ်မှာပင် အညာသားကြီးက မြင်းဖောင်းတံခါးကို ဆွဲဖွင့်ကာ မြင်းနက်ကြီးကို အပြင်သို့ ထုတ်ပြလေသည်။





မြင်းနက်ကြီးမှာ ခြောက်ပေခန့် ဒေါက်မြင့်လေရာ အတော်အတန်မြင့်သောမြင်းဖြစ်ပြီး၊ တစ်ကိုယ်လုံး နက်မှောင်နေသော အမွေးအမျှင်တို့ကြောင့် အရောင်အသွေးမှာ ရွှန်းစိုလျက်ရှိနေသည်။ ထို့နောက် အယ်ဒီဘည္ဍန့်က မြင်း၏ဦးခေါင်းပိုင်းကို ကြည့်လိုက်ရာ –

'ဟင်...'

မြင်းနက်ကြီး၏မျက်လုံးမှာ လူတစ်ယောက်၏ မျက်လုံးများကဲ့သို့ တစ်စုံတစ်ရာကို နားလည်ပြီး သိနေသယောင် ဖြစ်နေလေသည်။ ထိုမျက်လုံးများက အယ်ဒီဘည္ဍန့်ကိုတစ်လှည့် အညာသားကြီးနှင့် ဘီဘရာတို့ကိုလဲ တစ်လှည့်စီ စိုက်ပြီးကြည့်နေ၏။ တစ်ခါတစ်ခါ ဘီဘရာဘက်သို့ စိုက်ကြည့်နေသည့် မျက်လုံးမှာ မျက်မှောင်ကျုံ့ပြီး စိုက်ကြည့်နေသည့် လူတစ်ယောက်လိုပင် ဖြစ်နေလေသည်။

'ဘုရားဆပ် သဘောကျပါရဲ့လား...'

ဘီဘရာ၏ အမေးစကားကြောင့် အယ်ဒီဘည္ဍန့်မှာ မြင်းနက်ကြီးကို စိုက်ကြည့်နေရာမှ အညာသားကြီးဘက်သို့ လှည့်ကာ –

'ဟောဒီမြင်းဟာ ပြိုင်မြင်းအမျိုးတော့ မဟုတ်ပေဘူးဗျ'

'ဟုတ် . . . ဟုတ်ပါတယ် ဆရာကြီး . . . ကျုပ်လဲ အစကတည်းက ဟောဒီက မောင်ရင့်ကို ပြောပြပါတယ် . . နောင်ကြီးတို့က ပြိုင်မြင်းတွေပဲ မွေးတာဆိုတော့ အခုလို ရွှေဘိုမြင်းနဲ့ မဒရပ်မြင်းစပ်တွေဆိုရင် ကြိုက်ပါ့မလားလို့လေ...'

အယ်ဒီဘည္ဍန့်မှာ မျက်တောင်မခတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com

စိုက်ကြည့်နေသည့် မြင်းနက်ကြီး၏ နှဖူးနှင့် နှာတံတို့ကို လက်ဖြင့် ဖြည်းဖြည်းချင်းပွတ်သပ်ရင်း ခွာနှင့်ခြေဆံလက်ဆံတို့ကို ငုံ့ကြည့်နေမိသည်။ ထိုအချိန်မှာပင်... အယ်ဒီဘညွန့် ပွတ်သပ်ပေးနေသည့်လက်တွင်ဝတ်ဆင်ထားသည့် အရောင်တဖိတ်ဖိတ်တောက်နေသော နဝရတ်ကိုးသွယ်လက်စွပ်ကြီးမှာ ချက်ချင်းဆိုသလို မွဲခြောက်ခြောက်အရောင်သို့ ပြောင်းသွားလေသည်။ ဒါကိုတော့ အယ်ဒီဘညွန့်ကိုယ်တိုင်ပင် သတိမထားမိသည့်အပြင် မြင်းထရိန်နာဘီဘရာနှင့် အညာသားကြီးတို့မှာလဲ ထိုမြင်းနက်ကြီး အရောင်းထွက်သွားဖို့သာ တီးတိုးတိုင်ပင်ပြောဆိုနေကြလေသည်။

အယ်ဒီဘညွန့်က

'ကျုပ်ကတော့ ဒီမြင်းရဲ့ အချိုးအဆစ်နဲ့ အပေါက်ကိုတော့ ကြိုက်နေပြီဗျို့...၊ ပြီးတော့ အဖိုးနှုန်းချိုချိုသာသာနဲ့ ရမယ်ဆိုတော့လည်း ပြောစရာမရှိပေဘူးပေါ့ဗျာ... ဒါပေမဲ့ မြင်းက မဒရပ်နဲ့ ရွှေဘိုစပ်ထားတာဆိုတော့...'

ဟု ဆိုလိုက်လေရာ အညာသားကြီးက ကောက်ကာငင်ကာဖြင့် ဝင်ပြောလေသည်။

'ဟို... ဒီလိုရှိပါတယ် ဆရာကြီး... ဒီရွှေဘိုမြင်းနဲ့ မဒရပ်မြင်းမျိုးတွေကို ရှေးမြန်မာဘုရင်တွေလက်ထက်ကတည်းက နန်းတော်ထဲမှာ နန်းတော်သုံးမြင်းတွေအဖြစ်နဲ့ သုံးခဲ့ကြတာပါ၊ ပြီးတော့ မြင်းထိန်းတွေကိုလဲ ကသည်းလူမျိုးတွေကိုမှ ရွေးပြီးခန့်ထားလေ့ရှိတယ်လေ...'

ထိုအချိန်မှာပင် ဘီဘရာက အညာသားကြီးကို မျက်ရိပ်မျက်ခြည်ပြပြီး စကားလမ်းကြောင်းဖြတ်ဖို့ ကြိုးစားလေ၏။ အယ်ဒီ





ဘညွန့်ကတော့ မြင်းနက်ကြီးကို ကျောသပ်လိုက် ရင်သပ်လိုက်နှင့် မျက်စေ့ပင်မခွာနိုင်အောင် ဖြစ်နေကာ –

'ကျုပ်ကတော့ ဒီမြင်းကြီးနဲ့ ရေစက်ပါလို့လားတော့ မသိဘူးဗျို့... မြင်ကတည်းက ကြိုက်နေမိပြီ...၊ပြီးတော့ ပြိုင်မြင်းမဟုတ်ပေမယ့် အသေအချာအချိန်ပေးပြီး လေ့ကျင့်ပေးလိုက်ရင် ပြိုင်မြင်းတွေလိုဖြစ်လာမယ်လို့ ဘယ်သူမှ မပြောနိုင်ဘူးမဟုတ်လား...၊ ကဲ...ဈေးကိုလဲ ဆိုစမ်းပါဦး...'

ထိုစဉ် –

'အ... အမလေး... သေပါပြီ...'

'ဟိတ်... ဟိတ်...'

'ဖျောင်း... ဖျောင်း... ဖျောင်း...'

ရုတ်တရက် မြင်းနက်ကြီးမှာ ကျောခိုင်းထားသော ဘီဘရာ၏ လည်ကုတ်ဆီသို့ ပါးစပ်နှင့်လှမ်းပြီး ဟတ်လိုက်လေသည်။ အညာသားကြီးမှာလည်း လျှပ်တပြက်အတွင်း ဘာလုပ်လို့ လုပ်ရမှန်းမသိဘဲဖြစ်သွားလေရာ... မြင်းနက်ကြီးကို အော်ဟစ်မာန်မဲလိုက်ပြီး ပါးစောင်ကို နှစ်ချက်သုံးချက်ဆင့်ကာ ရိုက်ချလိုက်ရလေသည်။

'အလိုလေး... ကံကြီးပေလို့ပေါ့မောင်ရာ...၊ နို့မို့ဆို အသားအတစ်လိုက်ပါသွားတော့မှာ...၊ ဒီကောင်ကြီးဟာ တစ်ချက်တစ်ချက် ဒီလိုပဲဗျ...၊ မထင်ရင်မထင်သလို လုပ်တတ်တယ်...'

ပြောပြောဆိုဆို အညာသားကြီးက မြင်းနက်ကြီးကို လက်ဝါးဖြင့်ထပ်ကာရိုက်ရန် လက်မြှောက်ပြီး ချိန်ရွယ်နေပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

ဘီဘရာမှာလဲ . . . ဂုတ်အနားပိုင်း ပြဲပါသွားသော သူ၏ ဂျာစီ အင်္ကျီကိုလက်ဖြင့်စမ်းကာ အယ်ဒီဘညွန့်၏ရှေ့တွင်မျက်စေ့မျက်နှာ ပျက်သွားရလေသည်။

အယ်ဒီဘညွန့်ကတော့ လျှပ်တစ်ပြက်အတွင်းမှာ သူ မျက်ဝါးထင်ထင် တွေ့လိုက်ရသည့် အဖြစ်အပျက်ကြောင့် အံ့သြ ဘနန်းဖြစ်သွားကာ –

'အလို . . . ဒီမြင်းကြီးက ထူးဆန်းလှချေလား . . . ကျားတွေ . . . ခြင်္သေ့တွေလို လည်ဂုတ်ကိုမှရွေးပြီး ကိုက်တတ် ခဲတတ်တာပါလား . . .'

ဘီဘရာမှာလဲ အယ်ဒီဘညွန့်၏စကားကြောင့် ပျက်သွား သော သူ့အမူအရာတွေကို ချက်ချင်းပင် ပြန်ပြင်ကာ –

'ဟုတ် . . . ဟုတ်တယ် ဘရားဆပ် . . . မြင်းကောင်း မှန်ရင်တော့ အကျင့်ဆိုးလေးတစ်ခု ပါစမြဲပဲလေ . . .'

ဟု ဖာဖာထေးထေးနှင့် ပြန်ပြီးပြောလိုက်ရလေသည်။ အယ်ဒီဘညွန့်မှာလဲ ခေါင်းတဆတ်ဆတ်ငြိမ့်ကာ မြင်းနက်ကြီးကို စိုက်ကြည့်နေရာမှ –

'အေး ဟုတ်တယ် ဘီဘရာ . . . ၊ မြင်းကောင်းမှန်ရင် ညဉ်ဆိုးလေးတော့ ပါတတ်စမြဲပဲ . . .'

ထိုနေ့က အယ်ဒီဘညွန့်မှာ မနသသီဟဗွေနှင့် မြင်းနက်ကြီး ကို အညာသားကြီးဆိုသည့် ဈေးအတိုင်း အဖိုးနှုန်းမဆစ်တော့ဘဲ ဝယ်ယူလိုက်လေသည်။ မြင်းထရိန်နာ ဘီဘရာမှာလဲမြင်းအရောင်း အဝယ်ဖြစ်သွားသည်နှင့် အညာသားကြီးထံမှ ငွေကြေးအနည်းငယ် ရသည့်အပြင် အယ်ဒီဘညွန့်ထံမှလဲ မုန့်ဖိုးပဲဖိုးအဖြစ် ငွေကြေး





အမြောက်အမြား ရရှိသွားလေသည်။

ထို့နေ့က –

ရတနာကုန်သည်ကြီး အယ်ဒီဘညွန့်တို့အိမ်ကြီး၏အပေါ် ထပ်ညှော်ခန်းဆောင်ကြီးတွင်တော့ ကြမ်းတိုက်၊ တံမြက်စည်းလှဲ၊ အဝတ်လျှော်အလုပ်တွေကို ဖယ်ဆတ်သလို လုပ်နေရသော မစိန်သုံမှာ ညှော်ခန်းနံရံကြီးပေါ်တွင် ချိတ်ဆွဲထားသည့် ပြိုင်မြင်း များ၏ ဓာတ်ပုံကြီးများကို ကြက်မွေးတံမြက်စည်းတစ်ချောင်းဖြင့် ဖုန်သုတ်နေရပြန်လေသည်။ ထိုဓာတ်ပုံကြီးများမှာ စိန်လျှံမိုး၊ ကျောက်စိမ်းမောင်၊ ပတ္တမြားနှင့် ငွေမိုးဆိုသော ပြိုင်မြင်းများ၏ ဓာတ်ပုံများဖြစ်လေရာ မြင်းဝါသနာပါရုံမျှမက မြင်းများ၏ဓာတ်ပုံ တွေကိုပါ တယုတယချိတ်ဆွဲထားသည့် အယ်ဒီဘညွန့်အပေါ် တအံ့တသြနှင့်ဖြစ်ရလေသည်။

'ဟဲ့ . . . စိန်သုံရေ . . . စိန်သုံ . . . ၊ ဟိုမှာ နင့်ဘကြီး မြင်းတစ်ကောင်ဝယ်ပြီးပြန်လာတယ်ကွယ်၊ သွား . သွား . . . လိုတာရှိတာတွေ သွားလုပ်ပေးလိုက်ဦး'

'ဟုတ် . . ဟုတ်ကဲ့ပါ . . ဖွားဖွားကြီး . . .'

မစိန်သုံမှာ အောက်ထပ်သို့ လှေကားအတိုင်း ခပ်သုတ်သုတ်လေး ပြေးဆင်းသွားလေရာ အိမ်ကြီး၏ ဆင်ဝင်အောက်သို့ ရောက်သောအခါ အယ်ဒီဘညွန့်နှင့်အတူ ပြီးခဲ့သည့်ရက်က ဖျတ်ကနဲမြင်လိုက်ရသော နှုတ်ခမ်းမွေးကုတ်ကုတ်နှင့် ကုလားတို့ မှာ မြင်းအနက်ကြီးတစ်ကောင်ကို ခြံဝင်းအတွင်းသို့ ဆွဲလာကြ သည်ကိုတွေ့လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

မစိန်သုံ ထိုအနားသို့ရောက်သောအခါ မြင်းနက်ကြီးက လူတစ်ယောက်လို စူးရှတောက်ပသော မျက်လုံးအစုံနှင့် မမှိတ်မသုန် ပြန်ပြီးစိုက်ကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

'ဟင်...'

မစိန်သုံ၏ရင်တစ်ခုလုံးမှာ ထိုမြင်းကြီး၏အကြည့်ကြောင့် လှပ်ကနဲပင်ဖြစ်သွားမိသည်။ သူမ၏ဘဝတွင်လဲ တစ်ကြိမ်တစ်ခါမှ မမြင်ဘူးခဲ့သော မြင်းတစ်ကောင်၏ ထူးထူးခြားခြား မျက်လုံးတွေကြောင့် စိတ်က ဇဝေဇဝါနှင့်ပင်ဖြစ်သွားရသည်။

'ဘုရား... ဘုရား... ဒီမြင်းနက်ကြီးရဲ့မျက်လုံးတွေက လူတစ်ယောက်လိုပါပဲလား... ကြည့်စမ်းပါဦး ငါ့ကိုလိုက်ကြည့်နေပုံက မျက်နှာသိလူတစ်ယောက်ကို လိုက်ပြီးကြည့်နေသလိုပဲ'

မြင်းနက်ကြီးမှာ မျက်တောင်ပင် တစ်ချက်ကလေးမခတ်ဘဲ မစိန်သုံကို စိုက်ကြည့်နေရုံမက နှာခေါင်းနှင့်ပါးစပ်တို့ကလဲ တစ်စုံတစ်ရာကို စကားလှမ်းပြောတော့မလိုနှင့် ဟစိ...ဟစိပင်ဖြစ်နေလေ၏။

ထိုစဉ်မှာပင် အယ်ဒီဘာညွန့်က –

'ဟဲ့... စိန်သုံ... ဘာတွေငေးငိုင်နေတာလဲ... မြင်းဇောင်းထဲက မောင်ဘစီကို သွားခေါ်စမ်း...'

'ဟုတ်... ဟုတ်ကဲ့ပါ ဘဘကြီး...'

မစိန်သုံမှာ ထိုမြင်းကြီးအနီးမှနေ၍ ခပ်သုတ်သုတ်ပင် ပြေးထွက်သွားပြီး မောင်ဘစီကိုသွားခေါ်လေသည်။ မကြာမီ မောင်ဘစီရောက်လာသောအခါ အယ်ဒီဘာညွန့်က မြင်းထားရန် မြင်းဇောင်းတစ်ခုကို အားချင်းပင်ပြုလုပ်နိုင်းလေသည်။





'ကဲ... မောင်ဘစီ ... မင်းနဲ့ ဟောဒီကာဘိဘရာတို့နှစ်ယောက် ဟောဟိုအိမ်နဲ့ကပ်လျက်က အဖီချထားတဲ့အဆောင်ဘေးမှာ ဒီမြင်းထားဖို့အတွက် နေရာလုပ်ပေတော့...'

အယ်ဒီဘာညွန့် လက်ညှိုးထိုးပြလိုက်သောနေရာမှာ မနေ့ကလေးတင် မစိန်သုံးနေဖို့ နေရာချထားပေးသော တစ်ဖက်ရပ်အဖီကလေး၏ဘေးတွင်ဖြစ်ပြီး ထိုအဖီလေးမှာ ပျဉ်ထောင်များကာရံထားကာ ပြူတင်းပေါက်ခပ်သေးသေးတစ်ပေါက် ရှိနေလေသည်။ ယခုတော့ မစိန်သုံနေထိုင်ရာ ဒီနေရာနှင့် ကပ်လျက်တွင်တော့ မြင်းနက်ကြီးထားရန် ယာယီမြင်းဇောင်းတစ်ခုကို အယ်ဒီဘာညွန့်က ဆောက်နိုင်းနေလေပြီ...။

'ဟင်... ငါနေတဲ့အခန်းနဲ့ ကပ်လျက်မှာ... ဒီမြင်းကြီးကို ထားမယ်ဆိုပါလား...'

မစိန်သုံမှာ မြင်းကြီးကိုစမြင်ကတည်းက ကြောက်လန့်နေရသည့်အထဲ... သူမ နေထိုင်ရာအခန်းနှင့် ပျဉ်ထောင်တစ်ချပ်သာခြားသည့်နေရာတွင် ထိုမြင်းကြီးကို ထားမည်ဆိုသောအခါ မစိန်သုံအဖို့ ဘာတစ်ခုမှမပြောသာဘဲမပြောရဲဘဲရှိလေရာ... စိတ်သောကတွေ အကြီးအကျယ်ပင် ရောက်ရလေသည်။

'ကဲ... ဒီနေ့ကစပြီး ဟောဒီမြင်းနက်ကြီးကို မဟူရာလို့ နာမည်ပေးလိုက်မယ်ဟေ့... နောက်ပြီး ဒီကောင်ကြီးတို့အိမ်ကို ရောက်လာတဲ့အထိမ်းအမှတ်နဲ့ ဒီညမှာ မင်းတို့တွေအားလုံးကို ပါတီပွဲလေးတစ်ခုကျင်းပပေးမယ်... ဘယ့်နှယ်လဲ'

အယ်ဒီဘာညွန့်၏ စကားဆုံးသည်နှင့် အားလုံးကသဘောကျဝမ်းသာသွားကြသည့်အပြင်... မြင်းနက်ကြီး မဟူရာမှာ



www.burmeseclassic.com

www.burmeseclassic.com

ပေစောင်းစောင်းနှင့် လူတွေကိုလိုက်ပြီးကြည့်နေရာမှ ရှေ့သွားကြီးများကိုဖြဲကာ ရုတ်တရက်ထပြီး ဟီလိုက်လေသည်။

'ဟီး... ဟီး... ဟီး... ဟီး...'

မြင်းနက်ကြီးမဟူရာက ရှေ့သွားဝါကြင်ကြင်ကြီးများကိုဖြဲကာဟီနေပုံမှာ မစိန်သုံး၏ မျက်လုံးထဲတွင် မျက်လုံးမျက်ဖန်တောက်တောက်နှင့် လူတစ်ယောက် အူလှိုက်သဲလှိုက် ရယ်မောနေသလိုပင် မြင်နေမိလေသည်။

ထို့နောက် အယ်ဒီဘညွန့်က –

'ဩော်... မောင်ဘစီရေ... မနက်ဖြန်နံနက်စောစောမှာ ကင်မရာဆရာလည်း သွားခေါ်ခဲ့ပါကွယ်... မဟူရာရဲ့ဓာတ်ပုံကို စိန်လျှံမိုးတို့၊ ကျောက်စိမ်းမောင်တို့လို ပုံကြီးချဲ့ပြီး အပေါ်ထပ်ဧည့်ခန်းမှာချိတ်ရအောင်လို့...'

အယ်ဒီဘညွန့်မှာ မောင်ဘစီကို လိုအပ်သည့်ကိစ္စမှန်သမျှကို မှာကြားပြီးနောက် အိမ်ကြီးအတွင်းသို့ ဝင်ခဲ့လေသည်။ အိမ်ကြီးအတွင်းသို့ ရောက်သည်နှင့် အယ်ဒီဘညွန့်ကတော်ဒေါ်တစ်ဆုပ်က –

'တော့မှာ တစ်နေ့တစ်နေ့ ဒီမြင်းတွေနဲ့ပဲ အချိန်ကုန်နေတော့တာပဲ... ဘုရားတရားလေးလဲ နည်းနည်းပါးပါး လုပ်ဖို့စဉ်းစားပါဦး...၊ ကျုပ်တို့အသက်တွေက ငယ်တော့တဲ့အရွယ်တွေမဟုတ်တော့ဘူး...'

'ငါ့နားလည်ပါတယ် ဒေါ်ရွှေတဆုပ်ရယ်... အခုဟာက အဖိုးလဲနဲ့၊ မြင်းလဲကောင်းပုံပေါ်တော့ တခြားလူတွေလက်ဦးသွားမှာစိုးလို့ ဝယ်ခဲ့ရတာပဲကွယ့်...၊ မင်းလဲ ဘာထူးလို့လဲ





စိန်ကျောက်ကောင်းကောင်းတွေ့ရင် အခြားကုန်သည်တွေလက်ထဲရောက်မှာစိုးရိမ်တာပဲ မဟုတ်လား...'

အယ်ဒီဘညွန့်မှာ ရတနာကုန်သည်ပီပီ ဇနီးဖြစ်သူဒေါ်တဆုပ်ကိုပင် တစ်ခါတစ်ရံ ဒေါ်ရွှေတဆုပ်ဟုခေါ်လေ့ရှိပြီး သူ၏ မြင်းဝါသနာပါသည့်အလုပ်ကို ဒေါ်တဆုပ်က တညီးညီးတညူညူပြောတိုင်း ယခုကဲ့သို့ သာသာထိုးထိုး ပြန်ပြောတတ်လေသည်။

'ဒါတော့ ဒါပေါ့ရှင်... ဩော်... ရှင့်ကိုပြောဖို့မေ့နေလိုက်တာ... မနက်ဖြန်ညမှာ ဒေါ်ပုမြတို့အိမ်က ဘုရားကိုးဆူလာဖိတ်ထားတယ်... အဲဒါ... ရှင်ကောကျုပ်ကောမသွားလို့တော့မဖြစ်ဘူး'

ထိုစကားပြောပြီးနောက် ဒေါ်တဆုပ်မှာ ခပ်လှမ်းလှမ်းတွင် မတ်တပ်ရပ်နေသည့် မစိန်သုံးဖက်သို့လှည့်ကာ –

'ဟဲ့... စိန်သုံး... နင့်ဘကြီး မောလာပြီနဲ့တူတယ်၊ သံပုရာရည်တစ်ခွက် သွားဖျော်လိုက်စမ်း...'

'နေပါစေ... တစ်ကိုယ်လုံး ချွေးတွေသံတွေနဲ့ဆိုတော့ ရေအရင်ချိုးဦးမှ တော်မှာပါ...'

ပြောပြောဆိုဆို အယ်ဒီဘညွန့်မှာ အိမ်ခန်းအတွင်းသို့ ဝင်သွားပြီး အဝတ်အစားလဲလေသည်။ ဒေါ်တဆုပ်မှာလဲ လက်ကောက်သံတချွင်ချွင်နှင့် အယ်ဒီဘညွန့်ရှိရာ အိပ်ခန်းအတွင်းသို့လိုက်ဝင်သွားတော့သည်။

အယ်ဒီဘညွန့်မှာ အခန်းအတွင်းသို့ ရောက်သည်နှင့် အဝတ်အစားနှင့် လက်ပတ်နာရီတို့ကို ချွတ်လေသည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com

သူ၏ နဝရတ်ကိုးပါး စီချယ်ထားသော လက်စွပ်ကြီးကို ချွတ်ကာ ဘုရားစင်ပေါ်သို့ လှမ်းတင်လိုက်လေရာ လက်နှင့်ဘုရားပန်းအိုးတို့ တိုက်မိပြီး လက်စွပ်က ကြမ်းပြင်ပေါ်သို့ ဒေါက်ကနဲပင် ပြုတ်ကျသွား၏။

အယ်ဒီဘညွန့်မှာ ကြမ်းပြင်ပေါ်ကျသွားသော လက်စွပ်ကို ပြန်ကောက်ယူကာ နောက်တစ်ကြိမ်ဘုရားစင်ပေါ်သို့ တင်လိုက် ပြန်သည်။ ဒီတစ်ကြိမ်တော့ နဝရတ်လက်စွပ်ကိုင်ထားသော အယ်ဒီဘညွန့်၏လက်ကို တစ်စုံတစ်ယောက်က ပုတ်ချလိုက်သလိုဖြစ်သွားကာ လက်စွပ်က ကြမ်းပြင်ပေါ်သို့ ပြုတ်ကျလေပြန်သည်။

'ဟင် ဒီနေ့မှ ငါဘာတွေများဖြစ်နေသလဲမသိဘူး'

ထိုအချိန်မှာပင် အယ်ဒီဘညွန့်၏ဘေးတွင် မတ်တပ်ရပ်နေသည့် ဒေါ်တဆုပ်မှာ ပြာပြာသလဲနှင့်ဖြစ်သွားပြီး –

'ရှင်လဲ . . . အသက်ကြီးလာမှ ခြေမမြဲ . . . လက်မမြဲနဲ့၊ ပေးပေး . . . အဲဒီလက်စွပ် . . . ဒီလက်စွပ်က ဆရာထွန်းကြီးကိုယ်တိုင် နက္ခတ်အဝင်အထွက်တွေနဲ့ သိဒ္ဓိတင်ထားတဲ့ လက်စွပ်၊ ဘုန်းတွေဘာတွေ နိမ့်ကုန်ပါဦးမယ် . . .'

အယ်ဒီဘညွန့်နှင့် ဒေါ်တဆုပ်တို့မှာ ကျောက်အရောင်းအဝယ်လုပ်နေကြသည့် ရတနာကုန်သည်ကြီးများ ဖြစ်သည့်အားလျော်စွာ ထိုသို့သော အတိတ်နိမိတ်နှင့် အယူအဆတွေရှိသူများဖြစ်ကြသည်။

ဒေါ်တဆုပ်က သူ့လက်ထဲသို့ရောက်လာသော နဝရတ်ကိုးပါးလက်စွပ်ကြီးကို ငုံ့ကြည့်လိုက်လေရာ –

'ဟင် . . . ကိုဘညွန့်ရေ . . . ရှင့်ရဲ့ သိဒ္ဓိတင်ထားတဲ့





နဝရတ်လက်စွပ်က ဘယ်လိုဖြစ်သွားရတာတုန်း . . . အရောင်မရှိ၊ အဆင်းမရှိ၊ မွဲခြောက်ခြောက်နဲ့ပါလားတော့ . . .'

ကျယ်ကျယ်လောင်လောင်နှင့် အံ့သြတကြီး ရေရွတ်လိုက်သည့် ဒေါ်တဆုပ်၏စကားကြောင့် အယ်ဒီဘညွန့်မှာ ကိုယ့်နားကိုပင် မယုံကြည်နိုင်လောက်အောင်ဖြစ်သွားကာ –

'ဟေ . . . ဟုတ်ရဲ့လား၊ ပြစမ်းပါဦး . . . ဘာဖြစ်တာပါလိမ့် . . .'

အယ်ဒီဘညွန့်က ထိုလက်စွပ်ကို ယူပြီးကြည့်လိုက်သော အခါ အရင်က ပြိုးပြိုးပျက်ပျက်တောက်ပနေသည့် နဝရတ်ကိုးသွယ်လက်စွပ်မှာ မွဲခြောက်ခြောက်နှင့် အရောင်အဆင်းမရှိတော့သည်ကို တွေ့လိုက်ရလေသည်။

ထိုအချိန်မှာ အခန်း၏အပြင်ဘက်တွင် မတ်တပ်ရပ်နေသော မစိန်သုံက အယ်ဒီဘညွန့်တို့ ပြောဆိုနေကြသံတွေကို ကြားပြီး အခန်းထဲသို့ တစ်ချက်လှမ်းပြီး ကဲကြည့်လိုက်လေရာ ဒေါ်တဆုပ်လက်ထဲမှ အရောင်အသွေး ညိုညစ်ညစ်ဖြစ်နေသော လက်စွပ်တစ်ကွင်းကို တွေ့လိုက်ရလေသည်။

မစိန်သုံမှာ သာမန်တောသူတစ်ယောက်ပီပီ ဒေါ်တဆုပ်လက်ထဲမှ နဝရတ်ကိုးသွယ် လက်စွပ်ကြီး၏ အရောင်အဆင်းကို ကြည့်ကာ ဆန်စက်ထဲမှ ကျိတ်ပြီးသားဆန်စေ့တွေထဲတွင် ရောပြီး ပါလာတတ်သည့် ကျောက်ခဲအပိုင်းအစလေးတွေနှင့်ပင် တူနေသည်ဟု ထင်လိုက်မိလေသည်။

'အင်း . . . ကျောက်မျက်ရတနာဆိုတာ ကြာကြာထားရင် အရောင်မှိန်သွားတဲ့ သဘောတော့ရှိတာပဲ . . .



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်ကတော့ ကျုပ်စိန်နားကပ်တွေ အရောင်မှိန်လာတာနဲ့ ရှာလကာရည်ထဲမှာ ခဏစိမ်ထားပြီး ပွတ်တိုက်ဆေးကျောလိုက်ရင် သူ့နဂိုအတိုင်း ပြန်လင်းလာတာပဲ. . .၊ ကဲပါတော် ရှင်ရေချိုးစရာရှိတာသာသွားချိုးပါ. . . ကျုပ်လုပ်လိုက်ပါ့မယ်. . .'

ပြောပြောဆိုဆိုနှင့် –

ဒေါ်တဆုပ်မှာ နဝရတ်လက်စွပ်ကို အင်္ကျီအောက်နားစွန်းနှင့် ပွတ်တိုက်နေရာမှ အခန်းဝတွင် မတ်တပ်ရပ်နေသော မစိန်သုံကို –

'ဟဲ့ စိန်သုံ ဘာရပ်လုပ်နေတာလဲ၊ ငါ့ကို မီးဖိုချောင်ထဲက ရှာလကာရည်သွားယူပေးစမ်း. . .'

မစိန်သုံမှာ မီးဖိုခန်းရှိရာသို့ ကပျာကယာပင်ပြေးသွားပြီး ရှာကလာရည်ပုလင်းကို ယူလာခဲ့လေသည်။ ထိုရှာလကာရည်ကို ခွက်ကလေးတစ်ခုထဲသို့ထည့်ကာ ဒေါ်တဆုပ်က ဂွမ်းစလေးနှင့် စုတ်ယူလိုက်၏။

ထို့နောက် နက္ခတ်အဝင်အထွက်တွေနှင့် စီမံထားသော နဝရတ်ကိုးသွယ်လက်စွပ်ပေါ်မှ ညိုညစ်ညစ်ဖြစ်နေသော စိန်၊ ကြောင်၊ နီလာ၊ ဥဿဖယား၊ အစရှိသည့် ရတနာကျောက်များကို ဖြည်းဖြည်းချင်း ပွတ်တိုက်လိုက်သည့်အခါတွင်တော့ –

'ဟင်. . . ဘယ့်နှယ့်ဖြစ်တာပါလိမ့်. . .'

ဒေါ်တဆုပ်လက်ထဲမှ ပတ္တမြား၊ နီလာ အစရှိသည့် ကျောက်မျက်တွေ၏မျက်နှာပြင်ပေါ်တွင် အက်ကြောင်းရာလေးများ ပေါ်လာသည်ကိုတွေ့လိုက်ရလေသည်။

မစိန်သုံအနေနှင့်လဲ ကျောက်မျက်ရတနာတွေအကြောင်းကို ဘာမှန်းညာမှန်း မသိနားမလည်သော်လည်း ကျောက်မျက်တွေ၏ မာကျောသည့်အကြောင်းတွေကို ကြားဖူးနားဝရှိထားသူဖြစ်လေရာ ဂွမ်းစလေးနှင့်ပွတ်သပ်လိုက်ရုံနှင့် ယခုကဲ့သို့ အက်ကြောင်းများထသွားရသည့်အဖြစ်ကို နားမလည်နိုင်အောင် ဖြစ်သွားရလေသည်။

ဒေါ်တဆုပ်မှာ ရုပ်ပျက်ဆင်းပျက်နှင့် အက်ကြောင်းများထကာ မွဲခြောက်ခြောက်ဖြစ်နေသော ရတနာကျောက်များကို ကြည့်ရင်း မျက်စေ့ပျက်မျက်နှာပျက်ပင် ဖြစ်နေလေသည်။ ပိုဆိုးသည်က ဒေါ်တဆုပ်၏မျက်နှာပေါ်တွင် ကျောက်မျက်ရတနာများ၏ တန်ဖိုးများ ဆုံးရှုံးရသည်ထက် သိဒ္ဓိဝင်ပစ္စည်းတစ်ခု သိဒ္ဓိပျက်ပျယ်သွားပြီလားဆိုသည့် စိုးရိမ်သောက ဖြစ်နေသည့်ရုပ်ကပိုပြီးပေါ်လွင်နေလေသည်။

မစိန်သုံမှာလဲ ဒေါ်တဆုပ်၏ မျက်နှာကိုကြည့်ပြီး သူပါ ရောယောင် အဆူခံရမည်ကို စိုးရိမ်လာကာ အနားမှ ခပ်သုတ်သုတ် ထွက်လာခဲ့တော့သည်။

■







www.burmeseclassic.com

www.burmeseclassic.com

## အခန်း[၄]

ထိုနေ့ညတွင် အယ်ဒီဘည္ဆန့်ကျင်းပသော မြင်းနက်ကြီး မဟူရာအတွက် ပါတီပွဲမှာ မစိန်သုံအဖို့ ဘဝတစ်လျှောက်လုံးတွင် ပထမဦးဆုံး တွေ့ကြုံဖူးသည့် ပွဲလမ်းတစ်ခုဖြစ်လေရာ အထူး အဆန်းပင်ဖြစ်နေတော့သည်။ ထိုပါတီပွဲတွင် အယ်ဒီဘည္ဆန့် ကိုယ်တိုင် လူရွေးပြီးဖိတ်ထားသည့် မျက်နှာဖြူအရာရှိနှစ်ဦးနှင့် အဟူ လူကုန်ထံသုံးလေးဦးတို့ကိုလည်း တွေ့ရလေသည်။ အခြား စားပွဲဝိုင်းတွင်တော့ မြင်းထရိန်နာ ဘီဘရာနှင့် မစိန်သုံမသိသော လူတစ်ယောက်နှစ်ယောက်ကိုလဲ တွေ့ရ၏။ မစိန်သုံ၊ မောင်ဘစီနှင့် ထမင်းချက်မိန်းမကြီး ဒေါ်အုန်းသင်တို့မှာ တော်ရုံအကျဉ်းချုံးပြီး ပြုလုပ်သည့် ပါတီပွဲဖြစ်သော်လည်း အစားအသောက်နှင့် အခြား ဝေယျာဝစ္စတွေကို လက်မလည်အောင် ပြုလုပ်ပေးရလေသည်။

ထက်ဇဝယ်ဝ၁အုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

အခုလည်း တစ်နေကုန်အောင် ပင်ပန်းခဲ့သော မစိန်သုံမှာ တာဝန်ဝတ္တရားတွေပြီးလို့ အိပ်ယာထဲသို့ရောက်ကာမှ အတွေး တစ်ခုက ခေါင်းထဲသို့ ရောက်လာခဲ့သည်။

'အင်း . . . ဒီအိမ်ကြီးမှာ အယ်ဒီဘည္တန်ဆိုတဲ့ ဘဘ ကြီးနဲ့ ဒေါ်တဆုပ်တို့နှစ်ယောက်ထဲသာရှိပေလို့ပဲ . . . တခြား လူတွေသာရှိနေခဲ့ရင် သူတို့တွေအတွက်ပိုအလုပ်များရမှာ . . .'

ထိုနေ့ညက မစိန်သုံမှာ ပင်ပန်းလွန်းသဖြင့် ခေါင်းချလိုက် သည်နှင့် အိပ်ပျော်သွားတော့သည်။ သူအိပ်ပျော်သွားပြီးနောက် မကြာခင်အချိန်မှာတော့ . . . သူ့အိပ်ခန်းနံရံ၏အပြင် ဖက်ဆီမှ ခပ်အုပ်အုပ်ရယ်သံတစ်သံကို ကြားလိုက်ရလေသည်။

တစ်ချိန်ထဲမှာပင် မစိန်သုံမှာ ပြုန်းကနဲပင် လန့်နိုးသွားကာ စိတ်ထဲတွင် ဒိတ်ကနဲ ဖြစ်သွားလေ၏။

'ဟင် . . . ဒီရယ်သံကြီးက ဘယ်သူ့ရယ်သံလဲ . . . ဘုရား . . . ဘုရား . . . ငါ့ကို တစ်ယောက်ယောက်က . . . အို . . . မဟုတ်သေးပါဘူး . . .'

ထိုအတွေးနှင့်အတူ မစိန်သုံ၏ စိတ်ထဲတွင်လဲ တစ်စုံ တစ်ယောက်က သူမကို ချောင်းမြောင်းကြည့်နေသလို ခံစားလိုက် ရသည်။

ထိုအချိန်မှာပင် စောစောကကြားလိုက်ရသောအသံထက် ပိုပြီးကျယ်လောင်သည့်ရယ်သံကို ထပ်ပြီးကြားလိုက်ရပြန်သည်။ ဒီတစ်ခါ ရယ်သံက တစ်ခုခုကို ခြောက်လှန့်ပြီး ရယ်နေသလိုမျိုး။

နှဖူးမှစီးကျလာသည့်ချွေးတို့က မစိန်သုံ၏ မျက်နှာတွင် မြင်မကောင်းအောင်ဖြစ်နေသည်။ သူ့ရင်တစ်ခုလုံးမှာလဲ တဆတ်





ဆတ်နှင့် ဖားဖိုတစ်ခုလို နိမ့်ချီမြင့်ချီဖြစ်နေကာ အကြိမ်ကြိမ်မျိုချနေ ရသော တံတွေးတို့မှာလဲ လည်ချောင်းဝတွင် တစ်ဆို့ဆို့ဖြစ်လာ နေသည်။

သူဘာလုပ်ရမည်လဲ . . .။

ထိုစဉ်မှာပင် –

'ကျွီ . . .'

သူ့ဘေးမှ အခန်းပြူတင်းတံခါးက ဖြည်းဖြည်းခြင်း အပြင်သို့ပွင့်ထွက်သွား၏။

'ဟင် . . .'

သူမ တွေ့လိုက်ရပါပြီ . . .။ တံခါးရွက်နှစ်ခုကို လက် နှစ်ဖက်ဖြင့် ဆွဲဖွင့်လိုက်သောလူတစ်ယောက် . . .။ ထိုသူမှာ မီးသွေးတုံးလို နက်မှောင်နေသော အသားအရည်နှင့် ကျောလယ် အထိ ဝဲကျနေသောဆံပင်တွေက ကြမ်းတမ်းသန်စွမ်းလွန်းနေ၏။ ထိုသူမှာ ပြူတင်းပေါက်အပြင်မှ ကိုယ်ကိုကိုင်းညွှတ်ကာ မစိန်သုံ အိပ်နေရာ နေရာဆီသို့ မျက်တောင်မခတ်ဘဲ ငုံ့ကြည့်လိုက် လေရာ –

'အား . . . လာကြပါဦးရှင်၊ ဒီ . . . ဒီမှာ . . . ဘာ . . . ဘာကြီးလဲမသိဘူး . . .၊ သွား . . . သွား မလာနဲ့ . . . ဝင်မလာနဲ့ . . .'

ထိုသို့ အသံကုန်ခြစ်ကာ အော်ဟစ်လိုက်သည့် မစိန်သုံ၏ အသံကိုတော့ ဘယ်သူတစ်ဦးတစ်ယောက်မှ မကြားလိုက်ရဘဲ တစ်ကိုယ်လုံး ချွေးသံတရွှဲရွှဲနှင့် အိပ်ယာပေါ်တွင် လူးလွန့်နေကာ အခုမှပင် အမှန်တကယ် အိပ်ယာမှလန့်နိုးသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

'ဟင် . . . ငါ . . . ငါ . . . အိပ်မက် . . . အိပ်မက် မက်နေတာပါလား . . . မဟုတ်သေးပါဘူး၊ ငါ့အသေအချာကြီးကို မြင်လိုက်ရတာပါ . . .'

ထိုအတွေးနှင့်အတူ စောစောက ပြူတင်းပေါက်ကို မဝံ့မရဲနှင့် လှမ်းကြည့်လိုက်လေရာ နဂိုအတိုင်းပင် ပိတ်လျက်သား တွေ့လိုက်ရလေသည်။ သူ့တစ်ကိုယ်လုံးမှာလဲ ချွေးများရွှဲနစ်နေပြီး အလွန်တစ်ရာမှ မောဟိုက်နေသဖြင့် အသက်ကိုပင်မနည်း ပြန်ရှူနေရလေသည်။

'ဟူး . . . တကယ်မဟုတ်လို့ တော်ပါသေးရဲ့ . . .'

မစိန်သုံမှာ အေးစက်နေသော လက်ဖဝါးဖြင့် သူ့နဖူးပေါ်မှ ချွေးစတွေကို သပ်ချနေမိသည်။ ပြီးတော့ ဒီအိပ်ကြီးနှင့်ကပ်လျက် အဖီကလေးတွင် သူမတစ်ယောက်ထဲ သီးခြားနေရသည့်အတွက်လဲ စိတ်က အလိုလိုအားငယ်မိနေလေသည်။

ထိုအချိန်မှာပင် –

စောစောက အိပ်မက်ထဲမှ ရယ်သံကို အမှန်တကယ် ကြားလိုက်ရသည်။

'ဟင် . . . ဘုရား . . . ဘုရား . . . ဒီတစ်ခါ ရယ်သံကြီးက တကယ့်လူတစ်ယောက်ရယ်သံပဲ . . . ငါအခု တကယ်နိုးနေတာကော ဟုတ်ရဲ့လား . . .'

ဇဝေဇဝါဖြစ်နေသော သူမ၏စိတ်တွေကြောင့် သူ့ကိုယ်သူပင် လက်သည်းနှင့် ပြန်ပြီးဆိတ်ကြည့်လိုက်ရာ . . . ဆစ်ကနဲပင်နာကျင်သွား၏။

သေချာတာတစ်ခုကတော့ သူမ၏ဘေး၊ ပျဉ်ထောင်၏





ဟိုဘက်ခြမ်းမှ ရယ်သံကိုကြားနေရခြင်းပင် . . .။

ညသည် မှောင်မိုက်လွန်းပြီး တိတ်ဆိတ်နေသဖြင့် ထိုရယ်သံက နားထဲတွင် ပီပီပြင်ပြင်ကြီး ကြားနေရ၏။ မစိန်သုံမှာ အိပ်ယာပေါ်မှ ချက်ချင်းလူးလဲပြီးထထိုင်ကာ တုန်ရင်နေသော သူ့ဒူးနှစ်ချောင်းကို လက်ဖြင့်ပိုက်ရင်း ပြူတင်းပေါက်ဆီသို့သာစိုက်ကြည့်နေမိသည်။ မစိန်သုံ၏စိတ်ထဲတွင်လဲ အိပ်မက်ထဲကလို ပြူတင်းတံခါးပေါက်ကြီးပွင့်သွားပြီး တစ်ဖက်မှ လူမဲမဲကြီး တွေ့ရပေမလားဆိုသည်ကိုတွေးကာ ပိတ်ထားသည့် ပြူတင်းပေါက်ကိုသာ မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေ၏။

ထိုစဉ်မှာပင် –

'ဘုန်း . . .'

မစိန်သုံ၏ဘေးမှ ပျဉ်ထောင်ကို တစ်စုံတစ်ရာကလက်နှင့် ပုတ်လိုက်သလို ဘုန်းကနဲ ကြားလိုက်ရ၏။

'ဟင် . . .'

သူမ ဖောချွေးတွေက ဝေါကနဲပင်ပြိုကျလာကာ ရင်တစ်ခုလုံးက ခြောင်းဆန်အောင် တစ်ဆတ်ဆတ် တုန်ရင်နေတော့၏။ ထိုအချိန်မှာပင် မစိန်သုံက အသံကုန်ဟစ်ပြီး အော်လိုက်ရန်ဟန်ပြင်လိုက်၏။ ပြီးမှ . . . ဒီအိပ်ကြီးနှင့် သူမနေထိုင်ရာ အဖီအဆွယ်ကလေးမှာ ကပ်လျက်ပင်ဖြစ်သော်လည်း တံခါးများ အလုံပိတ်ထားကြသည်ဖြစ်ရာ တော်ရုံနှင့်ကြားနိုင်ဖို့ မလွယ်ကူမှန်း သိလိုက်မိသည်။

တစ်ချိန်ထဲမှာပင် သူ့ခေါင်းထဲသို့ အတွေးတစ်ခု ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

'ဟင်... ဟိုဖက်ခြမ်းမှာ ညနေက ဘဘကြီးဝယ်လာတဲ့ မြင်းကြီးမဟူရာ ရှိနေတာပဲ...'

ထိုအတွေးနှင့်အတူ မစိန်သုံမှာ ချက်ချင်း မတ်တပ်ထရပ်လိုက်ပြီး ကြောက်လန့်တုန်လှုပ်နေသော သူမ၏စိတ်တွေကိုကြိုးစားပြီးဖျောက်ဖျက်လိုက်၏။ သို့သော် မစိန်သုံ၏ လက်တစ်ဖက်ကတော့ တဒိတ်ဒိတ်နှင့် တိုးဆောင့်နေသော ရင်ဘတ်ကို အသာကလေးပင်ဖိထားနေရသေး၏။

ထို့နောက် ကြောက်ကြောက်နှင့်ပဲ ပြူတင်းပေါက်ရှိရာသို့ တိုးကပ်သွားပြီး တံခါးပေါက်ဘောင်ကို လက်ဖြင့်စမ်းလိုက်စဉ် –

'ချောက်...'

'ကျွီ...'

'ဟင်...'

မစိန်သုံ တံခါးပေါက်ဘောင်ကို စမ်းလိုက်မိကာမှ ပြူတင်းတံခါး၏ဂျက်က သူ့အလိုလိုပင် ပြုတ်ထွက်သွားပြီး တံခါးနှစ်ချပ်မှာ ပွင့်ထွက်သွားတော့သည်။ ထိုအချိန်မှာပင် အပြင်ဖက်မှ စိမ့်ကနဲတိုးဝင်လာသည့် လေအေးတွေက မစိန်သုံ၏ ချွေးဒီးဒီးကျနေသော မျက်နှာကို ဖြန်းကနဲတိုးဝှေ့လိုက်လေရာ သူမ၏ တစ်ကိုယ်လုံးမှာ အကြောအချင်တွေပင် တောင့်တင်းသလို ဖြစ်သွားလေသည်။

'ငါ ညဦးပိုင်းက ဒီတံခါးကိုပိတ်ရင်း သေချာအောင် ဂျက်မချထားမိခဲ့လို့ အခုလိုပွင့်ထွက်သွားတာပဲဖြစ်ရမယ်...'

ထို ပြူတင်းပေါက်တံခါးမှာ တံခါးဘောင်နှင့်တွဲထားသော ပတ္တာတို့က ချောင်နေသည်ဖြစ်ရာ တကျွီကျွီနှင့်ပင်မြည်နေ၏။ တံခါး၏ တစ်ဖက်အမှောင်ထုထဲတွင်တော့ . . . မြင်းနက်ကြီး





မဟူရာမှာ . . . မျက်လုံးစိမ်းကြီးများနှင့် သူမကို စူးစူးစိုက်စိုက်ကြည့်နေသည်ကို ဘွားကနဲတွေ့လိုက်ရသည်။

'အမလေး . . . ဘုရား . . . ဘုရား . . . ဒီမြင်းကြီး ငါ့ကိုစိုက်ကြည့်နေပုံက ကျက်သရေမရှိပါလား...'

ထိုစဉ်မှာပင် မြင်းနက်ကြီးမဟူရာမှာ သူ၏ ရှေ့သွားများကိုဖြဲကာ ရယ်ပြသလိုလို၊ မာန်ဖီသလိုလိုလုပ်ရင်း ရှေ့သို့တိုးလာ၏။

ညအမှောင်အောက်တွင် မစိန်သုံ မြင်နေရသောမြင်ကွင်းက မြင်းနက်ကြီးမဟူရာ၏ မျက်လုံးနှင့် သွားများသာဖြစ်ပြီး၊ သူမရပ်နေရာ ပြူတင်းပေါက်ဘောင်ဆီသို့ မြင်းခေါင်းကြီးက တဖြည်းဖြည်းတိုးကပ်လာနေသောအခါ . . . ရုတ်တရက် လန့်သွားပြီး တံခါးနှစ်ချပ်ကို ပိတ်ရန်လှမ်းဆွဲလိုက်လေသည်။

သို့သော် မစိန်သုံ၏ လက်နှစ်ဖက်က တံခါးရွက်တွေကို ဆွဲပိတ်လိုက်စဉ်မှာပင် မြင်းနက်ကြီးမဟူရာသည် နှာခေါင်းနှင့်ပါးစပ်တို့ကို တံခါးပေါက်ဘောင်ပေါ်သို့ လှမ်းတင်လိုက်လေရာ တံခါးရွက်နှစ်ခုနှင့် ရိုက်မိသွားလေ၏။

'ဂျိမ်း...'

မစိန်သုံမှာ တလှပ်လှပ်နှင့်ခုန်နေသော သူမ၏ရင်အစုံပေါ်သို့ လက်နှစ်ဖက်ကိုယှက်တင်ထားရင်း အသက်ကို မနည်းပင်ရှူနေရ၏။ မျက်လုံးများမှာလဲပြာဝေသွားကာ ဒူးနှစ်ဖက်က တဆတ်ဆတ်တုန်ရင်နေလေသည်။

'ငါ... ငါလုပ်လိုက်လို့ မြင်းနက်ကြီး နှာများသွားပြီလား..၊ နောက်ပြီး အလိုလိုမှ လူ့စိတ်လို အသိဝင်နေတဲ့ မြင်းက



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဆိုးပြီး ငါ့အပေါ် အညှိုးအတေး တစ်ခုခုများထားလိုက်ရင် ဒုက္ခပဲ...၊ ဘုရား... ဘုရား...'

ထိုနေ့ညတစ်ညလုံးမှာ မစိန်သုံဘယ်လိုမှ အိပ်မပျော်တော့ . . .။ သူမဆွဲပိတ်လိုက်သော ပြူတင်းပေါက်တံခါးကို ကြည့်ရင်း မျက်နှာချင်းဆိုင်မှ အခန်းထောင့်တွင် ဆောင့်ကြောင့်ထိုင်ကာ မိုးစင်စင်လင်းခဲ့ရလေသည်။

■



## အခန်း (၅)

နောက်တစ်နေ့နံနက်တွင် အယ်ဒီဘညွှန့်မှာ မောင်ဘစိခေါ်လာသည့် ရန်ကုန်မြို့ကော်မရှင်နာ (ဗိုလ်ချုပ်အောင်ဆန်း) လမ်းပေါ်ရှိ စံပယ်ဖြူဓာတ်ပုံတိုက်မှ ဓာတ်ပုံဆရာနှင့် မြင်းနက်ကြီး မဟူရာ၏ပုံများကို စိတ်ကြိုက်ရိုက်လေသည်။

မြင်းနက်ကြီးမဟူရာကို ဓာတ်ပုံရိုက်ရန် မောင်ဘစိက မြင်းဇောင်းအတွင်းမှ ဆွဲထုတ်လာသောအခါ အယ်ဒီဘညွှန့် မွေးထားသော ခွေးကလေးဂျက်ကီမှာ အမြီးတနှံ့နှံ့လုပ်နေရာမှ ရုတ်တရက် သဲသဲမဲမဲနှင့် မြင်းနက်ကြီးမဟူရာကို ထိုးပြီးဟောင်လေတော့သည်။

'ဝုတ်... ဝုတ်... ဝုတ်...'

'ဟေး ဂျက်ကီ . . . ဘာဖြစ်တာလဲကွ . . .' ဒီမြင်းကြီး


www.burmeseclassic.com

www.burmeseclassic.com

မဟူရာက အခုတို့အိမ်သားဖြစ်သွားပြီလေ မဟောင်ရဘူး...'

ပြောပြောဆိုဆို –

အယ်ဒီဘညွန့်မှာ အမွေးစုတ်ဖွားနှင့် ခွေးကလေး ဂျက်ကီကို ကောက်ယူပွေ့ချီမည်ပြုလိုက်စဉ်တွင် . . . ဂျက်ကီမှာ မြင်းနက်ကြီးမဟူရာ၏ အနီးသို့ပြေးသွားကာ လှည့်ပတ်ပင် ဟောင်နေတော့သည်။ ဂျက်ကီ့ကိုကြည့်ရသည်မှာ . . . ခါတိုင်းနှင့်မတူဘဲ အမြီးကို ကုတ်ထားကာ ဂဏာမငြိမ်ဖြစ်နေ၏။

ခွေးကလေးဂျက်ကီမှာ ခါတိုင်းဆိုလျှင် မြင်းကြီးစိန်လျှံမိုး၊ ကျောက်စိမ်းမောင်၊ ပတ္တမြားတို့နှင့်အတူ ပြေးလွှားဆော့ကစားနေကျဖြစ်သော်လည်း ဒီတစ်ခါ မြင်းနက်ကြီးမဟူရာကို မြင်လိုက်ကာမှ သူ့ပုံစံက ထူးထူးခြားခြားပင် ကြောက်လန့်တကြားနှင့် ဖြစ်နေလေသည်။

မစိန်သုံမှာလဲ ဒီအိမ်ကြီးသို့ ယခုမှ ရောက်လာကာစရှိသူဖြစ်သော်လည်း အလွန်တစ်ရာမှ လိမ္မာရေးခြားရှိသော ခွေးကလေးဂျက်ကီနှင့် တခဏအတွင်းမှာပင် ရင်းရင်းနှီးနှီး ရှိသွားသူဖြစ်လေရာ ယခုကဲ့သို့ ထူးထူးဆန်းဆန်း ဒေါသတကြီးနှင့် မာန်ဖီနေသော ဂျက်ကီ့ကိုကြည့်ရင်း အံ့သြနေမိလေသည်။

'ဒီမဟူရာဆိုတဲ့ မြင်းနက်ကြီးကို ဂျက်ကီက ဘာကြောင့်များရန်လိုနေတာပါလိမ့်၊ မဟုတ်မှလွဲရော. . .၊ မဟူရာရဲ့ထူးခြားတဲ့မျက်လုံးတွေကြောင့်ပဲလား. . .၊ ဒါမှမဟုတ် . . .'

'ကဲ . . . ကဲ . . . ဓာတ်ပုံဆရာ . . . အဆင်သင့်ဖြစ်ရင်ရိုက်တော့ဗျို့. . .၊ တော်ကြာ ကျုပ်ကောင်ကြီးမဟူရာက အချိန်ကြာနေလို့ စိတ်ကောက်ပြီး ဓာတ်ပုံအရိုက်မခံဘဲနေပါဦးမယ်





ဟဲ. . . ဟဲ. . . ဟဲ. . .'

အယ်ဒီဘညွန့်၏ အရွှန်းဖောက်ရယ်မောလိုက်သံကြောင့် ဓာတ်ပုံဆရာမှာ ကင်မရာဒေါက်ခုံပေါ် ဖုံးအုပ်ထားသော အဝတ်မဲကြီးအောက်သို့ သူ့ခေါင်းကိုလျှိုပြီးဝင်လိုက်ကာ ကင်မရာကို အမျိုးမျိုး ချိန်ရွယ်နေလေ၏။

ထိုကင်မရာဆရာ၏ မြင်ကွင်းထဲတွင်တော့ မြင်းနက်ကြီးမဟူရာ၏ကျောပေါ်တွင် အကျီဗလာဖြင့်အသားမဲမဲ လူတစ်ယောက် ခွစီးထားသည်ကို အမှတ်မထင်တွေ့လိုက်ရသည်။

'ဟင် . . . မြင်းချည်းသက်သက်ရိုက်မယ်ဆိုလဲ ဆိုသေးရဲ့၊ ဒီလူက မြင်းပေါ်ဘာတက်လုပ်နေရပြန်တာလဲ...'

အဝတ်စ ခြုံလွှာကြီးအောက်မှနေ၍ ကင်မရာသမားက သူမြင်နေရသည့် မြင်ကွင်းကိုကြည့်ကာ အယ်ဒီဘညွန့်ကို သေချာအောင်ပင် လှမ်းအော်မေးလိုက်၏။

'ဗျို့ ဆရာကြီး . . .၊ အဲဒီမြင်းပေါ်တက်နေတဲ့လူပါ ပါအောင်ရိုက်ရမှာလား. . .'

အယ်ဒီဘညွန့်က . . . ခြုံလွှာကြီးအောက်မှ ကင်မရာသမား၏စကားကို နားစွန်နားဖျားကြားလိုက်ပြီး –

'ဟေ . . .၊ မဟုတ်သေးဘူးလေ မောင်ရင်ရဲ့ . . .၊ ကျုပ်က ခါတိုင်း စိန်လျှံမိုးတို့၊ ကျောက်စိမ်းမောင်တို့လို သီးသန့်ပုံပဲ လိုချင်တာ. . .'

ထိုစဉ်မှာပင် ကင်မရာသမားက ခြုံလွှာစကြီးအောက်မှ နေ၍ အပြင်သို့ခေါင်းပြူထွက်ကာ မြင်းနက်ကြီးမဟူရာကို လှမ်းကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

'ဟင် . . .'

စောစောက သူမြင်နေရသော မဟူရာ၏ကျောပေါ်မှအကျီ ဖလာနှင့်အသားမဲမဲလူကို မတွေ့ရတော့ချေ . . .။ ကင်မရာ သမားမှာ သူ့မျက်လုံးကိုပင်သူမယုံနိုင်အောင်ဖြစ်သွား၏။ ထိုအချိန် မှာပင် အယ်ဒီဘာညွှန့်ကိုလဲ ကင်မရာသမားက နားမလည်နိုင်သည့် မျက်လုံးတွေနှင့် လှမ်းကြည့်လိုက်ကာ တစ်စုံတစ်ရာကို ပြောမည် ပြုလိုက်၏။ ပြီးမှ –

'ငါ့ မျက်စေ့အမြင်တွေ ဘာတွေများ စောင်းလို့လား၊ ဒါမှမဟုတ် . . . ကင်မရာ မှန်ဘီလူးကများ ပုံရိပ်တွေဘာတွေ ထပ်နေလို့ အမြင်မှားတာလား . . .'

ထိုစဉ်မှာပင် အယ်ဒီဘာညွှန့်က –

'ကဲ . . . ကဲ . . . ကိုယ့်လူ . . . ကျုပ်ကဓာတ်ပုံကို နေ့ချင်းပြီးအမြန်လိုချင်တာဗျ . . .၊ ပြီးတော့ ဓာတ်ပုံကိုလဲ ပုံကြီးချဲ့ပြီး မှန်ပေါင်တွေဘာတွေ သွင်းရဦးမှာဆိုတော့ မြန်မြန် သာရိုက်တော့ဗျို့ . . .၊ တော်ကြာ . . . နေမြင့်နေလို့ခင်ဗျားတို့ သွားရလာရတွေခက်နေမှဖြင့် . . .'

ဟု ပြောလိုက်ပြီး မောင်ဘစီကိုလဲ

'မောင်ဘစီရေ . . . ဒီက ဓာတ်ပုံဆရာရိုက်လို့ပြီးတာနဲ့ မင်း ရန်ကုန်ကို သူနဲ့တစ်ခါတည်း လိုက်သွားပြီး ဓာတ်ပုံစောင့်ယူ လာခဲ့ဟေ့ . . .၊ နောက်ပြီး . . . မှန်ပေါင်ပါ တစ်ခါတည်း သွင်းယူလာခဲ့ချေကွယ် . . .'

ကင်မရာသမားမှာလဲ အလောတကြီးဖြစ်နေသည့် အယ်ဒီဘာညွှန့်ကို ဘာတစ်ခွန်းမှပင် ပြောမနေတော့ဘဲ ခြုံလွှာစကြီး





အောက်သို့ဝင်ကာ မြင်းကြီးမဟူရာ၏ပုံကို တစ်ဖျတ်ဖျတ်နှင့်ရိုက်ယူ လေတော့သည်။

ထိုနေ့က မောင်ဘစီမှာ ဓာတ်ပုံဆရာနှင့်အတူ ရန်ကုန်မြို့ ကော်မရှင်နာ (ယခု ဗိုလ်ချုပ်အောင်ဆန်း) လမ်းမှ ဓာတ်ပုံတိုက် ရှိရာသို့လိုက်ပြီး ဖလင်ဆေးကူးသည်ကို စောင့်ပြီးယူရလေသည်။ ထို့နောက် မောင်ဘစီမှာ မြင်းကြီးမဟူရာ၏ ရှေ့တည့်တည့်ဆီသို့ စိုက်ကြည့်နေသောမျက်နှာနှင့် ကိုယ်လုံးပုံပေါ်လွင်သော အနေ အထားကို ပုံကြီးချဲ့ကာ မှန်ပေါင်သွင်းယူလာလေရာ ညနေစောင်း မှပင် အိမ်သို့ပြန်ရောက်လေသည်။

ထိုနေ့က မောင်ဘစီယူလာသည့် ပြင်းနက်ကြီးမဟူရာ၏ ဓာတ်ပုံကိုကြည့်ကာ အယ်ဒီဘာညွှန့်မှာ အတော်ကလေးပင် သဘောကျနှစ်ခြိုက်မိလေသည်။ ထိုဓာတ်ပုံကြီးမှာလဲ သုံးပေခွဲ လေးပေခန့်ရှိလေရာ ကြီးမားကျယ်ဝန်းသော ဧည့်ခန်းကြီးထဲတွင် ချိတ်ဆွဲထားရန် အလွန်တစ်ရာမှ ခမ်းနားလျက်ရှိနေလေ၏။

'မစိန်သုံနဲ့ မောင်ဘစီရေ . . . ဒီဓာတ်ပုံကြီးကို ဟောဟိုက လှေကားအတက်အဆင်းဘေးနံရံကြီးပေါ်မှာချိတ်လိုက် ပါကွယ် . . . ဒါမှ . . . အိမ်ကိုလာတဲ့ ဧည့်သည်တော်တော်တည့် တွေလဲ ဒီမြင်းကြီးရဲ့ပုံကိုကြည့်ပြီး သဘောကျကြမှာ . . .'

'ဟုတ်ကဲ့ပါ ဘဘကြီး . . .'

မစိန်သုံက အယ်ဒီဘာညွှန့်ပေးလိုက်သော ဓာတ်ပုံကြီးကို လက်နှစ်ဖက်ဖြင့် လှမ်းယူလိုက်ပြီး လှေကားအတက်အဆင်းမှ နံရံတွင် ချိတ်ဆွဲရန်ယူသွား၏။ မောင်ဘစီမှာလဲ အယ်ဒီဘာညွှန့် ခိုင်းသည့်အတိုင်း ဝါးလှေကားငယ်တစ်ခုကို သွားယူကာ နံရံ



www.burmeseclassic.com

www.burmeseclassic.com

ပေါ်တွင် သံမှိုရိုက်သွင်းရန် လုပ်ရလေတော့သည်။

အယ်ဒီဘည္ဟန့်မှာလဲ ဝါးလှေကားကို ထမ်းကာရောက်လာသောမောင်ဘစီအား စာတ်ပုံချိတ်ဆွဲရမည့်နေရာကို ညွှန်ပြနိုင်းစေလေသည်။

ထိုအချိန့်မှာပင် . . . မစိန်သုံကိုင်ထားသည့် မဟူရာ၏ ဓာတ်ပုံမှန်ပေါင်ကြီးမှာ ရုတ်တရက် ဆတ်ကနဲပင် လူပ်ရှားသွားလေသည်။

'ဟင် . . . ငါ . . . လက်နှစ်ဖက်နဲ့ သေသေချာချာကြီးကိုင်ထားရက်နဲ့ ဒီဓာတ်ပုံမှန်ပေါင်ကြီးက ဘာဖြစ်လို့များ လှုပ်သွားရတာလဲ . . .'

မစိန်သုံမှာ ထိုသို့သော ဇဝေဇဝါအတွေးတွေနှင့် လက်ထဲမှ ဓာတ်ပုံကြီးကို ငုံ့ပြီးကြည့်လိုက်မိလေရာ . . . မျက်တောင်တစ်ဖျတ်ဖျတ်ခပ်ရင်း သူ့ကို ပြန်စိုက်ကြည့်နေသည့် ဓာတ်ပုံထဲမှ မြင်းနက်ကြီးမဟူရာ၏ မျက်လုံးများကို သွေးပျက်မတတ် တွေ့လိုက်ရလေတော့သည်။

'ဘုရား . . . ဘုရား . . .၊ ဓာတ်ပုံထဲက မြင်းနက်ကြီးရဲ့မျက်လုံးတွေက အသက်ဝင် နေပါလား . . .'

ထိုစဉ် –

'ဒုန်း . . . ဒုန်း . . . ဒုန်း . . .'

'ဝုန်း . . . ဖျောင်း . . .'

'အား . . .'

ဟူသော အသံကြီးနှင့်အတူ မောင်ဘစီ၏ 'အား' ကနဲ အော်လိုက်သည့်အသံကြီးကိုပါ ကြားလိုက်ရသည်။

ထက်စေယဝာအုပ်တိုက်



တစ်ချိန်ထဲမှာပင် အယ်ဒီဘည္ဟန့်၏ ထိတ်လန့်တကြား အော်လိုက်သံကြီးကိုလဲ ကြားလိုက်ရလေသည်။

'ဟာ . . . ဟေ့ . . . ဟေ့ မောင်ဘစီ . . .၊ မောင်ဘစီ . . .'

မောင်ဘစီမှာ ထက်ပိုင်းကျိုးကျသွားသော ဓာတ်လှေကားအောက်တွင် ခွေခွေလေးလဲကျနေပြီး မျက်နှာတစ်ခုလုံး ရှုံ့မဲ့မဲ့ပင်ဖြစ်နေကာ . . . လက်တစ်ဖက်ကိုလဲ ပွတ်သပ်နေ၏။ ထိုအချိန်မှ . . . အယ်ဒီဘည္ဟန့်ကတော် ဒေါ်တဆုပ်မှာ အိပ်ခန်းအတွင်းမှ ပြေးထွက်လာပြီး –

'အမလေး . . . ကံသီပေလို့ပေါ့တော် . . . ခြေတွေ လက်တွေများ ကျိုးကုန်ရင်တော့ဒုက္ခပဲ . . .'

အယ်ဒီဘည္ဟန့်မှာလဲ ဝါးလှေကားအကျိုးတွေကို လက်တစ်ဖက်ကဖယ်နေရင်း မောင်ဘစီကို ပြာပြာသလဲနှင့် မေးစမ်းနေပြန်သည်။

'ဟေ့မောင်ဘစီ . . . ဘယ်နာသွားသေးလဲ . . .'

'ရ . . . ရပါတယ် . . . ဘာ . . . ဘာမှမဖြစ်ပါဘူး။ လက်နဲနဲနာသွားတာပါ . . .'

'တော်ပါသေးရဲ့ မောင်ဘစီရယ် . . . မသေကောင်း မပျောက်ကောင်း . . .'

မစိန်သုံမှာလဲ . . . ဓာတ်ပုံကြီးကို လှေကားရင်းတွင် ချထောင်လိုက်ကာ မောင်ဘစီရှိရာသို့ ကမန်းကတန်းပင် ပြေးသွားပြီးဆွဲပွေ့ထူရလေသည်။ မောင်ဘစီကတော့ ရှုံ့မဲ့နေသည့် သူ၏ မျက်နှာပေါ်က အမူအရာထက် တစ်စုံတစ်ရာကို နားမည်ရ

www.burmeseclassic.com

ထက်စေယဝာအုပ်တိုက်

www.burmeseclassic.com

ခက်သည့်မျက်လုံးတွေနှင့် လှေကားကြီးဘေးမှ နံရံပေါ်သို့သာ မော့ကြည့်နေဟော့သည်။

'ကိုဘညွန့်ရယ် ရှင့်ကိုက... ကြံကြံဖန်ဖန်တွေလုပ်လွန်းတာကိုး...၊ ဒီမြင်းရဲ့ ဓာတ်ပုံကို တော်ရုံနေရာလောက်ချိတ်ရင်လဲ ရတာပဲဥစ္စာ...၊ ဘာဖြစ်လို့ ဒီလောက်မြင့်တဲ့ လှေကားဘေးနံရံမှာမှ ချိတ်ခိုင်းရတာတုံး...'

ဒေါ်တဆုပ်မှာလဲ အယ်ဒီဘညွန့်ကို ဗျစ်တောက်... ဗျစ်တောက်နှင့် အပြစ်တင်ပြောဆိုနေရာမှ မစိန်သုံကိုလဲ မောင်ဘစီ၏လက်မှဒဏ်ရာကိုလိမ်းပေးရန် ကျားဘမ်းပရုပ်ဆီကို သွားယူခိုင်းနေပြန်၏။

'ဟဲ့စိန်သုံ... ငါ့အခန်းထဲက ကျားဘမ်းပရုပ်ဆီ သွားယူစမ်း... မြန်မြန်...'

မောင်ဘစီ၏လက်မှ ဒဏ်ရာမှာ မပြောပလောက်သော်လည်း မဟင်မှတ်ဘဲ တစ်စစီကျိုးကျသွားသော ဝါးလှေကားကြောင့် သူ့စိတ်ထဲတွင် မတင်မကျဖြစ်နေမိလေသည်။

နောက်ဆုံးတွင် မြင်းကြီးမဟူရာ၏ ဓာတ်ပုံကြီးကို အိမ်မကြီး၏အောက်ထပ်မှ နံရံတစ်ဖက်တွင် ချိတ်ဆွဲထားလိုက်ရလေသည်။ ထိုနံရံမှာ မစိန်သုံနေထိုင်ခွင့်ရသည့် အဖီကလေးနှင့် ကပ်လျက်ရှိနေသည့်နံရံဖြစ်ပြီး မစိန်သုံ၏အခန်းအဝင်အထွက် တံခါးပေါက်နှင့်လဲ နီးကပ်လျက်ပင် ဖြစ်နေလေသည်။

မစိန်သုံမှာ မြင်းနက်ကြီးမဟူရာ၏ဓာတ်ပုံကို သူမနေထိုင်ရာအခန်းနှင့်ကပ်လျက် အိမ်မကြီး၏အတွင်းဘက်တွင် လာပြီး ချိတ်ထားသဖြင့် လွန်စွာမှ စိတ်သောကရောက်ရလေသည်။





သို့သော်... မစိန်သုံအဖို့ သူတစ်ပါးအိမ်တွင် ယခုကဲ့သို့ ကူဖော်လောင်ဖက်အလုပ်ကို လုပ်ခွင့်ရဖို့ကိုပင် မလွယ်ကူဘဲရှိလေရာ... ဘာတစ်ခုမှ မပြောသာမပြောရဲဘဲ ဖြစ်နေမိတော့သည်။

ထိုနေ့ညက အယ်ဒီဘညွန့်နှင့် ဒေါ်တဆုပ်တို့မှာ သူတို့၏ မိတ်ဆွေ ဒေါ်ပုမြတို့အိမ်မှ ဘုရားကိုးဆူသို့သွားကြလေရာ အိမ်ကြီးတစ်အိမ်လုံးတွင် ထမင်းချက်မိန်းမကြီး ဒေါ်အုန်းသင်နှင့် မစိန်သုံတို့နှစ်ဦးသာ ကျန်ခဲ့လေသည်။ မကြာမီ ဒေါ်အုန်းသင်မှာလဲ တစ်နေ့တာ ဝေယျာဝစ္စတွေ လုပ်ကိုင်ပြီးသောအခါ... သူနေထိုင်ရာတစ်ဖက်မှ ရပ်ကွက်သို့ နေ့စဉ်ပြန်နေကျအတိုင်းပြန်သွားလေရာ မစိန်သုံတစ်ယောက်သာလျှင် အိမ်ကြီးအတွင်း ကျန်ခဲ့ရတော့သည်။

'အူး... ဝူး... ဝူး...'

ဝုတ်... ဝုတ်... ဝုတ်...'

ရုတ်တရက် ဝူးဝူးရှရှကြီးအူလိုက်သည့် ဂျက်ကီ၏အသံကြောင့် မစိန်သုံမှာ အိမ်ရှေ့ဧည့်ခန်းမကြီးဆီသို့ ကပျာကယာ ပြေးထွက်လာကာ –

'ဂျက်ကီ... ဂျက်ကီ... လာ... လာ... လာ...'

သို့သော် ဂျက်ကီကတော့ မစိန်သုံအော်ခေါ်နေသည့်အသံကိုပင် ကြားပုံမပေါ်ဘဲ အိမ်ရှေ့ဧည့်ခန်းကြီးထဲတွင် အမြီးကို ကုတ်ကာ ဂဏှာမငြိမ်ဘဲ ယောက်ယပ်ခတ်ပြေးလွှားနေ၏။

အိမ်ရှေ့ ဧည့်ခန်းမကြီးတစ်ခုလုံးမှာ မှုန်ရီမှုန်ဝါးကျနေ်ာက်



www.burmeseclassic.com

www.burmeseclassic.com

နေသည့် အောက်လင်းဓာတ်မီးအိမ်၏ အလင်းရောင်ကြောင့် မစိန်သုံမှာ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရဘဲရှိနေလေသည်။

'ဝုတ်. . . ဝုတ်. . . ဝုတ်. . .'

အဆက်မပြတ် ထိုးဟောင်နေသည့် ဂျက်ကီ၏အသံက တစ်စုံတစ်ရာကိုမြင်နေပြီး သဲကြီးမဲကြီး ဟောင်နေသည့်ပုံမျိုး။ ပြီးတော့ ဒီတစ်ခါ သူဟောင်နေသည့်နေရာက ညနေက မြင်းနက်ကြီးမဟာ့ရာ၏ဓာတ်ပုံကို ချိတ်ဆွဲထားသည့် နံရံဖက်ဆီမှ ကြားနေရခြင်းပင်ဖြစ်သည်။

'ဂျက်ကီ. . . ဂျက်ကီ. . . လာ. . . လာ'

မစိန်သုံမှာ အသံကြားရာဆီသို့ တိုးကပ်သွားပြီး ဂျက်ကို့ကိုခေါ်နေပြန်လေသည်။ ထိုနေရာသို့ရောက်သောအခါ ဂျက်ကီမှာ မြင်းနက်ကြီးမဟာ့ရာ၏ ဓာတ်ပုံကြီးကို မော့ကြည့်ရင်း တဂီးဂီးနှင့် မာန်ဖီနေလေ၏။ ထို့နောက် မစိန်သုံမှာ ဂျက်ကီ့ကို ကောက်ယူပွေ့ချီလိုက်စဉ်တွင်တော့ တောက်ခေါက်သံ ကျယ်ကျယ်လောင်လောင်ကြီး တစ်ချက်ကို ကြားလိုက်ရလေသည်။

'တောက်. . .'

'ဟင်. . . ဒီတောက်ခေါက်သံကြီးက ဘယ်သူ့တောက်ခေါက်သံကြီးလဲ. . .'

တစ်ချိန်ထဲမှာပင် မစိန်သုံမှာ ခွေးကလေးဂျက်ကီကို ပွေ့ပိုက်ထားရာမှ မြင်းနက်ကြီးမဟာ့ရာ၏ဓာတ်ပုံကြီးကို မော့ကြည့်လိုက်လေရာ. . . သူမ၏ နှလုံးသွေးကြောတွေကို ဆောင့်ဆွဲခံလိုက်ရသလိုဖြစ်သွားကာ ပါးစပ်အဟောင်းသားနှင့် ကြက်သေသေသွားမိတော့၏။





မစိန်သုံမြင်နေရသည့် ဓာတ်ပုံထဲမှ မဟာ့ရာမှာ ဒီဓာတ်ပုံကြီးကို စပြီးချိတ်စဉ်က မျက်နှာနှင့်မတူတော့ဘဲ မျက်ခုံးနှစ်ဖက်ကို ရှုံ့ထားရင်း အံကိုတင်းတင်းစေ့ကျိတ်ထားလျက် သူမကို စူးစူးစိုက်စိုက် ပြန်ကြည့်နေသော အသားမည်းမည်းနှင့် လူတစ်ယောက်၏မျက်နှာနှင့်တူနေလေသည်။ ထိုဓာတ်ပုံကြီးထဲမှ မဟာ့ရာကိုယ်လုံးကြီးမှာလဲ လူတစ်ယောက်၏ ကြွက်သားအဖုအထစ်တွေလိုဖြစ်နေကာ တုတ်ခိုင်သန်စွမ်းလွန်းနေသည်။

'ဟင် . . . ဒီ . . . ဒီမျက်နှာက . . . ဘယ်လိုကြောင့် လူတစ်ယောက်ရဲ့မျက်နှာနဲ့ တူနေရတာလဲ . . . ၊ ငါ ဒီမျက်နှာမျိုးကြီးကို ဘယ်မှာမြင်ဖူးမိပါလိမ့် . . . ဘုရား . . . ဘုရား. . .'

ထိုနေရာတွင် မစိန်သုံ ဘယ်လိုမှ ဆက်ပြီးမနေရဲတော့၊ ပြီးတော့ ဒီဓာတ်ပုံကြီးကိုလဲ ဆက်ပြီးမကြည့်ရဲတော့ဘဲခွေးကလေးဂျက်ကီကိုပွေ့ကာ သူမနေထိုင်ရာ အဖီကလေးဘက်သို့ နောက်ဆုတ်နောက်ဆုတ် ခြေလှမ်းများဖြင့် ပြေးထွက်လာခဲ့တော့သည်။

မစိန်သုံမှာ အခန်းအတွင်းသို့ရောက်သည်နှင့် အဝင်အထွက် တံခါးပေါက်ကြီးကို သစ်သားမင်းတုန်းကြီးတစ်ခုနှင့် ကလန့်ထိုးလိုက်ပြီး ဂျက်ကီကိုလဲ သူနေထိုင်ရာ အခန်းထဲတွင်ပင် ခေါ်ထားလိုက်တော့သည်။

ထိုအခန်းနှင့် ပျဉ်ထောင်တစ်ချပ်သာခြားသည့် အပြင်ဖက်တွင်လဲ မဟာ့ရာ၏ ယာယီမြင်းဇောင်းကြီးရှိနေသည်ဖြစ်ရာ မစိန်သုံအဖို့ အသက်ပင်ဝဝမရှူရဲလောက်အောင် ကြောက်လန့်နေရှာလေသည်။ ပြီးတော့ မှောင်မဲတိတ်ဆိတ်နေသည့် ဒီအိမ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုလုံးမှာလဲ မစိန်သုံနှင့် ခွေးကလေးဂျက်ကီတို့သာ ရှိနေရာ အရာရာက ပိုပြီးချောက်ချားစရာကောင်းလွန်းနေတော့သည်။

ထိုနေ့ညတွင် မစိန်သုံမှာ အတော်ကလေး ညဉ့်နက်သည်အထိ အိပ်မပျော်နိုင်သေးဘဲ မြင်းနက်ကြီးမဟူရာ၏ထူးဆန်းသည့်မျက်နှာနှင့် ပုံပန်းသဏ္ဌာန်တို့ကို မျက်စေ့ထဲမှာ မြင်ယောင်နေမိသည်။ ပြီးတော့ မဟူရာအတွက် မြင်းဇောင်းအသစ်ကိုလဲ အခြားတစ်နေရာတွင် မြန်မြန်ဆောက်လိုက်ဖို့ စိတ်ထဲကအလိုလို ဆုတောင်းနေမိသည်။

■



## အခန်း[၆]

'ဒုန်း... ဒုန်း... ဒုန်း... ဒုန်း...'

'စိန်သုံ...၊ ဟဲ့စိန်သုံ... ထစမ်း... ဘယ်အချိန်ရှိပြီလဲ...၊ ညည်းနှယ်အေ... မိန်းကလေးဖြစ်ပြီး ဒီလောက်တောင် အအိပ်မက်ရသလားဟဲ့...'

ရုတ်တရက် အခန်းတံခါးကို တစ်ဒုန်းဒုန်းထုသံနှင့်အတူ ဒေါ်တဆုပ်၏ ဗျစ်တီးဗျစ်တောက် ပြောဆိုသံတွေကို ကြားလိုက်ရ၏။ မစိန်သုံမှာ တစ်ညလုံး အိပ်ရေးပျက်ထားသဖြင့် ကျိမ်းစပ်နေသောမျက်စေ့တွေကို အားယူပြီးဖွင့်ကာကမန်းကတန်းနှင့် လူးလဲပြီးထလိုက်ရသည်။

'ဟုတ် ... ဟုတ်ကဲ့ ... ဘွားဘွားကြီး ... သမီး ထပါပြီ...'



www.burmeseclassic.com

www.burmeseclassic.com

မစိန်သုံ အခန်းတံခါးကို ဖွင့်လိုက်စဉ်မှာတော့ အပြင်ဖက်တွင် မိုးစင်စင်လင်းနေလေပြီ။ ထို့နောက် သူမနေထိုင်ရာ အဖီ၏နောက်မှ စဉ့်အိုးထဲကရေနှင့်ပင် မျက်နှာကိုကပျာကယာ သစ်လိုက်ပြီး မီးဖိုခန်းထဲသို့ အပြေးအလွှားနှင့်သွားကာ အယ်ဒီဘညွန့်နှင့် ဒေါ်တဆုပ်တို့အတွက် နံနက်စာကော်ဖီကို ဖျော်ရလေသည်။ ထိုအချိန်မှာပင် ညကတော်တော်နှင့် အိပ်မရဖြစ်နေရသည့် အကြောင်းတွေက ခေါင်းထဲကိုရောက်လာပြီး ခွေးကလေး ဂျက်ကီကိုလဲ သတိရသွားမိ၏။

ဂျက်ကီကတော့ ဘယ်အချိန် သူ့အခန်းထဲမှ ထွက်သွားသည်မသိ၊ ထမင်းစားခန်းအတွင်းမှ အယ်ဒီဘညွန့်နှင့် ဒေါ်တဆုပ်တို့အနားတွင် ရစ်သီရစ်သီ လုပ်နေလေသည်။

မစိန်သုံမှာ အယ်ဒီဘညွန့်နှင့် ဒေါ်တဆုပ်တို့ကို နံနက်စာကော်ဖီပို့ပြီး ပြန်လှည့်အထွက်တွင် အယ်ဒီဘညွန့်က –

'သြော် . . . စိန်သုံရေ . . . မောင်ဘစီကို သွားပြောစမ်းပါကွယ် . . . မဟူရာအတွက် မြင်းဇောင်းအသစ်ဆောက်ဖို့ လက်သမားတွေကို ဘယ်နေ့ခေါ်ထားသလဲလို့ . . .'

'ဟုတ်ကဲ့ပါဘဘကြီး . . . သမီး အခုပဲ သွားမေးလိုက်ပါ့မယ် . . .'

ပြောပြောဆိုဆို မစိန်သုံ အိမ်ကြီးအတွင်းမှ ပြေးထွက်လာချိန်တွင် မြင်းထိရိန်နှာ ဘီဘရာမှာ မဟူရာကို ယာယီမြင်းဇောင်းအတွင်းမှဆွဲပြီး ကျောင်းရန်ထွက်လာသည်ကို တွေ့လိုက်ရသည်။

မြင်းနက်ကြီးမဟူရာမှာ မစိန်သုံ ညကတွေ့လိုက်ရသည့် ဓာတ်ပုံကြီးထဲက မျက်နှာမျိုးမဟုတ်ဘဲ သွက်လက်မြူးကြွနေကော





သူ့ခြေလှမ်း အသိမ်းအနှုတ်တွေက ပေါ့ပါးနေသလို ထင်ရလေသည်။

'အခုတော့လဲ ဓာတ်ပုံထဲက မဟူရာနဲ့ တခြားစီပါလား၊ နောက်ပြီး မဟူရာရဲ့ ထူးခြားပြီး ကြောက်စရာကောင်းတဲ့ အဖြစ်အပျက်တွေကို ဒီအိမ်ကြီးမှာ ငါတစ်ယောက်ထဲ မြင်နေရတာလား၊ မောင်ဘစီတို့လို မြင်းတွေနဲ့ လက်ပွန်းတတည်းနေနေတဲ့သူတွေကရော . . . ငါ့လိုမမြင်ကြဘူးတဲ့လား . . .၊ ဒီအကြောင်းတွေကို အားတဲ့တစ်နေ့ကျမှ မောင်ဘစီကိုလဲ မေးကြည့်ရမယ် . . .'

ထိုစဉ်မှာပင် –

'ဟိတ် . . . ကောင်မလေး နင် ဒီနေ့ သိပ်ကိုလှနေပါလား၊ လာလေ ငါနဲ့အတူ အပျင်းပြေ မြင်းလေးဘာလေး လျှောက်စီးရအောင် . . .'

နားရွက်နားကပ်ကာ ပြောလိုက်သော ဘီဘရာ၏ရှိသ့်သဲ့စကားကြောင့် မစိန်သုံမှာ ခြေလှမ်းတွေပင် မှားသွားမတတ်ဖြစ်သွားကာ ခန္ဓာကိုယ်က ဘေးသို့ပင်ယိုင်သွားမိ၏။ တစ်ချိန်ထဲမှာ မြင်းကြီးမဟူရာ၏ ဟီလိုက်သံကလဲ ဘီဘရာ၏စကားကို နားလည်ပြီး သဘောကျသယောင်နှင့် အားပေးအားမြှောက်ပြုနေသလိုပင် ထင်လိုက်မိလေသည်။

ဟီ . . . ဟီး . . . ဟီး . . .'

ဘီဘရာမှာ လက်တစ်ဖက်ကမြင်းဇက်ကြိုးကိုဆွဲထားရင်း သူ၏ နှုတ်ခမ်းမွှေးကုတ်ကုတ်ကြီးတို့ကို လက်တစ်ဖက်ဖြင့် အောက်သို့ဆွဲသပ်ချနေ၏။ မစိန်သုံကို စိုက်ကြည့်နေသည့်မျက်လုံးတွေက အလွန်အမင်းချိုင့်ဝင်နေပြီး ချွန်မြိနေသော နှာတံကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ပါးရိုးနှစ်ဖက်က ရှေ့သို့ငေါထွက်နေသယောင်ရှိနေလေရာ စုတ်ချွန်းချွန်း မျက်နှာပေါက်ဖြစ်နေ၏။

မစိန်သုံမှာ မြင်းနက်ကြီးမဟူရာကို ကြောက်လန့်နေရသည့်အထဲ အခုလို မျက်နှာမချိုမချဉ်နှင့် သူ့ကို ရိသဲ့သဲ့တွေပြောဆိုနေသော ဘိဘရာ့ကို ရွံလဲရွံ ကြောက်လဲကြောက်လာမိကာ ထိုနေရာမှ ခပ်သုတ်သုတ်ခြေလှမ်းများဖြင့် မောင်ဘစီရှိရာသို့ ဆက်လျှောက်လာမိလေ၏။

မောင်ဘစီရှိရာမြင်းဇောင်းအတွင်းသို့ရောက်သောအခါ –

'ဟဲ့ . . . ဘစီ . . . နင့်လက်က ဒဏ်ရာ ဘယ်လိုနေသေးလဲ . . .'

'ဘာမှမဖြစ်လိုက်တော့သိပ်မခံရဘူးပေါ့အစ်မရာ . . .၊ အဲဒီတုန်းက ကျွန်တော့် လက်သာကျိုးသွားရင် ဒီအလုပ်တွေ ဘယ်လိုမှ လုပ်နိုင်တော့မယ်မထင်ဘူး . . .'

မောင်ဘစီမှာ ဩစတေးလျအုတ်ဟုခေါ်သော အခွံချွတ်မထားသည့် အဖူးကလေးများကို ဂျုံနှင့်ရောမွှေနေကာ မြင်းစာအတွက် အလုပ်ရှုပ်နေရင်း မစိန်သုံကိုပြန်ပြောလိုက်၏။

ရတနာကုန်သည်ကြီး အယ်ဒီဘညွန့်မှာ သူ့မြင်းများကို အလွန်ဂရုတစိုက် ကျွေးမွေးသူဖြစ်လေရာ မြင်းများကို အလေးချိန်ထားပြီး တစ်နေ့လျှင် အစာဘယ်နှစ်ပေါင်ကျွေးရမည်ဟုလဲ သတ်မှတ် ထားသည်။ ပြီးတော့ မောင်ဘစီက အယ်ဒီဘညွန့်မှာကြားထားသည့်အတိုင်း မြင်းများသောက်ရန် ထုံးခတ်ပါသည့် ရေနှင့် ထုံးခတ်ပါသော ပျော့ဘွယ်မြက်ခြောက်တို့ကိုလဲ နေ့စဉ်ဂရုတစိုက်နှင့် ဝတ္တရားမပျက်ကျွေးမွေးပေးရလေသည်။





မစိန်သုံက –

'ဩော် . . . ဒါနဲ့ မောင်ဘစီရေ ဘဘကြီးက နင့်ကို မေးခိုင်းလိုက်တယ် . . .၊ ဟိုမြင်းကြီးမဟူရာအတွက် မြင်းဇောင်းအသစ်ဆောက်ပေးဖို့ လက်သမားတွေကို ဘယ်နေ့ခေါ်ထားလဲတဲ့ . . .'

'ဟုတ်ပါရဲ့အမရယ် . . . ကျွန်တော် မေ့နေလိုက်တာ အဲဒီလက်သမားတွေက ဒီနေ့လာမှာ . . .၊ ခဏနေ မြင်းစာကျွေးပြီး ကျွန်တော်သွားခေါ်လိုက်ပါ့မယ် . . .'

မောင်ဘစီမှာ ပါးစပ်က ပြောလဲပြော၊ သူ့လက်ကလဲ မြင်းစာခွက်တွေထဲမှ မြက်ခြောက်တွေကိုလဲ ရောမွှေနေ၏။

'အေးဟယ် . . . အဲဒီမြင်းနက်ကြီးမဟူရာကို ငါ့နေတဲ့ အဖိဘေးမှာ ယာယီမြင်းဇောင်းလာပြီးလုပ်ထားကတည်းက ငါ့မှာ အမျိုးမျိုး စိတ်ဆင်းရဲနေရတာဟ . . .၊ အခု အခြားနေရာမှာ သူ့အတွက် မြင်းဇောင်းအသစ် ဆောက်ပေးတော့မယ်ဆိုလို့ ငါ့မှာ ဝမ်းသာလိုက်ရတာလေ . . . မပြောပါနဲ့ . . .'

မစိန်သုံက တစ်အိမ်ထဲအတူနေ ဘဝတူဖြစ်သူ မောင်ဘစီကို မောင်နှမအရင်းအချာကဲ့သို့ တရင်းတနှီးလေသံနှင့် ပြောလိုက်လေရာ မောင်ဘစီမှာလဲ 'ထိုစကားကြောင့် တွေကနဲပင်ဖြစ်သွားကာ –

'ဟုတ်တယ်အမ . . .၊ အဲဒီမြင်းကြီးကိုကြည့်ရတာ ဘယ်လိုကြီးမှန်းကိုမသိဘူး . . . ကျွန်တော်လဲ ဒီကောင်ကြီးရောက်ကတည်းက သတိထားမိနေတာ . . .'

'ဟင် . . . နင်က ဘာကို သတိထားမိလို့လဲ . . .'



www.burmeseclassic.com

www.burmeseclassic.com

မစိန်သုံလဲ မောင်ဘစိထံမှ ဆက်ပြီးကြားရမည့် စကားတို့ကို အလောတကြီးပင် ပြန်မေးမိနေလေ၏။

'ဒီလိုလေ အစ်မရဲ့ . . . ဝေးဝေးမကြည့်နဲ့ ခွေးလေးဂျက်ကီဆိုရင် ပောဒီ စိန်လျံမိုးတို့၊ ကျောက်စိမ်းမောင်တို့ အပြင်ထွက်ပြီဆိုတာနဲ့ တရင်းတနှီးခုန်ပေါက်ပြီး နောက်က တကောက်ကောက်လိုက်နေကျလေ . . .၊ အခု မဟူရာရောက်လာပြီးမှ ဂျက်ကီရဲ့အမူအရာတွေ ပြောင်းနေတာ . . .'

'အေး . . . ဟုတ်တယ်ဟ၊ ငါဆိုရင် မနေ့ညက မဟူရာရဲ့ဓာတ်ပုံကြီးကိုကြည့်ပြီး အူနေတဲ့ ဂျက်ကီ့ကို တော်တော်လေးချော့မော့ပြီး အခန်းထဲမှာခေါ်ထားရတယ် . . .၊ နောက်ပြီး ငါ အဲဒီညက မြင်လိုက်ရတဲ့ ဓာတ်ပုံကြီးထဲကမဟူရာက . . . လူတစ်ယောက်ရဲ့မျက်နှာနဲ့တောင် ပိုပြီးတူနေသလိုပဲဟဲ့ . . .'

မောင်ဘစိမှာ သူ့လက်နှစ်ဖက်တွင် ကပ်တွယ်နေသော မြက်ခြောက်များကို တစ်ဖျွန်းဖျွန်းနှင့် ပုတ်ခါလိုက်ပြီး တစ်စုံတစ်ရာကို သတိရသွားမိသလိုအမူအရာနှင့် –

'လူတစ်ယောက်ရဲ့ မျက်နှာဆိုလို့ . . .၊ မနေ့ကလာတဲ့ ဓာတ်ပုံဆရာကလဲ မဟူရာနဲ့ပတ်သက်ပြီး သူ့စိတ်ထဲမှာ မသိုးမသန့်ဖြစ်နေတယ်လို့ ကျွန်တော့်ကိုပြောလိုက်သေးတယ်အစ်မရဲ့ . . .'

'ဟင် . . . ဘာ . . . ဘယ်လို မသိုးမသန့်ဖြစ်တာလဲ ပြောစမ်းပါဦး . . .'

မစိန်သုံကမြင်းနက်ကြီးမဟူရာ၏ထူးထူးဆန်းဆန်းအဖြစ်အပျက်တွေကို သူမသာမက အခြားလူတွေကပါ ရိပ်မိနေကြသည်ဟု ဆိုလေသောအခါ တအံ့တဩနှင့်ဖြစ်သွားပြီး မောင်ဘစိကိုအလောတကြီး ပြန်မေးနေမိပြန်သည်။ မောင်ဘစိကလဲ သူ့ကို ဓာတ်ပုံဆရာ ပြောပြလိုက်သည့်စကားတွေကို စဉ်းစားရင်း မစိန်သုံကို တစ်လုံးမကျန် ပြန်ပြောပြလိုက်လေသည်။

'ဒီလို အစ်မရဲ့ . . . ဓာတ်ပုံဆရာက ဓာတ်ပုံဖလင် ဆေးခန်းထဲကနေထွက်လာတော့ ပြူးပြူးပျာပျာနဲ့ ကျွန်တော့်ကို ပြောတယ်၊ မင်းတို့ မြင်းနက်ကြီးက ရိုးမှရိုးရဲ့လားတဲ့ . . .၊ ဓာတ်ပုံကူးတဲ့ ဆေးရေကန်ထဲမှာ ဓာတ်ပုံကို ဆေးစိမ်ထားတုံး မဟူရာရဲ့ ကျောပေါ်မှာ အသားမဲမဲနဲ့ လူတစ်ယောက်ကို တွေ့ရတယ်တဲ့ . . .၊ သူက သေချာအောင် ဓာတ်ပုံကို ဆေးရေကန်ထဲက ပြန်ဆယ်ပြီး ကြည့်လိုက်တော့ အဲဒီလူကို မတွေ့ရတော့ပြန်ဘူးတဲ့ . . .'

'ဟင် . . .'

မစိန်သုံ၏ပါးစပ်ဖျားမှ 'ဟင်' ဆိုသည့် အံ့ဩရေရွတ်လိုက်သံနှင့်အတူ သူမ၏တစ်ကိုယ်လုံးမှာလဲ ကြက်သီးမွေးညှင်းများပင် တစ်ဖျန်းဖျန်း ထသွားမိလေသည်။

'ပြီးတော့ ဓာတ်ပုံဆရာက သူ့ဒီမြင်းကြီးကို ဓာတ်ပုံစရိုက်တဲ့အချိန်တုန်းကလဲ ကင်မရာ ချောင်းကြည့်ပေါက်ထဲကနေ အဲဒီ အသားမဲမဲနဲ့လူကို မြင်လိုက်ရသေးတယ်ဆိုလားပဲအစ်မရဲ့ . . . ကျွန်တော်တော့ ဒီမြင်းကြီးနဲ့ပတ်သက်ပြီး နားကိုမလည်နိုင်အောင် ပါပဲဗျာ . . .'

မောင်ဘစိ၏ စကားအဆုံးတွင် မစိန်သုံမှာ၊ ပြီးခဲ့သည့် ရက်က သူ အိပ်မက်ထဲတွင်တွေ့လိုက်ရသော မီးသွေးတုံးကဲ့သို့ မဲနက်မှောင်နေသည့် အသားအရည်နှင့် ကျောလည်အထိ ပဲကျ







www.burmeseclassic.com

www.burmeseclassic.com

နေသော ကြမ်းတမ်းသန်စွမ်းသည့် အမွေးအမျှင်များနှင့်လူကို သတိရသွားမိသည်။

'ဓာတ်ပုံဆရာ မြင်လိုက်ရတယ်ဆိုတဲ့ အသားမဲမဲနဲ့လူဟာ ငါ့ အိပ်မက်ထဲမှာ တွေ့လိုက်ရတဲ့ လူပဲဖြစ်နေမလား . . .၊ ပြီးတော့ ဒီလူက မဟူရာနဲ့ဘယ်လိုပတ်သက်နေတာလဲ . . .'

ထိုအချိန်မှာပင် ခြံဝင်းအစပ်ဆီမှ မြင်းထိန်းရိန်နာ ဘီဘာရာ၏ ကျယ်ကျယ်လောင်လောင် အော်လိုက်သံကြီးကို ကြားလိုက်ရလေသည်။

'အား . . .'

မြင်းနက်ကြီး မဟူရာမှာ ဘီဘာရာ၏ နားရွက်ကိုလှမ်းကိုက်လိုက်ပြီး ကဆုန်ပေါက်ထွက်ပြေးသွားတော့၏။ ဘီဘာရာမှာလဲ သွေးများထွက်နေသော သူ့နားရွက်တစ်ဖက်ကို ဆုပ်ကိုင်ကာ မြေပေါ်လဲကျလျက် ပါးစပ်က အယုတ္တအနတ္တတွေ ဆဲဆိုရင်း ကျန်ခဲ့လေတော့သည်။

ထိုနေ့ နေ့ခင်းဖက်တွင် ဒေါ်တဆုပ်မှာ ကောက်ကာငင်ကာကြီးခိုသလို နေမကောင်းထိုင်မသာဖြစ်ပြီး အိပ်ယာပေါ်တွင် ခွေခွေကလေးမှိန်းနေ၏။ ဒေါ်တဆုပ်၏ဘေးတွင်လဲ မစိန်သုံမှာ အခြားဝေယျာဝစ္စတွေ လုပ်ပေးနေရင်း ဒေါ်တဆုပ်၏ အမူအရာတွေကို တစေ့တစောင်းလှမ်းပြီး အကဲခတ်သလိုနှင့်ကြည့်လိုက်ကာ –

'ဘွားဘွားကြီးကို ကြည့်ရတာ တစ်မျိုးပဲ . . . နေမကောင်းဘူးလား . . .'

'အေး . . . ဟုတ်တယ် စိန်သုံ၊ ဘာဖြစ်မှန်းမသိဘူး





ရင်ထဲမှာ တလှပ်လှပ်နဲ့ တစ်ကိုယ်လုံး လှုပ်တောင်မလှုပ်ချင်လောက်အောင်ဖြစ်နေတယ် . . . သွား . . . သွား . . . ငါ့အတွက် ဆေးဆေးယူလာခဲ့စမ်း . . .'

မစိန်သုံမှာ ချက်ချင်းဆိုသလို အားအင်ချိနဲ့နဲ့နှင့် နုံးခွေသွားသော ဒေါ်တဆုပ်အတွက် သွေးဆေးပြေးယူပေးရလေသည်။ ထို့နောက် ဒေါ်တဆုပ်က မစိန်သုံယူလာပေးသော သွေးဆေးမှုန့်တွေကို လက်ဖဝါးထဲထည့်ကာ တုန်တုန်ရင်ရင်နှင့် မော့သောက်လိုက်ပြီး –

'ဒါနဲ့ . . . နင့်ဘဘကြီးကော . . .'

'ဘဘကြီး မြင်းဇောင်းအသစ်ဆောက်နေတဲ့နေရာမှာ လက်သမားတွေကို ကြီးကြပ်နေပါတယ် ဘွားဘွားကြီး . . .'

မစိန်သုံက အေးစက်စက်ဖြစ်နေသည့် ဒေါ်တဆုပ်၏ လက်ဖဝါးတွေကို ဖွဖွလေး ဆုပ်နယ်ပေးရင်း ပြန်ပြောလိုက်သည်။ ဒေါ်တဆုပ်၏မျက်နှာနှင့် နဖူးပြင်တို့ပေါ်မှာ ချွေးစတို့က တွဲခိုနေလျက်ရှိနေလေသည်။ မစိန်သုံက ထိုချွေးစတွေကို လက်ကိုင်ပဝါနှင့် သုတ်ပေးလိုက်ရင်း –

'သက်သာရဲ့လား ဘွားဘွားကြီး . . .'

'အေး . . . သက်သာသလိုတော့ ရှိသား . . .၊ ညည်းလဲ လုပ်စရာရှိတာ သွားလုပ်ပါ . . .၊ ခဏနေရင်ကောင်းသွားမှာပါ . . .'

တိုးဖျော့လွန်းသည့်လေသံက ဒေါ်တဆုပ်၏လည်ချောင်းဝနားမှ တိုးတိုးလေးသာကြားနေရသည်။ တကယ်တော့ မစိန်သုံမှာ ယခုလိုအချိန်မျိုးတွင် ဒေါ်တဆုပ်ကို ကုတင်ပေါ်တွင် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ထဲထားခဲ့ကာ တခြားဘာအလုပ်ကိုမှ သွားပြီးမလုပ်ချင် . . .။

သို့သော် သူမ ဒီအိမ်ကြီးပေါ်သို့စပြီးရောက်လာကတည်းက နေ့စဉ်မပျက် လုပ်နေရသည့်အလုပ်တွေကလည်း တစ်ပုံတပင်ကြီးပင်ရှိနေလေရာ ထိုနေရာမှ ခပ်ဆိတ်ဆိတ်လေးပင် လှည့်ထွက်လာခဲ့တော့သည်။

မစိန်သုံ အခန်းအပြင်ဖက်သို့ ရောက်သောအခါ အမွေးအမျှင်များနှင့် တစ်စုံတစ်ရာက သူမ၏ခြေထောက်ကို လာထိလိုက်သလို ခံစားလိုက်ရလေသည်။

'ဟင် . . .'

မစိန်သုံ ချက်ချင်းပင်ကြည့်လိုက်ရာ တစ်မနက်လုံး ပျောက်ခြင်းမလှပျောက်နေသည့် ခွေးကလေးဂျက်ကီ့ကိုတွေ့လိုက်ရ လေသည်။ ဂျက်ကီမှာလဲ ခါတိုင်းနှင့်မတူဘဲ တအီအီနှင့်ညီးနေလေသည်။

'ဟဲ့ ဂျက်ကီ တစ်မနက်လုံး ဘယ်ပျောက်သွားနေတာလဲ . . .'

ပြောပြောဆိုဆို မစိန်သုံက ဂျက်ကီကိုကောက်ယူပွေ့ချီလိုက်လေရာ . . . ဂျက်ကီ့ ကိုယ်ပေါ်မှ အမွေးအမျှင်တွေက နှစ်ကွက်သုံးကွက်ကျွတ်နေကာ ထိုနေရာတစ်ပိုက်မှ အရေပြားတို့က ရဲရဲနီလျက်ရှိနေသည်ကို တွေ့လိုက်ရသည်။

ထိုစဉ် မစိန်သုံ၏နောက်ကျောဖက်ဆီမှ ထမင်းချက်မိန်းမကြီးဒေါ်အုန်းသင်၏အသံကို ကြားလိုက်ရလေသည်။

'ဟဲ့ စိန်သုံ . . .၊ လက်သမားတွေ မြင်းဇောင်းအသစ်ဆောက်နေတဲ့ နေရာကို သွားလိုက်ဦး . . .၊ နင့် ဘဘကြီး



ဘာခိုင်းစရာရှိလို့လဲ မသိဘူး . . .'

'ဟုတ် . . . ဟုတ်ကဲ့ပါ . . . ကြီးကြီး . . .'

မစိန်သုံမှာ ဂျက်ကီ့ကိုပွေ့ချီရင်း အိမ်မကြီးအတွင်းမှ မြင်းဇောင်းအသစ်ဆောက်ရာနေရာသို့ ခပ်သုတ်သုတ် ခြေလှမ်းများဖြင့်လျှောက်သွားလေ၏။ သူမ မြင်းဇောင်းအနီးသို့ရောက်သောအခါ အုန်းပွဲငှက်ပျောပွဲများနှင့် အမွှေးနံ့သာတိုင်တို့ကို ထွန်းညှိပြင်ဆင်ထားကာ အယ်ဒီဘာညွှန့်ကလဲ လက်သမားတို့ကို တိုင်ထူမည့်နေရာ၊ ပန္နက်ရိုက်မည့်နေရာတို့ကို ညွှန်ပြနေ၏။

အယ်ဒီဘာညွှန့်က မစိန်သုံရောက်လာသည်ကို မြင်သည်နှင့် –

'မစိန်သုံရေ . . . ဟောဒီက လက်သမားဆရာကြီးတွေအတွက် ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်ကလေးလုပ်ပေးပါကွယ်၊ ပြီးတော့ ဒေါ်အုန်းသင်ကိုလဲ လက်သမားအဖွဲ့တွေကို ထမင်းကျွေးဖို့ စီမံပြီးချက်ပြုတ်ထားလိုက်ပါလို့ ပြောလိုက်ပါကွယ် . . .'

ထိုအချိန်မှာပင် မြင်းဇောင်းအသစ်ဆောက်နေရာဆီသို့ ကဆုန်ပေါက်ကာ ပြေးဝင်လာသော မြင်းခွာသံတို့ကို ကြားလိုက်ရလေသည်။

အသံလာရာဆီသို့ လှမ်းကြည့်လိုက်လေရာ မြင်းနက်ကြီး မဟူရာမှာ လည်ဆံမွှေးတွေ ဖွာလန်ကျဲလွင့်ပျံလျက် မစိန်သုံတို့ရှိရာနေရာဆီသို့ တစ်ဟုန်ထိုးပြေးဝင်လာသည်ကို တွေ့လိုက်ရလေသည်။

'ခွပ် . . ခွပ် . . ခွပ် . .၊ ခွပ် ခွပ် ခွပ် ...'

'ဟာ . . . မြင်းကြီးပြေးဝင်လာတယ်ဟေ့ . . .'



www.burmeseclassic.com

www.burmeseclassic.com

'လုပ်ကြပါဦး... ဘယ်နှယ့်ဖြစ်တာတုံးဟ...'

'ရှောင်... ရှောင်ကြဟေ့...'

တခဏအတွင်းမှာပင် မြင်းဖောင်းအသစ်ဆောက်ရန် ပြင်ဆင်နေကြသည့် လက်သမားများ၏ အလန့်တကြားအော်သံ၊ ဟစ်သံတွေနှင့်အတူ... အယ်ဒီဘည္ဍန့်နှင့် မစိန်သုံတို့မှာလဲ တဟုန်ထိုးပြေးဝင်လာသည့် မြင်းနက်ကြီးမဟူရာကို လွတ်ရုံကလေးတင် ရှောင်မိလျက်သားဖြစ်သွား၏။

'ဟီး... ဟီး... ဟီး...'

မြင်းနက်ကြီးမဟူရာမှာ မြင်းဖောင်းဆောက်ရန် ပြင်ဆင်ထားသောနေရာသို့အရောက်တွင် တစ်စုံတစ်ယောက် ဖက်ကြိုးကို ဆောင့်ဆွဲလိုက်သလို တွန့်ကနဲရပ်တန့်သွား၏။ ထို့နောက်ဝမ်းခေါင်းသံကြီးနှင့်ဟီလိုက်ကာ ရှေ့ခွာစုံကိုပတတ်ရပ်လျက် အုန်းပွဲငှက်ပျောပွဲများ တင်ထားသည့်စင်ကို ခွာဖြင့်ပေါက်ချလိုက်လေသည်။

'ခွမ်း...ဖျောင်း...'

'ဟာ... ဒီမြင်းလုပ်ပုံနှယ်... ဒုက္ခတွေတော့များကုန်တော့မှာပဲဗျို့...'

'ဖယ်ကြဟေ့... ဖယ်ကြ... မြင်းက စိတ်ရိုင်းဝင်နေပုံရတယ်...'

တစ်ယောက်တစ်ပေါက် ဝိုင်းအော်နေကြသော လက်သမားတွေက မြင်းနက်ကြီးမဟူရာ၏ အမူအရာတွေကိုကြည့်ကာ ခပ်လှမ်းလှမ်းမှ ဝိုင်းအော်နေကြသည်။ အယ်ဒီဘည္ဍန့်နှင့် မစိန်သုံတို့မှာလဲ လဲပြိုကျသွားသော အုန်းပွဲငှက်ပျောပွဲနှင့် အမွှေးနံ့သာတိုင်





တွေကိုကြည့်ပြီး ကြက်သေပင် သေနေမိကြ၏။

ထိုအခါမှ ခပ်လှမ်းလှမ်းမှ မြင်းရိုက်ကြိမ်တစ်ချောင်းကို ကျစ်ကျစ်ပါအောင် ကိုင်ကာ ဒေါနှင့်မောနှင့် ပြေးလိုက်လာသည့် မြင်းထိန်းနာ ဘီဘရာကို တွေ့လိုက်ရသည်။

ဘီဘရာ၏ ခေါင်းပေါ်တွင် အမြဲတစေပေါင်းထားသော ပိတ်ဖြူစကြီးမှာ နံနက်ကမဟူရာကိုက်လိုက်သည့် နားရွက်တစ်ဖက်မှဒဏ်ရာကို လုံအောင်ပတ်ပေါင်းထားကာ ထိုပိတ်ဖြူစပေါ်တွင်လဲ သွေးစသွေးနတို့ စွန်းထင်းနေ၏။ ဘာပဲပြောပြော မြင်းထိန်းနာ လုပ်လာသည့် သက်တမ်းတစ်လျှောက်လုံး ယခုကဲ့သို့ မြင်းဆိုးတစ်ကောင်၏ အကိုက်ကိုမခံရဘူးခဲ့သဖြင့် ဘီဘရာမှာ အတော်လေးပင် ရှက်လဲရှက်... စိတ်လဲတိုနေမိလေသည်။

ဘီဘရာမှာ မြင်းနက်ကြီးမဟူရာ၏အနားသို့ မောပန်းတကြီးနှင့်ပြေးလိုက်လာပြီး သူ့လက်ထဲမှာ ဆုပ်ကိုင်ထားသည့် ကြိမ်တံဖြင့် တအားလွှဲကာလွှဲကာ ဆင့်ဆင့်ပြီးရိုက်တော့သည်။

'ရွမ်း... ရွမ်း... ရွမ်း...'

ရိုက်နေရင်းနှင့်လဲ ဘီဘရာ၏ပါးစပ်မှ ကုလားလိုတစ်လှည့်၊ ဗမာလိုတစ်လှည့် မိုးမွှန်အောင်ဆဲဆိုနေတော့သည်။

မြင်းနက်ကြီးမဟူရာမှာ ဘီဘရာရိုက်နှက်နေသည့်ကြိမ်တံအောက်တွင် တလူးလူးတလွန့်လွန့်နှင့် ဖြစ်နေကာ နာနာကျင်ကျင်ကြီး အော်လိုက်လေသည်။ ထိုအော်သံကြီးက မြင်းတစ်ကောင်၏အော်သံမျိုးမဟုတ်ဘဲ သေလုမျောပါး နာကျင်နေသည့်လူတစ်ယောက်၏ အော်သံကြီးလိုပင် ဖြစ်နေလေသည်။

မစိန်သုံ၏ လက်ထဲတွင် ပွေ့ပိုက်ထားသော ခွေးကလေး



www.burmeseclassic.com

www.burmeseclassic.com

ဂျက်ကီမှာလဲ ထူးထူးဆန်းဆန်း အော်သံကြီးကြောင့် လက်ထဲမှ ရှန်းကန်ကာ ခုန်ချထွက်ပြေးသွားတော့သည်။

မစိန်သုံမှာ ထိုနေရာတွင် ဘယ်လိုမှ ဆက်ပြီးမနေရဲတော့ဘဲ လက်သမားများအတွက် လက်ဖက်သုပ်ရန် အိမ်ကြီးဆီသို့ ပြေးထွက်လာခဲ့တော့သည်။

■



# အခန်း [၅]

မောင်ဘစီမှာ အသစ်ဆောက်လုပ် ပြီးစီးသွားသည့် မြင်းဇောင်းအတွင်းမှ သစ်တိုသစ်စတွေကို ကောက်ယူသိမ်းဆည်းပြီးနောက် မဟူရာ၏နက်မှောင်နေသော ကိုယ်လုံးကြီးမှ အမွေးအမျှင်တို့ကို ဘီးဖြင့်ဖြီးပေးနေလေသည်။ မောင်ဘစီနှင့်မလှမ်းမကမ်းမှာတော့ မြင်းများကို နှိပ်နယ်ပေးရန် ရောက်လာသည့် မြင်းအနှိပ်သည် ဆိုက်ကုလားကိုပြူးမှာ သူ၏ ချည်သားလွယ်အိတ်ကြီးကို ရင်ဘတ်ထဲတွင်ပွေ့ထားလျက် မြင်းနက်ကြီးမဟူရာကို မမှိတ်မသုန် မျက်လုံးများနှင့် စိုက်ကြည့်နေလေသည်။ ထို့နောက် မြင်းအနှိပ်သည် ကိုပြူးက –

'လူကလေး . . . မောင်ဘစီ . . .၊ အဲဒီမြင်းနက်ကြီးနဲ့ လူကလေးတို့ တော်တော်ရင်း နှီးနှီးဖြစ်နေကြပလားကွဲ. . . '


www.burmeseclassic.com

www.burmeseclassic.com

မောင်ဘစီမှာလဲ . . . မြင်းအနိုပ်သည် ကိုပြူး၏ စကားကြောင့် သူ့လက်ဖဝါးထဲတွင် ကွင်းဖြင့်လျှိုပြီး စွပ်ထားသည့် မြင်းမွေးဖြီးသည့်ဘီးကို ချွတ်လိုက်ကာ –

'ဒီကောင်ကြီးက စိန်လျှံမိုးတို့၊ ကျောက်စိမ်းမောင်တို့ လိုတော့ မဟုတ်ဘူးဦးလေးပြူးရဲ့ . . .၊ နဲနဲရိုင်းတယ် . . . သူနဲ့ ရင်းနှီးဖို့ဆိုတာ တော်တော်လုပ်ယူရဦးမှာ . . .'

ထိုစဉ် မြင်းနက်ကြီးမဟူရာ၏ မျက်လုံးများက မြင်းအနိုပ်သည်ကိုပြူးနှင့် မောင်ဘစီ တို့၏ မျက်နှာများကို တစ်လှည့်စီ မျက်ခုံးရှုံ့ရင်း ကြည့်လိုက်လေသည်။

မြင်းအနိုပ်သည် ကိုပြူးက သူ့ခေါင်းကို တဆတ်ဆတ် ငြိမ့်လိုက်ရင်း –

'ဒီလိုကွဲ့ မောင်ဘစီရဲ့ . . . မြင်းတွေနဲ့ပတ်သက်ရင် ဗမာ့ကျမ်းစာပေတွေထဲမှာ ဟောထားတာက မြင်းအမျိုး ခြောက်မျိုး ရှိတယ်ကွဲ့ . . .၊ အဲ . . . ပထမအမျိုးက အလွန်တစ်ရာ ပါးနပ်ပြီး အသိရှိတဲ့အာဇာနည်မြင်းမျိုး။ ဒုတိယမျိုးကတော့ စစ်မြေပြင်မှာ အရှင်သခင်ကို စွန့်ပစ်မထားခဲ့တဲ့ အလွန်သစ္စာရှိတဲ့ ဝိနီတမြင်းမျိုးတဲ့ . . .၊ တတိယအမျိုးအစားက တကယ့်ကို ယဉ်ကျေးသိမ်မွေ့တဲ့ ဝိနာယမြင်းမျိုးတဲ့ကွ . . .'

မောင်ဘစီလည်း တော်ရုံနှင့်သိရခဲသည့် မြင်းအမျိုးအစားတွေအကြောင်းကို မြင်းအနိုပ်သည် ကိုပြူးထံမှ ကြားလိုက်ရလေရာ အထူးပင် စိတ်ဝင်တစားနှင့် ဖြစ်သွားလေသည်။ ထို့နောက် အနိုပ်သည်ကိုပြူး၏ စကားကို ကြားဖြတ်ပြီး –





'ဦးလေးပြူးက မြင်းတွေရဲ့အကြောင်းကို တော်တော်သိ တာပဲနော် . . .၊ နောက်ပြီး မြင်းတွေကို နှိပ်ပေးတဲ့နေရာမှာလဲ တကယ့်ကို ကျွမ်းကျွမ်းကျင်ကျင်ပဲ . . .'

'မြင်းအကြောင်းသိဆို မောင်ဘစီရယ် . . .၊ ဦးလေး ပြူးရဲ့ အဘိုးတွေ၊ အဖေတွေ လက်ထက်ကတည်းကစပြီး နန်းတွင်း ထဲမှာ ဒီ မြင်းအနိုပ်သည်အလုပ်ပဲ လုပ်လာခဲ့လေတော့ ဘိုးစဉ်ဘောင်ဆက် အလုပ်တစ်ခုလိုဖြစ်နေပြီပေါ့လေ . . .၊ အဲဒီတော့ မြင်းအကြောင်းဆိုလဲ မသိတာ မရှိသလောက်ပဲ ပေါ့ကွာ . . .'

ထို့နောက် မောင်ဘစီမှာ မြင်းနက်ကြီးမဟူရာ၏ ထူးဆန်းသော မျက်နှာနှင့် စရိုက်လက္ခဏာတို့ကို သိချင်စိတ်ဖြင့် မေးလိုက်လေ၏။

'ဒါနဲ့ . . . ဒီမြင်းကြီးမဟူရာရဲ့ . . . အမျိုးအစားကရော ဘယ်အမျိုးအစားထဲမှာပါလဲ ဦးလေးပြူး . . .'

ထိုစဉ် မောင်ဘစီနှင့် မြင်းအနိုပ်သည်ကိုပြူးတို့ရှိရာ မြင်းဇောင်းဆီသို့ အယ်ဒီဘညွန့်နှင့် မြင်းထိန်းနာ ဘိဘရာတို့ ရောက်လာလေသည်။ အယ်ဒီဘညွန့်က စိတ်ဆိုးမာန်ဆိုးဖြစ်နေ သောမျက်နှာနှင့် –

'ဒီမှာ ဆိုက်ကုလားကိုပြူး . . . ကျုပ်က ရိုးရိုး သားသားနဲ့မို့ ခင်ဗျားကို ကျုပ်အိမ်မှာ မြင်းအနိုပ်သည် အလုပ် လုပ်ခိုင်းထားတာ အခုလိုမျိုးမရိုးမဖြောင့်လုပ်လာရင်တော့ ခင်ဗျား ကိုကျုပ်အလုပ်ထုတ်ပစ်ရလိမ့်မယ် . . .'

ကြားလိုက်ရသော အယ်ဒီဘညွန့်၏ စကားကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ဆိုက်ကုလားကိုပြူးမှာ ပါးစပ်အဟောင်းသားနှင့် ဘာမှနားမလည်နိုင်အောင်ဖြစ်သွားလေသည်။

'ဗျာ... ဘယ်လို...'

'အခုမှ ခင်ဗျား ဘာမှမသိနားမလည်ချင်ယောင်ဆောင်မနေပါနဲ့ ကိုပြူး... ကျုပ် နိုင်ငံခြားက တန်ဖိုးကြီးကြီးပေးပြီး ဝယ်ထားရတဲ့ မြင်းစာသြစတေးလျအုတ်တွေကို ခင်ဗျား ခိုးခိုးထုတ်သွားတာ မနည်းတော့ဘူး...'

'ဗျာ...'

မြင်းအနှိပ်သည်ကိုပြူးမှာ အယ်ဒီဘညွန့် စွပ်စွဲပြောဆိုလိုက်သည့်စကားကြောင့် သူတစ်ကိုယ်လုံး လေထဲတွင် အထိန်းအကွပ်မရှိဘဲ လွင့်ပျံသွားသလို ခံစားလိုက်ရသည်။ ထို့နောက် အယ်ဒီဘညွန့်ကဆက်ပြီး –

'ဒီမှာ ကိုပြူး... မြင်တဲ့လူက မမြင်ဘဲနဲ့တော့ မပြောဘူး...၊ အခု ကျုပ်မြင်းစာအိတ်ထဲမှာ သြစတေးလျအုတ်တွေ တော်တော်ကိုလျော့နေပြီ...၊ ခင်ဗျား ဘာမှငြင်းမနေနဲ့...'

ထိုအချိန်မှာပင် အယ်ဒီဘညွန့်နှင့် မလှမ်းမကမ်းတွင် ရပ်နေသော မြင်းထရိန်နာ ဘီဘရာမှာ မျက်နှာကိုတစ်ဖက်သို့ လွှဲလျက် သူနှင့်မဆိုင်သလို အဝေးတစ်နေရာဆီသို့ လက်ပိုက်ပြီး ငေးကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

မြင်းအနှိပ်သည်ကိုပြူးမှာ အယ်ဒီဘညွန့်စကားကြောင့် လက်တကာကာ တပြင်ပြင်နှင့် –

'မ မဟုတ်သေးဘူး . ' သူဌေးမင်း . .





ဘုရားပေးပေး၊ ကျမ်းပေးပေးပါ...၊ ကျုပ် ဒီလို မရိုးမဖြောင့်တဲ့အလုပ်မျိုး ဘယ်တုန်းကမှ မလုပ်ဖူးဘူး...၊ နောက်ပြီး... ကျုပ် အလုပ်က မြင်းအနှိပ်သည်အလုပ်ပါ၊ ဒီမြင်းစာတွေနဲ့လဲ ဘယ်လိုမှ မပတ်သက်ဘူး...'

မောင်ဘစီမှာ အယ်ဒီဘညွန့်နှင့် မြင်းနှိပ်သည်ကိုပြူးတို့ တစ်ယောက်တစ်ခွန်းပြောဆိုနေသည်များကို မျက်တောင်မခတ်ဘဲ တအံ့တသြနှင့် ငေးကြည့်နေမိလေသည်။ တစ်ချိန်ထဲမှာပင် ပြီးခဲ့သည့်ရက်ကမှ အိတ်တစ်လုံးနှင့်အပြည့်ရှိသော မြင်းစာများ လျော့သွားသည်ဟု ကြားလိုက်ရသောအခါ လွန်စွာမှအံ့သြသွားရလေသည်။ ပြီးတော့ အယ်ဒီဘညွန့်ရှေ့တွင် အမြဲလိုလို ကုန်းချောစကားတွေနှင့် မျက်နှာလိုမျက်နှာရလုပ်တတ်သော ဘီဘရာ့ကို ကြည့်ကာ လွန်စွာမှမုန်းတီးမိလေသည်။

ထို့နောက် မြင်းအနှိပ်သည် ကိုပြူးမှာ ဒေါသကြောင့် တုန်ရင်သောလေသံဖြင့် –

'ဒီမှာ ဦးဘညွန့်... ခင်ဗျားက ဘာမဟုတ်တဲ့ ကောက်ကျစ်တဲ့လူတစ်ယောက်ရဲ့ ကုန်းတိုက်စကားကြောင့် အခု ကျုပ်ကို သူခိုးလို့ စွပ်စွဲလာပြီဆိုတော့ ကျုပ် ခင်ဗျား အိမ်မှာ အလုပ်ဆက်ပြီးမလုပ်ရဲဘဲ ရှိတော့တာပေါ့၊ အဲ... ဒါပေမဲ့ ကျုပ်တစ်ခုတော့ပြောထားခဲ့မယ်၊ ခင်ဗျား သေသေချာချာ မှတ်ထားပါ...၊ တစ်နေ့ ခင်ဗျားယုံကြည်အားကိုးနေတဲ့ သူဟာ ခင်ဗျားနောက်ကျောကို ဓားနဲ့ထိုးမဲ့သူပဲဦးဘညွန့်...၊ ကဲ ကျုပ်သွားမယ်...'

လေသံခပ်မာမာနှင့်ပြောပြီး အနားမှ ထွက်သွားသော


www.burmeseclassic.com

www.burmeseclassic.com

မြင်းအနှိပ်သည် ကိုပြူး၏ကျောပြင်မှာ ဒေါသကြောင့် တသိမ့်သိမ့် လှုပ်ခါနေ၏။ သူ၏ လက်နှစ်ဖက်စလုံးမှာလဲ တောင့်တင်းလျက် လက်သီးတို့ကို ကျစ်ကျစ်ပါအောင်ပင်ဆုပ်ထားကာ အလွန်လျင်မြန်သောခြေလှမ်းကျဲကြီးများဖြင့် ခြံဝင်းကြီးထဲမှ ထွက်ခွာသွားလေတော့သည်။

ထို့နေ့ညနေဖက်တွင် မစိန်သုံမှာ နေ့စဉ်လုပ်နေကျအတိုင်း မောင်ဘစီအတွက် ထမင်းနှင့်ဟင်းတို့ကို သူနေထိုင်ရာတဲဆီသို့ သွားပို့ပေးရလေသည်။ မောင်ဘစီနေထိုင်ရာ တဲငယ်လေးမှာလဲ မြင်းကြီးမဟူရာအတွက် အသစ်ဆောက်ထားသည့် မြင်းဇောင်းနှင့် မလှမ်းမကမ်းတွင်ရှိလေရာ ထိုမြင်းဇောင်းအသစ်ထဲတွင် မောင်ဘစီတစ်ယောက် အလုပ်ရှုပ်နေသည်ကို မစိန်သုံလှမ်းမြင်နေရ၏။ မြင်းဇောင်းအတွင်းမှ မဟူရာမှာလဲ မစိန်သုံကို မြင်လိုက်သည်နှင့် ခေါင်းတစ်ခါခါ၊ လည်တစ်ခါခါနှင့် ဖြစ်သွားလေသည်။

'ဟဲ့ ဘစီ . . . နင့်အလုပ်တွေပြီးပလား . . .၊ ငါ ဒီမှာ နင့်အတွက် ထမင်းလာပို့တာ . . .၊ ဒီနေ့တော့ နင်ကော . . . ငါကော . . . ခွေးကလေးဂျက်ကီကော ကံကောင်းတယ်ဟ . . .'

'ဟင် . . . ဘာဖြစ်လို့လဲ အစ်မရဲ့ . . .'

မောင်ဘစီက မြင်းစားမြက်တွေကို ခြင်းကြီးတစ်ခုအတွင်းသို့ ထိုးကြိတ်ထည့်နေရာမှ မစိန်သုံ၏စကားကို လှမ်းမေးလိုက်လေသည်။ မစိန်သုံက –

'ဟိုလေ . . . ဘွားဘွားကြီးက အတော်လေးနေမကောင်းဖြစ်နေတာ . . .၊ အဲဒါ . . . ဘွားဘွားကြီးက သူ့အတွက်ချက်





ထားတဲ့ ကြက်သားပြုတ်ကြော်နဲ့ ငါးကြော်တွေကို သိပ်မစားနိုင်ရှာပါဘူးဟာ . . . ငါလဲ . . . နင်ရယ် . . . ငါရယ် . . . ခွေးကလေးဂျက်ကီရယ် စားဖို့ဆိုပြီး အဲဒီ ပိုနေတဲ့ဟင်းတွေကို ခွဲထည့်လာတာဟ၊ ရော့ . . . ဒီမှာ နင့်အတွက် . . .'

မစိန်သုံလှမ်းပေးနေသော ထမင်းပန်းကန်ပြားထဲတွင် ထမင်းနှင့် ကြက်သားပြုတ်ကြော်တွေက အပြည့်အမောက်ဖြစ်နေ၏။

မောင်ဘစီမှာလဲ ပေကျံနေသောလက်တွေကြောင့်မစိန်သုံထံမှ ထမင်းပန်းကန်ပြားကို လှမ်းမယူနိုင်အားသေးဘဲ မြင်းစောင်းအတွင်းမှ သင့်တော်ရာနေရာတွင် တင်ထားနိုင်းလေသည်။ ထို့နောက် မောင်ဘစီမှာ မြင်းစာမြက်ထုံးများထည့်ထားသည့် ခြင်းတောင်းကြီးကို စိန်လျှံမိုးတို့၊ ကျောက်စိမ်းမောင်တို့ မြင်းဇောင်းဆီသို့ သယ်ပိုးပြီးသွားပို့ရလေသည်။

'ဟဲ့ ဘစီ . . . ဒီလောက်ကြီးတဲ့ ခြင်းကြီးကို နင်တစ်ယောက်ထဲ မနိုင်လို့လားဟ . . . ပေးပေး ငါပါဝိုင်းကူပြီး သယ်ပေးမယ် . . .'

ပြောပြောဆိုဆို မစိန်သုံက မောင်ဘစီ ခါးစောင်းတစ်ဖက်ပေါ် မနိုင့်တစ်နိုင်နှင့် ဆွဲတင်နေသော မြက်ခြင်းကြီးကို ကူပြီးမပေးလေသည်။

'ရပါတယ် အစ်မရဲ့ . . . ဒီအလုပ်တွေက ကျွန်တော် နေ့တိုင်းလုပ်နေရတဲ့အလုပ်တွေပါ . . .'

ထိုနေရာနှင့် တစ်ဖက်မှ မြင်းဇောင်းမှာ မဝေးလှသော်လဲ အတော်အတန်ပင် လေးလံလှသော မြင်းစာမြက်ခြင်းကြီးကို

www.burmeseclassic.com

မစိန်သုံက လက်အုံသေလောက်အောင်ပင် ကူပြီးသယ်ပေးရလေသည်။ သူတို့နှစ်ယောက် မြင်းဇောင်းအသစ်ဆီသို့ မောကြီးပန်းကြီးနှင့် ပြန်ရောက်လာချိန်တွင်တော့ မောင်ဘစီအတွက် ထည့်ယူလာခဲ့သည့် ထမင်းပန်းကန်ပြားထဲမှ ထမင်းနှင့်ဟင်းတွေမှာ တစ်စက်ကလေးမှပင် မကျန်တော့ ။

'ဟင်...'

'ဟယ်... ပန်းကန်ထဲက ထမင်းနဲ့ ကြက်သားကြော်တွေဘယ်ရောက်သွားတာလဲ...'

တစ်ချိန်ထဲမှာပင် မစိန်သုံနှင့် မောင်ဘစီတို့မှာလဲ အနီးပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်လေရာ . . . မထင်မှတ်ထားသော မြင်ကွင်းကြောင့် အလွန်တစ်ရာမှ အံ့ဩတုန်လှုပ်သွားမိကြလေသည်။

သူတို့မြင်နေရသည့် မြင်ကွင်းကတော့...မြင်းနက်ကြီးမဟူရာ၏ပါးစပ်တွေက တပျတ်ပျတ်နှင့်လှုပ်ရှားနေပြီး အဆီတဝင်းဝင်းဖြစ်နေသော ပါးစပ်ကြီးကိုလဲ လျှာနှင့်လျက်နေလေ၏။

'အလို . . . တယ်ထူးဆန်းနေပါလားဟဲ့ . . . ဘစီရဲ့၊ မြင်းက အခုလို ထမင်းတွေဟင်းတွေစားတယ်ဆိုတာ ငါဖြင့် တစ်ခါမှမကြားဘူးပါဘူး...'

'ဟုတ် . . . ဟုတ်တယ်အစ်မ . . . ကျွန်တော်လဲ မြင်းတွေနဲ့ နေလာတာကြာပြီ . . . ဒီလို သားတွေငါးတွေစားတဲ့မြင်းမျိုး တစ်ခါမှ မမြင်ဘူးဘူး...'

မစိန်သုံနှင့် မောင်ဘစီမှာ မြင်းနက်ကြီးမဟူရာကို ကြည့်နေရင်း အလိုလိုပင် ကြက်သီးမွေးညင်းများ ထလာကာ

ထက်ဝေယံဝ အုပ်တိုက်



ထိုနေရာမှ ပြေးထွက်လာခဲ့ကြတော့သည်။

ထိုနေ့ညတွင် မစိန်သုံမှာ နေမကောင်းဖြစ်နေသည့်အယ်ဒီဘညွန့်၏ကတော် ဒေါ်တဆုပ်ကို ပြုစုပေးနေရသဖြင့် အတော်ကလေးညဥ့်နက်မှ သူနေထိုင်ရာ အဖီကလေးသို့ ပြန်လာခဲ့ရသည်။ တစ်နေကုန်အောင် အိမ်အလုပ်တွေနှင့် မအားလပ်ရသည့်အထဲ ယခုကဲ့သို့ လူမမာ ဒေါ်တစ်ဆုပ်၏ဘေးတွင် ပြုစုပေးနေရသည့်အတွက် မစိန်သုံမှာ အတော်ကလေးပင် စိတ်ပန်းလူပန်းဖြစ်နေလေရာ ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားလေတော့သည်။

မစိန်သုံ အိပ်ပျော်သွားပြီး မကြာခင်အချိန်မှာတော့ –

'ဒေါက်... ဒေါက်... ဒေါက်...'

'ဒေါက်... ဒေါက်...'

ယခင်က မြင်းနက်ကြီးမဟူရာ၏ ယာယီမြင်းဇောင်းထားရာ ဘေးဖက်မှနံရံကို တစ်စုံတစ်ယောက်က လာခေါက်နေသံကြားလိုက်ရသည်။

မစိန်သုံမှာ ထိုအသံကိုကြားလိုက်ရသည်နှင့် ဖျတ်ကနဲလန့်နိုးသွားကာ သူ့ရင်တစ်ခုလုံး ဗျောင်းဆန်အောင်ပင် လှုပ်ရှားသွား၏။

'ဒေါက်... ဒေါက်...'

'မစိန်သုံ... မစိန်သုံ...'

ဒီတစ်ခါ ပျဥ်ထောင်ကို လက်နှင့်ခေါက်နေသံနှင့်အတူ သူ့နာမည်ကိုပါ လေသံခပ်တိုးတိုးနှင့် ကပ်ပြီးခေါ်နေပြန်၏။

'ဟင် . . . ငါ့နာမည်ကို ခေါ်နေတာပါလား . . . ဒါ... ဒါ ဘယ်သူလဲ...'

ထက်ဝေယံဝ အုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

'မစိန်သုံ... ထပါဦး...၊ မစိန်သုံ...'

အသံက လေသံတိုးတိုးနှင့်သာဖြစ်နေ၍ ဘယ်သူဘယ်ဝါ၏အသံမှန်း မခွဲခြားနိုင်ဘဲ ရှိလေရာ ပိုပြီးချောက်ချားနေမိလေသည်။ ပြီးတော့ ဒီတစ်ခါ ကြားနေရသည့်အသံကလဲ သူမကို အိပ်ယာမှ ထနိုင်းနေသည့်အသံ...။ ထိုအချိန်မှာပင် မစိန်သုံ၏ ခေါင်းထဲသို့ ပြီးခဲ့သည့်ရက်က သူ့ကို ရိသဲ့သဲ့လုပ်သွားသည့် ဘီဘရာ၏ မျက်နှာက ပြုန်းကနဲ ရောက်လာပြန်၏။

'ဟင်... မဟုတ်မှလွဲရော... ဟို ဘီဘရာဆိုတဲ့ မျက်နှာစုတ်ချွန်းချွန်းနဲ့ကုလားမျိုး လာခေါ်နေတာလား...'

ထိုအတွေးကြောင့် မစိန်သုံမှာ အသားတွေပင် တဆတ်ဆတ်တုန်လာမိလေသည်။ ပြီးတော့ ဘီဘရာက မစိန်သုံ တစ်ယောက်ထဲ ဒီအဖီကလေးထဲတွင် ရှိနေမှန်း သိထားသူဖြစ်လေရာ... မစိန်သုံအဖို့ အကြီးအကျယ်ပင် ကြောက်လန့်နေမိသည်။

BURMESE CLASSIC .com

ထိုအချိန်မှာပင် –

'ဒေါက်... ဒေါက်...'

'မစိန်သုံ... ထပါဦး... ကျွန်တော်ပါဗျ... ဘစီပါ...'

နောက်ထပ် ကြားလိုက်ရသော လေသံခပ်တိုးတိုးကြောင့် မစိန်သုံမှာ ဘေးမှပျဉ်ထောင်နားသို့ကပ်ကာ –

'ဘယ်သူလဲ... ဘစီလား... ညကြီးမင်းကြီး ဘာကိစ္စရှိလို့လဲ...'

'ဟုတ်... ဟုတ်ကဲ့ ကျွန်တော် ဘစီပါ...





အရေးကြီးလို့... တံခါးဖွင့်ပါဦး...'

ထိုအခါမှ မစိန်သုံမှာ သက်ပြင်းကို ဟင်းကနဲချရင်း ဘေးပြူတင်းပေါက်ကို တွန်းဖွင့်လိုက်လေသည်။ မစိန်သုံ တံခါးဖွင့်လျှင်ဖွင့်လိုက်ခြင်း မောင်ဘစီက –

'ဟို... ဟို... မ... မဟုရာ မြင်းဇောင်းထဲမှာ မရှိတော့ဘူး မစိန်သုံ...'

'ဟင်... ဟုတ်ရဲ့လား မောင်ဘစီရယ် သေသေချာချာလဲ သွားကြည့်ပါဦး...'

မစိန်သုံက ပြူးတင်းပေါက်ကနေ မောင်ဘစီကို ငုံ့ကြည့်နေရင်း စိုးရိမ်တကြီးနှင့် ပြန်ပြောမိလေသည်။ မောင်ဘစီမှာလဲ သူ့ခေါင်းမှ ဆံပင်တွေကို တဗျင်းဗျင်းကုတ်ရင်း –

'ဟုတ်တယ်အစ်မ သေချာတယ်... ကျွန်တော် မြင်းဇောင်းကိုရောက်တော့ မြင်းဇောင်းတံခါးကပွင့်နေတယ်... ပြီးတော့ ဒီတစ်ခြံလုံးလဲ လှည့်ပတ်ပြီးကြည့်ပြီးပြီ။ ဘာအရိပ်အယောင်မှ မတွေ့ရဘူး... ပိုဆိုးတာက ခြံဝင်းတံခါးကြီးကို ညက ကျွန်တော်ကိုယ်တိုင် အသေအချာပိတ်ထားရက်သားနဲ့ အခုပွင့်နေတယ်... ဒုက္ခပါပဲဗျာ... ဘာဘကြီးသိရင် ကျွန်တော်တော့ အဆူခံရတော့မှာပဲ...'

'သိပ်လဲ စိတ်ပူမနေပါနဲ့ ဘစီရယ်... ခဏတော့ စောင့်ကြည့်ပါဦး... ဟိုနားဒီနား ထွက်သွားတာနေမှာပေါ့'

ပြောသာပြောလိုက်ရသော်လဲ မစိန်သုံ၏ရင်ထဲတွင်မတင်မကျကြီးဖြစ်နေမိသည်။ ပြီးတော့မောင်ဘစီပြောသလို ပိတ်ထားသည့်ခြံဝင်းတံခါးကြီးကို ဖွင့်ပြီးထွက်သွားသည့် မဟုရာကိုလဲ



www.burmeseclassic.com

www.burmeseclassic.com

စိတ်ထဲက အလိုလိုနေရင်း သံသယဖြစ်နေမိသည်။

'မဟူရာဟာ သာမန်မြင်းတစ်ကောင်မဟုတ်တာတော့ သေချာနေပြီ . . .၊ ပြီးတော့ ဓာတ်ပုံဆရာတွေ့လိုက်ရတဲ့မဟူရာရဲ့ကျောပေါ်က အသားမည်းမည်းနဲ့လူကရော . . .၊ မဟုတ်မှ လွဲရော အဲဒီကျောပေါ်က အသားမည်းမည်းနဲ့လူကများ ခြံဝင်းတံခါးကိုဖွင့်ပြီး ထွက်သွားတာများလား . . .'

မဆီမဆိုင် အတွေးတွေက မစိန်သုံးခေါင်းထဲတွင် တခဏအတွင်း ပြည့်ကျပ်ရှုပ်ထွေးသွား၏။ ထိုညအဖို့ မစိန်သုံးနှင့် မောင်ဘစီတို့မှာ အတွေးကိုယ်စီဖြင့် တွေးနေမိကြချိန်တွင် မြင်းထရိန်နာ ဘီဘရာမှာ တာမွေ မအူကုန်းရပ်ကွက်တစ်ခုအနီး ကတ္တရာလမ်းမကြီးပေါ်တွင် သောက်ထားသော အရက်များ၏ အရှိန်ကြောင့် ယိမ်းထိုးနေသော ခြေလှမ်းများနှင့် သူနေထိုင်ရာ အိမ်ဆီသို့ လျှောက်ပြန်လာလေသည်။

သူ ခြေလှမ်းအနည်းငယ်မျှ လျှောက်သွားပြီးနောက် မကြာမီ သူ့နောက်ကျောဖက်ဆီမှ ကဆုန်ဆိုင်းကာ ပြေးလာနေသည့် မြင်းခွာသံတွေကို ကြားလိုက်ရလေ၏။ ထိုမြင်းခွာသံတွေက သူ့အနားသို့မရောက်မီမှာပင် 'ရှမ်း' ကနဲ ဟူသောမြည်သံနှင့်အတူ သူ့ကျောပြင်နှင့် ဝမ်းဗိုက်ပေါ်သို့ ရစ်ပတ်ပြီး ကျရောက်လာသည့်ကြာပွတ်ကြောင့် ပူကနဲခံစားလိုက်ရကာ ရှေ့သို့ ခွေကနဲ လဲကျသွား၏။

'ရှမ်း . . .'

'အား . . .'

ဘီဘရာမှာ ပြင်းထန်သော ရိုက်နှက်မှုကြောင့်





ကျောပြင်နှင့် ဝမ်းဗိုက်တို့ကို ပွတ်သပ်နေရာမှ မြင်းပေါ်မှ လူကို မော့ကြည့်လိုက်လေသည်။ ထိုမြင်းပေါ်မှလူမှာ ကျောလယ်အထိ ဝဲကျနေသော ဆံပင်တွေနှင့် မီးသွေးတုံးလို နက်မှောင်နေသော အသားအရည်ရှိသူဖြစ်ပြီး သူစီးထားသော မြင်းမှာလဲ ခြေသံလက်သံတွေ တောင့်တင်းသန်မာသည့် မြင်းနက်ကြီးတစ်ကောင် ဖြစ်နေသည်။

မြင်းနက်ကြီးပေါ်မှ လူမှာလဲ မြေပေါ်လဲကျသွားသည့် ဘီဘရာကို စိတ်ရှိလက်ရှိပင် ကြာပွတ်နှင့် လိမ့်ရိုက်နေပြန်သည်။

'ရှမ်း . . . ရှမ်း . . . ရှမ်း . . .'

'အား . . . သေပါပြီ . . .'

သေလုမျောပါး နာကျင်နေသော ဘီဘရာမှာ မျက်နှာနှင့် ခန္ဓာကိုယ်တစ်ခုလုံး ရစရာပင်မရှိတော့ . . .၊ သူဝတ်ထားသော အဝတ်အစားများမှာလဲ ဖွာလန်ကျဲကာ စုတ်ပြတ်နေပြီး ကြာပွတ်တစ်ချက်မွေ့လိုက်တိုင်း သွေးချင်းချင်းရဲနေသည့် အသားစတွေက ကြာပွတ်အဖျား၏ နောက်တွင် ပါသွားသလိုခံစားနေရသည်။

'ရှမ်း . . . ရှမ်း . . .'

'အား . . . ယို . . .၊ ကယ်ကြပါဦး . . .'

ဘီဘရာ၏ ပါးစပ်မှ ကုလားလိုရော ဗမာလိုပါ အော်ဟစ်နေလေသည်။ သိပ်မကြာလိုက် ပျော့ခွေကျသွားသော ဘီဘရာမှာ တုတ်တုတ်မျှပင် မလှုပ်နိုင်တော့ . . .။ ထိုအခါမှ အနီးပတ်ဝန်းကျင်ရပ်ကွက်ထဲမှ အချို့မှာ ပြေးထွက်လာကြလေသည်။

'ဟာ . . .'

'ဟင် . . . ဘယ်လိုဖြစ်တာလဲ တစ်ကိုယ်လုံးလဲ

www.burmeseclassic.com

www.burmeseclassic.com


ဒဏ်ရာတွေနဲ့ပါလား . . .'

ဘီဘရာမှာလဲ မျက်လုံးတွေကို ကြိုးစားပြီးဖွင့်ကာတိုးဖျော့လွန်းသည့်လေသံဖြင့် –

'ဟို . . . ဟိုမှာ မြင်းနက်ကြီးပေါ်ကလူ ကျုပ် ကျုပ်ကို ကြာပွတ်နဲ့ရိုက် . . .'

သူ့အသံတွေက နာကျင်လွန်းသဖြင့် တုန်ရင်နေပြီးမျက်နှာပေါ်မှာလဲ အလွန်အမင်းကြောက်လန့်နေသည့်ပုံ ဖြစ်နေသည်။ ဘီဘရာ့အနားတွင် ဝိုင်းအုံနေကြသော လူအုပ်ကြီးမှာ ဘီဘရာ သွေးရူးသွေးတမ်းနှင့် ပြောပြနေသည့် မြင်းနက်ကြီးပေါ်ကလူကို မတွေ့ရုံမျှမက မြင်းနက်ကြီးဆိုသည်ကိုပါ အရိပ်အယောင်မတွေ့ရဘဲဖြစ်နေကြလေရာ အားလုံးက တအံ့တသြနှင့် ဖြစ်နေကြလေသည်။

'မြင်းနက်ကြီးဆိုတာက ဘယ်မှာလဲ . . .၊ ငါတို့တော့ မြင်းခွာသံကိုတောင် မကြားမိဘူး . . .'

'ကေန္တ ဒီလူ တခြားတစ်နေရာမှာ ဖြစ်လာခဲ့ပြီး ဒီနေရာရောက်မှ သွေးရူးသွေးတန်းနဲ့ အော်တာပဲဖြစ်မယ် . . .'

ထိုလူအုပ်စုကြီးထဲမှ အလွတ်စုံထောက် တစ်ယောက် ဂိုက်ကိုဖမ်းနေသော လူတစ်ယောက်ကလဲ သူထင်ရာမြင်တွေကို ကောက်ချက်ချနေပြန်၏။

'မဟုတ်သေးဘူးဗျို့ . . . . သူဝတ်ထားတဲ့ အင်္ကျီအပြဲအစတွေက ဟောဒီနားတစ်ဝိုက်မှာ ပွနေပုံထောက်ရင် ဒီနားမှာပဲ အရိုက်ခံရတာ သေချာတယ် . . .'

တစ်ယောက်တစ်ပေါက် ပြောဆိုနေသည့်အသံတွေက မှောင်မဲနေသည့် လမ်းမကြီးပေါ်တွင် ဆူညံပွက်လောရိုက်လျက်ရှိနေသည်။ သိပ်မကြာလိုက် တစ်ကိုယ်လုံးအရိုးရာတွေနှင့် သွေးချင်းချင်းရဲနေသော ဘီဘရာမှာ သတိလစ်မေ့မျောသွားလေတော့သည်။

■


ထက်ဝေယံစာအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

နောက်တစ်နေ့နံနက်တွင် အယ်ဒီဘာညွန့်ကတော် ဒေါ်တဆုပ်၏ ရောဂါအခြေအနေမှာ သိသိသာသာကြီး ဆိုးရွားလာတော့၏။ နေ့တိုင်းလိုလိုမှာလဲ အအိပ်ပျက်၊ အစားပျက်ဖြစ်လာသဖြင့် ပါးချောင်နားချောင်တွေကျလာကာ မျက်တွင်းတွေကအလွန်အမင်းချိုင့်ဝင်လာနေသည်။ အယ်ဒီဘာညွန့်မှာလဲ ဒေါ်တဆုပ်၏ ရောဂါအခြေအနေကြောင့် စိတ်ရောကိုယ်ပါ တဖြည်းဖြည်းနှင့် ကျဆင်းလာရာ အလုပ်ပျက်အကိုင်ပျက်ပါဖြစ်လာရသည်။

နဂိုထဲက လူနည်းပြီး ခြောက်ခြောက်ကပ်ကပ်ဖြစ်နေသည့် အိမ်ကြီးအတွင်း ကောက်ကာငင်ကာကြီး နေမကောင်းဖြစ်သွားရသည့် ဒေါ်တဆုပ်ကြောင့် မစိန်သုံနှင့် ထမင်းချက်မိန်းမကြီး ဒေါ်အုန်းသစ်တို့မှာ တစ်ယောက်နှင့်တစ်ယောက် ဘာစကား



www.burmeseclassic.com

www.burmeseclassic.com

တစ်ခွန်းမှပင် မပြောဖြစ်ကြတော့ဘဲ နှုတ်ဆိတ်နေမိကြလေသည်။

မကြာမီ မောင်ဘစိန်နှင့်အတူ အယ်ဒီဘည္ဇန့်တို့နှင့်အလွန် ရင်းနှီးခင်မင်သော ရန်ကုန်မြို့ လွှစ္စလမ်း (ယခု ဆိပ်ကမ်းသာလမ်း) မှ ဆရာဝန်ကြီး ဒေါက်တာဘနာဂျီတို့ ရောက်လာကြ၏။ ဆရာဝန်ကြီးရောက်လာသည်နှင့် အယ်ဒီဘည္ဇန့်မှ ခရီးဦးကြိုပြု လိုက်ရင်း –

'ကြွပါ . . . ကြွပါ . . . ဒေါက်တာ . . .'

ဆရာဝန်ကြီး ဒေါက်တာဘနာဂျီမှာလဲ ဒေါ်တဆုပ်ရှိရာ ကုတင်ဘေးသို့သွားရပ်ကာ လူနာ၏ အခြေအနေကို အကဲခပ် သလိုနှင့် ကြည့်လိုက်ပြီး –

'ဘယ်လိုဖြစ်တယ်ဆိုတာ ပြောပြပါဦး . . .'

ဒေါ်တဆုပ်မှာလဲ တိုးဖျော့သောလေသံနှင့် ခံစားနေ ရသည့် ဝေဒနာတို့ကို တစ်လုံးမကျန်ပြောပြလေတော့သည်။

'ဒေါက်တာရယ် . . . ကျွန်မဖြင့် ညည ကောင်းကောင်း လဲအိပ်မပျော်ဘူး . . . တစ်ချက်တစ်ချက် မှေးကနဲအိပ်ပျော်သွားပြီ ဆိုရင်လဲ ကျွန်မကုတင်ဘေးနားကို အသားမည်းမည်းနဲ့ လူ တစ်ယောက် ရောက်ရောက်လာတယ်လို့ အိပ်မက် မက်တယ် ဒေါက်တာ . . .'

'ဟင် အသားမဲမဲနဲ့လူဆိုပါလား . . . ဘုရား . . . ဘုရား . . . အခုတလော ဒီအသား မဲမဲနဲ့လူဟာ ငါ့အိပ်မက်ထဲ တင်မက ဘွားဘွားကြီးကိုပါ အိပ်မက်တွေနဲ့ ဒုက္ခပေးနေပြန်ပြီ'

ထိုအတွေးနှင့်အတူ မစိန်သုံမှာ ချက်ချင်းပင် ခေါင်းနပန်း တွေကြီးသွား၏ ဆရာဝန်ကြီး ဒေါက်တာဘနာဂျီမှာလဲ ဒေါ်တဆုပ်





ပြောပြနေသည်များကို လက်ပိုက်ပြီး ခေါင်းတညိမ့်ညိမ့်နှင့် နားထောင်နေ၏။ ဒေါ်တဆုပ်ကတံတွေးတစ်ချက်ကို မျိုချလိုက်ရင်း သူ့စကားကိုဆက်ပြန်၏။

'အဲဒီ အိပ်မက်ထဲက အသားမဲမဲနဲ့လူက ကျွန်မခြေထောက် နှစ်ချောင်းကို သူ့လက်ကြမ်းကြမ်းကြီးတွေနဲ့ ကုတင်အောက်ကို ဆွဲချပြီး သူနဲ့လိုက်ခဲ့ဖို့ အတင်းခေါ်တော့တာပဲ ဒေါက်တာရယ်၊ ပြီးတော့ သူက ပြောသေးတယ် . . . ကျွန်မ သူ့နောက်ကို မလိုက်မချင်း ဒီအိမ်ကြီးမှာ သူရှိနေမှာပဲတဲ့ . . .'

ကြားလိုက်ရသည့်စကားကြောင့် ဒေါ်တဆုပ်၏ဘေးတွင် ရပ်နေကြသော အယ်ဒီဘည္ဇန့်နှင့် ဒေါ်အုန်းသင်တို့မှာ မျက်စေ့ပျက် မျက်နှာပျက်တွေ ဖြစ်ကုန်ကြသည်။ မောင်ဘစိန်နှင့် မစိန်သုံတို့ ကတော့ တစ်ယောက်မျက်နှာကိုတစ်ယောက် အဓိပ္ပာယ်ပါပါနှင့် လှမ်းကြည့်လိုက်ကြလေသည်။

'ဒီလိုရှိပါတယ် မစ္စတာဘည္ဇန့်ကတော်ရဲ့ . . . လူဟာ အအိပ်အစား ပျက်လာပြီဆိုရင် သွေးလေချောက်ချားပြီး တောင်တောင်မြောက်မြောက်တွေ အိပ်မက် မက်ထက်ကြတာ ပါပဲ၊ ဘာမှမပူပါနဲ့ ကျုပ်သောက်ဆေးတွေပေးခဲ့ပါမယ် . . .'

'ဒီလိုဆိုလဲ ပေးခဲ့ပါ . . . ဒေါက်တာရယ် ၊ ကျွန်မဖြင့် အိပ်မပျော်ရတဲ့အထဲ ရင်ဘတ်ထဲကလဲ အလိုလိုနေရင်း မောမော နေတယ် . . .'

ပြောပြောဆိုဆို ဒေါက်တာဘနာဂျီက သူ၏ဆေးသေတ္တာ အတွင်းမှ အိပ်ဆေးနှင့် အခြားဆေးများကိုပေးကာ တစ်နေ့လျှင် ဘယ်နှစ်ကြိမ်သောက်ရမည်ဟုညွှန်ကြားပြီးပြန်ကြွသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်ကြီး ပြန်ကြွသွားသောအခါ အယ်ဒီဘညွန့်မှာ အခုအချိန်အထိ ရောက်မလာသေးသော မြင်းထိန်းနာ ဘီဘရာကို သတိရသွားပြီး ဒေါ်တဆုပ်၏ ခြေဖျားလက်ဖျားတွေကို နှိပ်နယ်ပေး နေသည့် မစိန်သုံကို လှမ်းမေးလိုက်၏။

'ဟဲ့ စိန်သုံ . . . ဒီနေ့တစ်နေ့လုံး ဘီဘရာကို မတွေ့ပါလား . . .၊ ခက်တော့တာပဲ ဒီကလူတွေကလဲ အလုပ်ကိုအလုပ်နဲ့တူအောင် မလုပ်ချင်ကြဘူး . . . လစာကျတော့ အပြည့်လိုချင်ကြတယ် . . .'

အယ်ဒီဘညွန့်မှာ ဇနီးဖြစ်သူ ဒေါ်တဆုပ်၏ ကျန်းမာရေးအတွက် စိတ်ရှုပ်ခေါင်းရှုပ်ဖြစ်နေသည့်အထဲ သူ၏ ပြိုင်မြင်းတွေကို လေ့ကျင့်နေပေးသည့် ဘီဘရာတစ်ယောက် အခုအချိန်အထိ ရောက်မလာသေးသဖြင့် ဗျစ်တီးဗျစ်တောက်တွေ ပြောဆိုနေလေသည်။

ထိုစဉ် –

အယ်ဒီဘညွန့်တို့ ခြံဝင်းကြီးထဲသို့ . . . မြင်းညိုကြီး တစ်ကောင်ကို ကြွကြွရွရွနှင့် စီးဝင်လာသော ဂမ္ဘီရဆရာထွန်းကြီးကို တွေ့လိုက်ရလေသည်။ ဆရာထွန်းကြီးမှာ နက်မှောင်နေသော သူ၏ဆံပင်တွေကို ယောင်တစောင်းထုံးထားပြီး နံ့သာရောင်ဖျော့ တံဘက်ကိုခေါင်းတွင်ပတ်ပေါင်းထားသဖြင့် လွန်စွာမှတည်ကြည် ခန့်ညားသော ဥပဓိရုပ်က ပိုပြီးပေါ်လွင်နေလေသည်။

'အလို . . . ဆရာထွန်းကြီး ကြွလာပါလား . . . ဟော့ . . .'

အယ်ဒီဘညွန့်မှာ ဂမ္ဘီရဆရာထွန်းကြီးကို တွေ့လိုက်ရ





သည်နှင့် ပါးစပ်ကဝမ်းသာအားရပင် ခရီးဦးကြိုပြုကာနှုတ်ဆက် လိုက်လေသည်။ ဆရာထွန်းကြီးမှာ သူစီးလာသော မြင်းညိုကြီး ပေါ်မှ ပေါ့ပါးသွက်လက်စွာဆင်းလိုက်ပြီး အိမ်ကြီးအတွင်းသို့ ဝင်လာသည်နှင့် –

'ဘယ်လိုလဲ ဘုရားတကာကြီးရဲ့ . . . ၊ ပွဲကတော်ကြီး နေမကောင်းဖြစ်တယ်ကြားလို့ လူနာမေးရအောင် ရောက်လာခဲ့ တာပဲ . . .'

'ဟုတ်ပါတယ် ဆရာကြီးရယ် . . . ၊ အခုတလော ကျွန်တော့်ဇနီးမတဆုပ်လဲ ဘာ ဖြစ်တယ်မဆိုနိုင်ပါဘူးဗျာ . . .၊ တရှောင်ရှောင်နဲ့ အအိပ်ပျက်၊ အစားပျက်တွေဖြစ်လာလိုက်တာ လူတောင် အရိုးပေါ်အရေတင်ပဲရှိတော့တယ် . . .'

အယ်ဒီဘညွန့်နှင့် ဆရာထွန်းကြီးမှာ စကားတပြောပြော နှင့် အိမ်ကြီး၏အပေါ်ထပ်မှ ဒေါ်တဆုပ်ရှိရာ ကုတင်ဆီသို့ လျှောက်လာခဲ့ကြလေသည်။ သူတို့နှစ်ယောက် ဒေါ်တဆုပ်ကုတင် အနီးသို့ရောက်သောအခါ ဒေါ်တဆုပ်မှာ ဆရာဝန်ညွှန်ကြားသည့် ဆေးတစ်ခွက်ကိုသောက်ပြီး နှစ်ခြိုက်စွာအိပ်မောကျလျက်ရှိနေ လေသည်။

'အေးကွယ် . . . တို့ မြတ်စွာဘုရားသခင် ကိုယ်တော် တောင်မှ ဒီလို အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ ဝဋ်ဒုက္ခတွေကို ဘယ်မှာရှောင်လွှဲနိုင်လို့လဲ . . . ၊ သတ္တဝါရယ်လို့ဖြစ်လာရင် ကံတရားရဲ့ အစီအမံအောက်မှာပဲ နေသွားကြရမှာပဲလေ မဟုတ် ဘူးလား ဘုရားတကာကြီးရဲ့ . . .'

'ဟုတ်ပ . . . ဆရာကြီးရယ် ဖြစ်လာမှတော့ဘယ်တတ်



www.burmeseclassic.com

www.burmeseclassic.com

နိုင်ပါ့မလဲလေ...'

အယ်ဒီဘည္ဟန့်မှာ ဆရာထွန်းကြီးပြောပြနေသည့် တရားသဘောတွေကို ခေါင်းတငြိမ့်ငြိမ့်နှင့် နားထောင်နေလေသည်။ ဆရာထွန်းကြီးမှာလဲ စုထုံးချည်ထားသည့် သူ၏ လွယ်အိတ်ကြိုးကိုဖြည်ကာ လွယ်အိတ်အတွင်းမှ ဆေးတံနှင့် ဆေးတံသောက်ဆေးဗူးတို့ကို ထုတ်ယူလိုက်လေသည်။ ထို့နောက် ဆေးတံထဲမှ ဆေးကျိုးတွေကို တစ်ဒေါက်ဒေါက်နှင့် ခေါက်ချလိုက်ပြီး –

'ဒါနဲ့ စကားမစပ် မောင့်ရင့်ပြိုင်မြင်းတွေကော ဒီနှစ်ဂါဗာနာကပ်မှာဝင်ပြိုင်ဖို့ အတော့်ကို ပင်ပင်ပန်းပန်း လေ့ကျင့်နေလောက်ရောပေါ့...'

'အဲဒါပြောနေတာပေါ့ ဆရာထွန်းရယ်... ကျွန်တော့်မြင်းတွေကို ထရိန်နင်လုပ်ပေးနေတဲ့ ထရိန်နာက ဒီနေ့လဲ အလုပ်မလာပြန်ဘူးလေ...၊ ကျွန်တော့်မြင်းတွေကလဲ သူ့နဲ့မှအသားကျပြီးသားဖြစ်နေတော့အခြားထရိန်နာတစ်ယောက်ပြောင်းသွားတာနဲ့ ဗွေဖောက်မှာ ကြောက်ရတယ်...'

ဆရာထွန်းကြီးမှာ ဆေးတံသောက်ဆေးများကို ဆေးတံအိုးထဲသို့ လက်ဖြင့်ဖိသိပ်ထည့်လိုက်ရင်း...

'မပူပါနဲ့ကွာ... မြင်းထရိန်နာတစ်ယောက်ကဘယ်လောက်ဆိုးတဲ့မြင်း ဖြစ်နေပစေ... သူ့ကို ပျော့ပျော့ပျောင်းပျောင်းနဲ့ဆက်ဆံပြီး တင်းတင်းရင်းရင်း လေ့ကျင့်ပေးတတ်ရင် မြင်းရိုင်းတောင် မြင်းကောင်းတစ်စီး ဖြစ်လာနိုင်တာပဲကွဲ...'

အသက်အရွယ်အားဖြင့် ခုနစ်ဆယ်ကျော်ပြီဖြစ်သော





ဆရာထွန်းကြီးမှာ နှုတ်ခမ်း မွေးဖြူဖြူရှည်ရှည်ကြီးများ ဖုံးအုပ်ထားသော သူ၏ပါးစပ်တွင်ဆေးတံကိုတေ့ကာ မီးညှိဖွာရှိုက်လိုက်ပြီး မြင်းနှင့်ပတ်သက်သည့် စရိုက်သဘာဝတွေကို ဆက်ပြီးပြောပြပြန်လေသည်။

'ဒီလိုရှိတယ် ဘုရားတကာကြီး မောင်ဘည္ဟန့်ရဲ့... အနောက်တိုင်းသားတွေရဲ့ အယူအဆနဲ့ပြောရရင်တော့ မြင်းဆိုတာ ဘုရားသခင် ထူးဆန်းစွာဖန်တီးထားတဲ့ သတ္တဝါပဲ... မြင်းတွေရဲ့ ခန္ဓာကိုယ်တည်ဆောက်ပုံက ယောကျာ်းတစ်ယောက်ခန္ဓာကိုယ်နဲ့ မိန်းမတစ်ယောက်ရဲ့ ခန္ဓာကိုယ်တို့ ပေါင်းပြီးဖန်ဆင်းထားတယ်ဆိုပဲ...၊ ပြီးတော့ မြင်းတွေရဲ့ မူလစိတ်က သိပ်ကြောက်တတ်တယ်၊ အဲဒီတော့ သူ့ကို ကြောက်တဲ့စိတ်ပျောက်အောင်၊ ပြီးတော့လူတွေရဲ့ အသံဆန်းတွေကို မကြောက်တတ်အောင် အမျိုးမျိုးလေ့ကျင့်သင်ကြားပေးရတယ်ကွဲ...'

'ဆရာထွန်းကြီးက ဂမ္ဘီရပညာတွေအပြင် မြင်းတွေရဲ့အကြောင်းကိုလဲ နှံ့နှံ့စပ်စပ် ရှိလေတော့ မြင်းဗွေတွေအကြောင်းလဲ အတော်များများတော့သိမယ်... ထင်ပါရဲ့...'

အယ်ဒီဘည္ဟန့်မှာ ရတနာကုန်သည်ကြီး ဖြစ်သည့်နည်းတူ မြင်းအကြောင်းကိုလဲ သူ့ထက်နားလည်တတ်ကျွမ်းသည့် သူများထံမှ လေ့လာသင်ယူတတ်သူဖြစ်လေရာ... ဆရာထွန်းကြီးကို မြင်းဗွေတွေအကြောင်း မေးနေမိလေသည်။ ဆရာထွန်းကြီးက ဆေးတံကို မီးခိုးများအူနေအောင် ဖွာရှိုက်လိုက်ပြီးနောက် မြင်းဗွေတွေအကြောင်းကို စကားအစချီလိုက်လေသည်။

'မြင်းတွေမှာ ဗွေကတော့ အမျိုးမျိုးရှိကြတာပါပဲ...



www.burmeseclassic.com

www.burmeseclassic.com

တချို့လဲ ကောင်းတဲ့ဗွေပါသလို၊ တချို့လဲ ဗွေဆိုးတွေရှိကြတယ်။ အဲ . . . ဗွေဆိုးနဲ့မြင်းဆိုရင်တော့ လူကိုတောင် ပြန်ပြီးခိုက်တတ်တဲ့ သဘောတောင်ရှိတယ်ကွဲ. . . ’

ထိုအချိန်မှ အယ်ဒီဘညွန့်မှာ မြင်းထရိန်နာ ဘီဘရာ တစ်ချိန်က ပြောပြဖူးသော ‘မနုဿသီဟဗွေ’ ဆိုသည့်အကြောင်းကို သတိရသွားပြီး –

‘ကျွန်တော်လဲ မကြာသေးခင်ကမှ ဘောက်ထော်ဖက်က မြင်းတစ်ကောင် ဝယ်လိုက်သေးတယ် ဆရာထွန်းရဲ့. . .၊ အဲဒီမြင်းက ခြေဆံလက်ဆံကော၊ အရောင်အသွေးကော တော်တော်လေးစိတ်ဝင်စားတာနဲ့ ကျွန်တော်ဝယ်လိုက်တာလေ၊ မြင်းက နဖူးကလဲ ခပ်ကျယ်ကျယ်၊ နှာခေါင်းတွင်းတို့ သိုအိမ်တို့လဲ ကျယ်တယ်လေ. . . ပြီးတော့ ပေါင်သား တင်ပါးပိုင်းနဲ့ ရင်အုပ်ရင်ဝပိုင်းကလဲ တခြားမြင်းတွေထက်တောင် ကြီးနေလေတော့ ဆိုတဲ့ဈေးကိုတောင် ဆစ်မနေတော့ပါဘူးဗျာ. . . တစ်ခါထဲဝယ်လိုက်တော့တာပါပဲ . . .၊ အဲ . . . ဒါပေမဲ့ . . . ကျွန်တော့်ရဲ့မြင်းထရိန်နာက အဲဒီမြင်းကို မနုဿသီဟဗွေပါတယ်လို့ပြောနေတယ်၊ သူ ပြောတဲ့ မနုဿသီဟဗွေဆိုတာက ဘယ်လိုဗွေမျိုးလဲ ဆရာထွန်းရဲ့. . . ’

ဆရာထွန်းကြီးမှာ အယ်ဒီဘညွန့် ပြောပြနေသည့် အကြောင်းများကို မျက်မှောင်ကျုံ့ပြီး နားထောင်နေရာမှ –

‘ဘာရယ် . . . မနုဿသီဟဗွေ ဟုတ်လား . . . ဟား ဟား ဟား . . . ငါ့ဖြင့် အသက် ခုနစ်ဆယ်တောင် ကျော်လာခဲ့ပြီ . . . မောင်ရင်ပြောတဲ့ မနုဿသီဟဗွေဆိုတဲ့





ဗွေမျိုး ကြားတောင်မကြားဖူးခဲ့ဘူး. . . ’

အယ်ဒီဘညွန့်၏ မရေမရာအမေးစကားကြောင့် ဆရာထွန်းကြီးမှာ ဟက်ဟက်ပက်ပက်ရယ်လိုက်ပြီး အထူးအဆန်းပင် ဖြစ်နေလေရာ အယ်ဒီဘညွန့်က ခပ်ဆိတ်ဆိတ်ပင် နေလိုက်ရလေသည်။

‘အေးလေ . . . ဘာပဲပြောပြော . . . ဒီမနုဿသီဟဗွေဆိုတဲ့အကြောင်းကိုတော့ ဘီဘရာက သိလို့ပြောတာပဲဖြစ်မယ် . . . ငါ သူ့ကို မေးကြည့်တာပဲကောင်းပါတယ်. . . ’

ထို့နောက်. . . ဆရာထွန်းက –

‘ငါကြားဖူးတာကတော့ မြင်းဆိုတာက ရတနာတစ်ပါးပဲ မောင်ရင်ရဲ့. . . ’

ထိုအခါမှ အယ်ဒီဘညွန့်မှာ ပြီးခဲ့သည့်ရက်က ဆရာထွန်းကြီးသိဒ္ဓိတင်ပေးထားသည့်နဝရတ်ကိုးပါးလက်စွပ်အကြောင်းကို သတိရသွားပြီး –

‘ဒါနဲ့ . . . ရတနာဆိုလို့ မပြောမဖြစ်ပြောရဦးမယ် ဆရာထွန်းရေ. . .၊ အရင်က ဆရာထွန်း နက္ခတ်အဝင်အထွက်တွေနဲ့ သိဒ္ဓိတင်ပေးထားတဲ့နဝရတ်ကိုးသွယ်လက်စွပ်က အလိုလိုနေရင်း မွဲခြောက်ခြောက်အရောင်တွေ ပြောင်းသွားလိုက်တာ ကျွန်တော်ဖြင့် အံ့ဩလို့ကိုမဆုံးဘူး. . . ဒါကြောင့်ပဲထင်ပါတယ် ဆရာထွန်းရယ် ကျွန်တော့်ဇနီး မတဆုပ်လဲ ကောက်ကာငင်ကာကြီး အိပ်ယာထဲ ဘုန်းဘုန်းလဲရတယ် ထင်ပါရဲ့. . . ’

အယ်ဒီဘညွန့်မှာ ပြောပြောဆိုဆိုနှင့် အိပ်ခန်းအတွင်းမှ အရောင်အသွေးတွေ မွဲခြောက်ခြောက်နှင့်ဖြစ်နေသော နဝရတ်



www.burmeseclassic.com

www.burmeseclassic.com



ကိုးပါးလက်စွပ်ကြီးကိုသွားယူလာပြီး ဆရာထွန်းအား ပြလေသည်။ ဆရာထွန်းကထိုလက်စွပ်ကိုနေရောင်တွင်ထောင်ကြည့်လိုက်ပြီး–

'ဟုတ်ပါ့... အရောင်အသွေးတွေကရတနာစိန်ကျောက်တွေလို့ပြောလို့မရအောင်ကို မှေးမှိန်ကုန်ကြပါလား...၊ ကျောက်သားတွေရဲ့ အပေါ်ပြင်တွေပေါ်မှာလဲ အက်ကြောင်းလေးတွေထလို့...၊ အေးလေ...၊ ဒီသိဒ္ဓိဝင်လက်စွပ်ကြောင့်တော့ ပွဲကတော်ကြီး အိပ်ယာထဲလဲရတယ်ဆိုတာကတော့ ;အကြောင်းတိုက်ဆိုင်တာမဲနေမှာပါ...၊ ငါကတော့ ဒီလို အသေးအဖွဲ့ကိစ္စလေးတစ်ခုကို အကြောင်းပြုပြီး ဥပဒါဏ်ကြောင့် ဥပဒ်မရောက်စေချင်ဘူး...'

ထိုအခါမှ ဆရာထွန်းကြီးမှာလဲ စောစောက စကားအဆက်ပြတ်သွားသည့် မနုဿီဟဗွေဆိုသည့် အကြောင်းကို အယ်ဒီဘညွန့်အား ထပ်ပြီးမေးလိုက်ပြန်လေသည်။

'ဒါနဲ့နေစမ်းပါဦး မောင်ရင်ရဲ့...၊ စောစောက မောင်ရင်ပြောတဲ့ မနုဿီဟဗွေဆိုတာ ဘယ်လိုထူးခြားတဲ့ဗွေမို့လို့ မေးတာလဲ...'

'ဒီလိုပါ ဆရာထွန်းရယ်...၊ ကျွန်တော်လဲ မနုဿီဟဗွေဆိုတာကို ဂဃနဏ မသိပါဘူး... နောက်ဝယ်တဲ့မြင်းနက်ကြီးကိုကြည့်ပြီး ကျွန်တော့်မြင်းထိရိန်နာ ဘီဘရာဆိုတဲ့လူကပြောတာပါ...'

ဆရာထွန်းကြီးမှာ ထိုမနုဿီဟဗွေ ပါသည်ဆိုသော မြင်းကို အလွန်တရာမှ စိတ်ဝင်စားလျက်ရှိပြီး သွားကြည့်ချင်သည့်စိတ်တွေက တဖွားဖွားပေါ်လာ၏။



'ကဲ... ဒါဆိုလဲ... အဲဒီ မနုဿီဟဗွေပါတယ်ဆိုတဲ့မြင်းကို သွားကြည့်ရအောင်ကွာ...'

ထို့နောက်... အယ်ဒီဘညွန့်နှင့် ဆရာထွန်းကြီးတို့မှာ အိမ်ကြီးပေါ်မှ မြင်းနက်မဟူရာရှိရာ မြင်းဇောင်းဆီသို့ စကားတပြောပြောနှင့် ထွက်လာခဲ့ကြလေသည်။ မြင်းနက်ကြီးမဟူရာအတွက် အသစ်ဆောက်ထားသည့် မြင်းဇောင်းမှာ ခြံဝင်းအတွင်းမှ ပိန္နဲပင်ကြီးများ၊ သရက်ပင်ကြီးများ၏ အရိပ်အောက်တွင် ဆောက်ထားလေရာ... နေရောင်နေပျောက်တို့ပင် ကျရောက်မနေဘဲရှိနေလေ၏။

မြင်းဇောင်းတစ်ခုလုံးမှာလဲ လေးဖက်လေးတန် ပျဉ်ပြားထူထူများနှင့် ကာရံထားပြီး မြင်းဇောင်း၏ရှေ့မျက်နှာစာ အဝင်အထွက်ပေါက်ကို ဆင်နားရွက်တံခါးနှစ်ချပ်နှင့် စေ့ပိတ်ကာထား၏။ ထိုဆင်နားရွက်တံခါးနှစ်ချပ်၏အပေါ်မှ လစ်ဟာနေသောနေရာတွင်တော့ မြင်းနက်ကြီးမဟူရာ၏ လည်ပင်းနှင့်ဦးခေါင်းပိုင်းတို့ကို အဝေးကပင် လှမ်းမြင်နေရလေသည်။

သူတို့နှစ်ဦး မြင်းဇောင်းအဝင်ဝသို့ ရောက်သောအခါ မြင်းနက်ကြီးမဟူရာမှာ ဆင်နားရွက်တံခါးချပ်ပေါ်မှနေ၍ ခေါင်းတခါခါ... လည်တခါခါနှင့် စိုက်ကြည့်နေသည်ကိုတွေ့လိုက်ရသည်။ ဆရာထွန်းက ထို ဆင်နားရွက်တံခါးနားသို့သွားကာ တွန်းဖွင့်လိုက်ရန် လက်လှမ်းလိုက်စဉ်တွင်....

'ဟင်...'

လစ်ဟာနေသော ဆင်နားရွက်တံခါးအောက်ခြေပိုင်းမှာ မြင်းတစ်ကောင်၏ ခြေထောက်မဟုတ်ဘဲ... အမွေးအမျှင်



www.burmeseclassic.com

www.burmeseclassic.com

များနှင့် ကြမ်းတမ်းသန်မာသော အသားမဲမဲ လူတစ်ယောက်၏ ခြေထောက်နှစ်ချောင်းကို လှမ်းမြင်လိုက်ရလေသည်။

'အလို . . . ဘယ်နှယ့်မြင်းရဲ့ခြေထောက်က လူတစ်ယောက်ရဲ့ ခြေထောက်နဲ့ တူနေရတာလဲ. . .'

ထိုအတွေးနှင့်အတူ သူ၏ နောက်ကျောတွင် ကပ်လျက် လိုက်ပါလာသော အယ်ဒီဘာညွှန့်ကို ချက်ချင်းပင် လှည့်ကြည့် လိုက်ရာ အယ်ဒီဘာညွှန့်မှာ မောင်ဘစိရှိရာ မြင်းဖောင်းဖက်ဆီသို့ လှမ်းကြည့်ရင်း မြင်းထရိန်နာဘီဘာရာ အလုပ်မလာသည့်ကိစ္စတို့ကို ပြောဆိုနေလေသည်။

ဆရာထွန်းကြီးမှာ သူမြင်လိုက်ရသော မြင်းကွင်းကို သေချာအောင် ဆင်နှားရွက် တံခါးအောက်ခြေသို့ နောက်တစ်ကြိမ် ပြန်ကြည့်လိုက်လေရာ မြင်းနက်ကြီးမဟူရာ၏ ခြေထောက်များမှာ ဘာမှမပြောင်းလဲဘဲ နဂိုသဘာဝအတိုင်းပင် ဖြစ်နေသည်ကို တွေ့လိုက်ရပေသည်။

'ဟင်. . . ငါစောစောက မြင်လိုက်ရတဲ့ လူတစ်ယောက် ရပ်နေတဲ့ ခြေထောက်မဟုတ်တော့ပြန်ပါလား၊ ဒါ. . . ဒါက ဘယ်လိုဖြစ်တာတုံး . . . ငါ့မျက်စိအမြင်ပဲမှားတာလား . . .၊ အေးလေ မြင်းရဲ့ခြေထောက်တွေကလဲ အနက်ရောင် . . .၊ ငါမြင်လိုက်ရတဲ့ လူတစ်ယောက်ရဲ့ ခြေထောက်ဆိုတာလဲအမဲရောင် ဖြစ်နေလေတော့ . . . မျက်စိမွဲပြီး ထင်ယောင်ထင်မှားတွေ မြင်မိတာထင်ပါရဲ့ . . .၊ ဘာပဲပြောပြော ဒီမြင်းနက်ကြီးက ငါ့မျက်စိထဲမှာတော့ အတော့်ကို ထူးဆန်းနေသလိုပဲ. . .'

ထို့နောက် ဆရာထွန်းကြီးမှာ သူမြင်လိုက်ရသည့် အဖြစ် အပျက်တွေကို အယ်ဒီဘာညွှန့်အား ဘာတစ်ခွန်းမှ ပြောပြမနေ တော့ဘဲ . . .၊ သူစိတ်ဝင်တစားဖြစ်သွားရသည့် မြင်းနက် ကြီး၏ ကိုယ်ပေါ်မှ မနုဿဗီဟဗ္ဗေကိုကြည့်ရန် ဆင်နှားရွက်တံခါးကို ဖြည်းညင်းစွာတွန်းဖွင့်လိုက် ၏လေသည်။ အယ်ဒီဘာညွှန့်မှာလဲ သူဝယ်ယူထားသည့် မြင်းနက်ကြီးမဟူရာ၏ အလုံးအပေါက်နှင့် အရောင်အသွေးတို့ကို ဆရာထွန်းကြီးအားပြသလိုသည့် ဆန္ဒ တွေကြောင့် မြင်းဖောင်းအတွင်းသို့ သူပါလိုက်ဝင်သွားလေသည်။

သူတို့နှစ်ဦး မြင်းဖောင်းအတွင်းသို့ ဝင်လိုက်သည်နှင့် မြင်းဖောင်း၏ ဘေးဘက်နံရံထောင့်တွင် သွေးရဲရဲ သံရဲရဲနှင့်သေဆုံး နေသော ခွေးကလေးဂျက်ကီကို တအံ့တသြနှင့် တွေ့လိုက်ရ လေသည်။

'ဟင်. . . ဂျက်ကီ. . .'

အမွေးစုတ်ဖွားနှင့် ခွေးကလေးဂျက်ကီမှာ ဝမ်းဗိုက်တစ်ခု လုံးဟင်းလင်းပွင့်နေလျက် အတွင်းမှကလီစာတွေက အကောင် တစ်ကောင်၏ ကိုက်ခဲစားသောက်ခြင်းခံထားရသလိုမျိုး မြေပြင် ပေါ်တွင် ပွစာကျဲနေလေသည်။

■





www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၉]

မြင်းထရိန်နာ ဘီဘရာတစ်ယောက် အလုပ်မဆင်းသည်မှာသုံးလေးရက်ပင် ရှိပြီဖြစ်သဖြင့် အယ်ဒီဘာညွှန့်မှာ ဘီဘရာနေထိုင်ရာ တာမွေအိုးစုကုန်းရပ်ကွက်ဖက်သို့ လိုက်သွားလေသည်။ တာမွေအိုးစုကုန်းရပ်ကွက်မှာ ပြွတ်သိပ်နေသော အိမ်ငယ်ကလေးများက ဟိုတစ်စု ဒီတစ်စုနှင့် ရှိနေပြီး လမ်းတွေကလဲ ကျဉ်းမြောင်းရှုပ်ထွေးလျက်ရှိလေသည်။ ထိုရပ်ကွက်ထဲမှာနေထိုင်သူ အများစုမှာလဲ ကုလားလူမျိုးများဖြစ်သဖြင့် အယ်ဒီဘာညွှန့်မှာ လမ်းမှာတွေ့သူ တစ်ဦးစနှစ်ဦးစကို မေးမြန်းစုံစမ်းလိုက်သည်နှင့် ဘီဘရာနေထိုင်ရာအိမ်ဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးပင် ရောက်သွားလေသည်။

ခြံစည်းရိုးမရှိသော ဝါးအိမ်ငယ်လေး၏ အိမ်ရှေ့ဗွက်လပ်



www.burmeseclassic.com

www.burmeseclassic.com

တွင် အဝတ်အစားဗလာဖြင့် ကလေးနှစ်ယောက်မှာ မြေကြီးပေါ်တွင် ဖုန်အလိမ်းလိမ်းနှင့် ဆော့နေကြ၏။ ပထမတော့ထိုကလေးနှစ်ယောက်ကို ဘီဘရာ၏အိမ်ဟုတ်မဟုတ် သေချာအောင်မေးမြန်းမည်ပြုပြီးကာမှ အယ်ဒီဘညွန့်က ဘာတစ်ခွန်းမှ မေးစမ်းမနေတော့ဘဲ အိမ်အတွင်းသို့ ခြေလှမ်းကျဲကြီးများနှင့် အလောတကြီးဝင်သွားလေသည်။

'အ မ လေး . . . မြင်းနက်ကြီး . . . မြင်းနက်ကြီး'

'လာကြပါဦး . . . ကျုပ်ဆီကို မြင်းနက်ကြီးလာနေပြန်ပြီ . . . ကယ်ကြပါဦး . . .'

အိမ်ဝအရောက် ရုတ်တရက်ကြားလိုက်ရသော အသံကြောင့် အယ်ဒီဘညွန့် ခြေလှမ်းများမှာ တုန့်ကနဲပင်ဖြစ်သွားပြီး အိမ်အတွင်းသို့ လှမ်းကြည့်လိုက်လေရာ –

'ဟင် . . .'

မျက်ဆံကြောင်ကြီးများနှင့် အယ်ဒီဘညွန့်ကိုစိုက်ကြည့်ကာအော်ဟစ်နေသည့် ဘီဘရာ့ကို တအံ့တသြနှင့် တွေ့လိုက်ရလေသည်။ ဘီဘရာ၏ မျက်နှာပေါ်မှာလဲ ဒဏ်ရာဒဏ်ချက်တွေကမြင်မကောင်းအောင်ရှိနေပြီး မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးတွေကသူ့ခေါင်းပေါ်မှ ဆံပင်တွေလို ဖွာလံကျဲပြီး ရှုပ်ပွနေသည်။

ဘီဘရာ၏ အနီးတွင်တော့ ဆာလီကို ကပိုကယိုနှင့်ခြုံထားသော မိန်းမတစ်ယောက်က အလွန်အမင်းပူဆွေးသောကရောက်နေရသည့်မျက်နှာနှင့် အယ်ဒီဘညွန့်ကို လှမ်းကြည့်နေလေသည်။ ထို့နောက် . . . မျက်လုံးမျက်ဆံကြောင်ကြီးနှင့်





ကမူးရှူးထိုးတွေ အော်ဟစ်နေသော ဘီဘရာ၏ပါးစပ်ကို ထိုမိန်းမကလက်နှင့်လှမ်းပိတ်ကာ အယ်ဒီဘညွန့်ကို လှမ်းပြောလိုက်၏။

'လာပါရှင် ကြွပါ . . . ဘာကိစ္စများရှိလို့လဲ . . .'

'ဒီက နုမက ဘီဘရာရဲ့ ဇနီးမှတ်တယ် . . .'

အယ်ဒီဘညွန့်မှာလဲ မျက်နှာမသာမယာနှင့် ဆာလီခြုံထားသောမိန်းမကို အကဲခတ်ရင်း မေးလိုက်၏။

'ဟုတ် ဟုတ်ပါတယ် . . . ကျွန်မကသူ့ဇနီးပါ . . .'

မြန်မာစကားကို လည်လည်ပတ်ပတ် ပြောနိုင်သောဘီဘရာ၏မိန်းမမှာ အယ်ဒီဘညွန့်ကို နံရံတွင် လိပ်ပြီးထောင်ထားသည့် သင်ဖြူးဖျာတစ်ချပ်ကို ကပျာကယာ ခင်းပေးရှာလေသည်။ အယ်ဒီဘညွန့်မှာလဲ ဘီဘရာ၏အခြေအနေတို့ကိုသိလိုဇောဖြင့် –

'ကျုပ်က ဘီဘရာအလုပ်လုပ်နေတဲ့ မြင်းဇောင်းကမြင်းပိုင်ရှင် ဦးဘညွန့်ပါ . . . ဒါနဲ့ . . . ဘီဘရာက ဘယ်လိုဖြစ်ပြီး . . .'

အယ်ဒီဘညွန့်၏ စကားမဆုံးခင်မှာပင် ဘီဘရာ၏အိမ်ပေါ်သို့ အရပ်ထောင်ထောင်မောင်းမောင်းနှင့် အနောက်တိုင်းဝတ်စုံကို ကျကျနနဝတ်ဆင်ထားသော အသက်လေးဆယ်ခန့်ယောကျာ်းတစ်ဦးရောက်လာလေသည်။ ထိုသူမှာ လွန်စွာမှမျက်နှာကြောခက်ထန်နေပြီး ကယောင်ကတန်းတွေ အော်ဟစ်နေသည့်ဘီဘရာ့ကိုမြင်လိုက်သည်နှင့် စိတ်ပျက်လက်ပျက်ဖြစ်သွားသည့်အမူအရာဖြင့် –

'ကျွတ် . . . ခက်တော့တာပဲ . . . ဒီလိုအခြေအနေမျိုးမှာ ငါ့အကြွေးတွေ ဘယ်လိုမှရတော့မှာ မဟုတ်တော့ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com

ဟု ငြီးညူလိုက်လေသည်။ ထို့နောက် ဘီဘရာ၏ မိန်းမ ဖက်သို့လှည့်ကာ လက်ညှိုးငေါက်ငေါက်ထိုးလျက် –

'ဒီမှာ . . . နင့်ယောကျာ်း ဘီဘရာ ငါ့ဆီက အကြွေး တွေယူထားတာ မနည်းတော့ဘူး . . .၊ အဲဒါ ငါ့အကြွေးကို ဘယ်နည်းနဲ့ဆပ်မှာလဲ . . .'

ဖြုန်းစားကြီးကြားလိုက်ရသောစကားကြောင့် ဘီဘရာ၏ မိန်းမမှာ ထိုသူ့မျက်နှာကိုတစ်လှည့် အိပ်ယာပေါ်တွင် ပက်လက် ဖြစ်နေသော ဘီဘရာကိုတစ်လှည့်ကြည့်ကာ ဘယ်လိုမှနားမလည် နိုင်အောင်ဖြစ်သွားရသည်။

'ရှင် . . . ဘယ်လို . . .'

'အောင်မာ . . . နင်ကပါ အခုမှ ဘာမသိချင်ယောင် ဆောင်နေပြန်တာလဲ . . .၊ ရော့ ဟောဒီမှာ နင့်လင် ငါ့ဆီက ယူထားတဲ့ငွေတွေကို စာရင်းဖယားကော ယူတဲ့နေ့ပါ ရေးမှတ် ထားတဲ့စာရွက် . . .'

ထိုသူမှာ ဘောင်းဘီအိတ်ထဲမှ အကြွေးစာရင်းစာရွက်ကို ဖျတ်ခနဲ ဆွဲထုတ်လိုက်ပြီး ဘီဘရာ၏ မိန်းမကို လှမ်းပေးလိုက် လေသည်။ ဘီဘရာ၏ မိန်းမမှာလဲ များပြားလှသည့် ငွေတွေကို အကြိမ်ကြိမ်အလီလီ လက်မှတ်ထိုးပြီး ယူထားသည့် ဘီဘရာ ကြောင့် ဘာတစ်ခုမှ မပြောသာတော့ဘဲ ငိုကြီးချက်မနှင့်ပင် ထိုသူကို တောင်းပန်တိုးလျှိုးရလေသည်။

'ကျွန် . . . ကျွန်မလက်ထဲမှာလဲ ပိုက်ဆံက များများ စားစားမရှိပါဘူးရှင် . . . ကလေးနှစ်ယောက်နဲ့ စားဖို့ သောက်ဖို့တောင် အနိုင်နိုင်ပါ . . . ပြီးတော့ ဟောဒီ





ကျွန်မယောကျာ်း ဘီဘရာ အခုလို ကောက်ကာငင်ကာကြီးဖြစ် သွားတော့ ဆေးဖိုးဝါးခကလဲ မရှိမဲ့ရှိမဲ့နဲ့ ကုနေရလို့ပါ . . .'

'တော်စမ်း . . .၊ ငါ အဲဒီအကြောင်းတွေကို နားထောင်ဖို့လာတာမဟုတ်ဘူး . . .၊ ငါ့ ဆီကယူထားတဲ့အကြွေးကို ဘယ်နည်းနဲ့ ဆပ်မှာလဲလို့ မေးနေတာ . . .'

အယ်ဒီဘည္ဘန့်မှာ ထိုသူပြောဆိုနေသည့်စကားများ ကြောင့် စိတ်မသက်မသာနှင့် ဖြစ်နေရလေသည်။ ဘီဘရာ၏ မိန်းမမှာလဲ မျက်ရည်တစမ်းစမ်းနှင့် –

'ကျွန်မ ဖြည်းဖြည်းတော့ ဆပ်ပါ့မယ်ရှင် . . .၊ ဘီဘရာနဲ့ အစုစပ်လုပ်နေတဲ့ ဘောက်ထော်ဘက်က အညာသား ကိုဆောင့်ဆီက ရစရာရှိတာလေးတွေရရင် အစ်ကိုကြီးရဲ့ ပိုက်ဆံ ကို အမြန်ဆုံးပြန်ဆပ်ပါ့မယ် . . .'

ထိုအချိန်မှာပင် အကြွေးတောင်းသူ လူရွယ်မှာမျက်မှောင် တစ်ချက် ကုတ်လိုက်ပြီး –

'ဘာ . . . နင်က အညာသားငဆောင့်ဆီက ရစရာ တွေရမှ ပေးမယ်ဟုတ်လား . . . အဲဒီအညာသားငဆောင်ဆိုတဲ့ အကောင်က မနေ့တစ်နေ့ကပဲ မြင်းအကန်ခံရလို့ သေချင်းဆိုးနဲ့ သေပါပေါ့လား . . .'

'ရှင် . . .'

ဘီဘရာ၏မိန်းမမှာ ကြားလိုက်ရသောစကားကြောင့် ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားလေသည်။ ထိုသူကဆက်ပြီး –

'နင့်လင် ဘီဘရာနဲ့ အဲဒီ ဘောက်ထော်ဖက်က အညာသားငဆောင်တို့ပေါင်းပြီး ဟိုတလောက သူ့ဌေး



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ကို မြင်းတစ်စီးလိမ်ရောင်းလိုက်လို့ အချိကြီးပွသွားတယ်ဆို ဓါတာ ငါမသိဘူးမှတ်နေလား . . . အဲဒီပိုက်ဆံတွေ အခု ဘယ်ရောက်သွားပြီလဲ . . .၊ နှင့်လင်ကော အညာသား ငဆောင်ရောက လူလိမ်လူကောက်တွေချည်းပဲ . . .၊ ကဲ အခု ကြည့်စမ်း အညာသားငဆောင်လဲ အသေဆိုးနဲ့သေရပြီ . . .၊ နှင့်ယောက်ျားလဲ မြင်တဲ့အတိုင်း ဒုက္ခရောက်ပြီမဟုတ်လား'

ကြားလိုက်ရသော ထိုလူ၏စကားများကြောင့် အယ်ဒီဘညွန့်မှာ တွေတွေဝေဝေဖြစ်သွားပြီး ပါးစပ်က ထိုနာမည်ကို တတွတ်တွတ်နှင့် ပြန်ရွတ်ကြည့်နေမိ၏။

'ဟင် . . . ဘောက်ထော်ဘက်က . . . အညာသား မြင်းသမား . . . ငဆောင် . . . နဲ့ ဘီဘရာတို့ပေါင်းပြီးသူဌေး တစ်ယောက်ကို မြင်းတစ်စီးလိမ်ရောင်းလိုက်တယ် ဆိုပါလား ဒါ . . . ဒါဆို . . .'

အကြွေးတောင်းသူ လူရွယ်မှာလဲ စိတ်ဆိုးမာန်ဆိုး မျက်နှာနှင့် –

'ဒီလို လူလိမ်လူကောက်တွေက နောက်ဆုံးတော့ ဒီလိုပဲ ဇာတ်သိမ်းရမှာပဲ . . . ထို့ . . .'

ဟုဆိုကာ ဘီဘရာတို့ အိမ်ပေါ်မှ ပြန်ဆင်းသွားလေသည်။ အယ်ဒီဘညွန့်ကတော့ ထိုသူပြောသွားသည့် ဘောက်ထော်ဘက်က အညာသားကြီး၏မျက်နှာကို ပြေးမြင်ကာ စိတ်ထဲတွင်လဲ မခံချိမခံသာဖြစ်သွားရလေသည်။ ပြီးတော့ သူ့ကို မလိုမ့်တပတ်လုပ်ပြီး မြင်းဝယ်ရန်တိုက်တွန်းခဲ့သည့် ဘီဘရာ့ကိုလဲ စိတ်ထဲတွင် လွန်စွာမှ မကျေမနပ်ဖြစ်သွားရလေသည်။ ထို့နောက် အယ်ဒီ





ဘညွန့်က ဘီဘရာ့ကို လှမ်းကြည့်လိုက်လေရာ ဘီဘရာကတော့ အိပ်ယာထဲတွင် ရုပ်ပျက်ဆင်းပျက်ဒဏ်ရာတွေနှင့် တစ်ချက်တစ်ချက် မျက်ဖြူလန်လန်သွားကာ 'မြင်း နက်ကြီးလာပြီ . . . လူမဲကြီး . . . လာပြီ . . .' ဟူသော အသံနက်ကြီးများနှင့် ချောက်ချားတုန်လှုပ်စွာ အော်ဟစ်နေလေတော့သည်။

ထိုနေ့ညပိုင်းတွင် အယ်ဒီဘညွန့်မှာ တော်တော်နှင့် အိပ်မပျော်ဘဲ အိမ်ကြီးအောက်ထပ်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရင်း သူ့အပေါ် မလိုမ့်တပတ်လုပ်သွားသော ဘီဘရာနှင့် ဘောက်ထော်ဘက်က အညာသားငဆောင်တို့ အကြောင်းကို အဖန်ဖန်အလီလီ စဉ်းစားနေမိလေသည်။

'သူတို့နှစ်ယောက်ပေါင်းပြီး ငါ့ကို မြင်းလိမ်ရောင်းလိုက်တယ်ဆိုပါလား . . .၊ တကယ်ဆိုရင် ဒီမြင်းနက်ကြီးက ဘာများချွတ်ယွင်းနေလို့ပါလိမ့် . . .၊ မဟုတ်မှလွဲရော ဒီမြင်းနက်ကြီးဝယ်လာတဲ့နေ့က ငါ့ရဲ့သိဒ္ဓိဝင် နဝရတ်ကိုးသွယ်လက်စွပ်ကြီး ထူးထူးဆန်းဆန်း အရောင်မှိန်သွားခဲ့တယ် . . .၊ ပြီးတော့ ငါ့မိန်းမ မတဆုပ်လဲ ကောက်ကာငင်ကာကြီး အိပ်ယာထဲလဲတဲ့ ဘဝရောက်ရတယ်။ ဒါတွေဟာ ဒီမြင်းနက်ကြီးမဟူရာရဲ့ ချွတ်ယွင်းချက်တွေပဲလား . . . ဒါမှမဟုတ် တိုက်ပဲတိုက်ဆိုင်လွန်းနေတာများလား . . .'

ထိုအတွေးများကြောင့် အယ်ဒီဘညွန့်မှာ ခေါင်းတစ်ခုလုံး ရှုပ်ထွေးနောက်ကျိလျက် ရှိနေသည်။ ဒီကြားထဲ မိန်းမဖြစ်သူ ဒေါ်တဆုပ်၏ကျန်းမာရေးကြောင့် အလွန်တစ်ရာမှ စိတ်သောကတွေ ဖိစီးခြင်းခံနေလေ၏။ ထို့နောက် အယ်ဒီဘညွန့်မှာ အိမ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

အတွင်း ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရာမှ မဟူရာ၏ ဓာတ်ပုံကြီးချိတ်ဆွဲထားရာ နံရံဖက်ဆီသို့ရောက်သွား၏။

ထိုနေရာသို့ရောက်သောအခါ အယ်ဒီဘညွန့်မှာ မြင်းနက်ကြီးမဟူရာ၏ ဓာတ်ပုံကြီးကိုမော့ပြီးကြည့်လိုက်လေရာ . . . ဓာတ်ပုံထဲမှ မဟူရာ၏ရုပ်ပုံကို မတွေ့ရတော့ဘဲ ဓာတ်ပုံစက္ကူသား ဖြူဖြူကြီးကိုသာ တွေ့လိုက်ရလေတော့သည်။

'ဟင် . . .'

တစ်ချိန်တည်းမှာပင် သူ့မျက်လုံးတွေကိုပင် သူမယုံကြည်နိုင်လောက်အောင် ဖြစ်သွားကာ ဓာတ်ပုံရှေ့သို့ နှစ်လှမ်းသုံးလှမ်း တိုးကာကပ်ပြီးကြည့်လိုက်ပြန်သည်။ သူ့စိတ်ထဲမှာလဲ မြင်းနက်ကြီး မဟူရာ၏ ထူးခြားဆန်းပြားသည့် အဖြစ်အပျက်တွေကို ပိုပြီး သံသယဖြစ်မိလာလေသည်။

ထိုစဉ်မှာပင် သူမြင်နေရသော ဓာတ်ပုံမှန်ဘောင်ကြီးထဲမှ မဟူရာ၏ရုပ်ပုံမှာ နဂိုအတိုင်းပင် မပျောက်မပျက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

'အလို . . . ဓာတ်ပုံက မှန်ဘောင်ကြီးထဲမှာ ရှိနေသားပဲ . . .၊ အင်းလေ မှောင်ကြီးမဲကြီးထဲမှာမို့လို့ ငါ့မျက်စိ အမြင်မှားတာပဲနေမှာ . . .၊ ဘာပဲပြောပြော ဒီမြင်းကြီးနဲ့ ပတ်သက်ပြီးတော့ အရာရာကို လျှော့မတွက်ထားတာ အကောင်းဆုံးပဲ . . . ပြီးတော့ ဘီဘရာနဲ့ အညာသားဆောင်ဆိုတဲ့လူတွေက ငါ့ကို မလိုမ့်တပတ်နဲ့ ဒီမြင်းကို ရောင်းလိုက်ကြတာဆိုတော့ မြင်းကို တစေ့တစောင်း အကဲခတ်ကြည့်ဖို့တော့ လိုလိမ့်မယ်'

ထို့နောက် အယ်ဒီဘညွန့်မှာ စောစောက ဓာတ်ပုံ





ကားချပ်ကြီးကို လှမ်းကြည့်မိလိုက်သည့်နေရာမှနေ၍ မဟူရာ၏ ဓာတ်ပုံကို ပြန်မော့ကြည့်လိုက်လေရာ နဂိုအတိုင်းပင် နေရာမရွေ့ဘဲ ရှိနေသည်ကို ထင်ထင်ရှားရှားတွေ့လိုက်ရလေသည်။

ထိုနေ့ညက မောင်ဘစီမှာလဲ သူနေထိုင်ရာ တဲငယ်အတွင်း အိပ်မပျော်နိုင်သေးဘဲရှိလေရာ အတွေးပေါင်းစုံတို့က သူ့ခေါင်းထဲတွင် တအုံနွေးနွေးနှင့် ဖြစ်နေလေသည်။ သူ ဒီအိမ်ကြီးကိုစပြီးရောက်လာကတည်းက မြင်းတွေနှင့် တသားထဲကျအောင် နေလာခဲ့သူဖြစ်သော်လည်း မြင်းနက်ကြီးမဟူရာရောက်လာမှ သူ့စိတ်တွေက အရာရာမလုံမခြုံနှင့် ဖြစ်လာသလိုလဲ ခံစားရလေသည်။ ပြီးတော့ မဟူရာ၏ ထူးထူးဆန်းဆန်းအဖြစ်တွေက ကလေးတစ်ယောက်သာသာ သူ့အတွက်တော့ ချောက်ချားတုန်လှုပ်စရာတွေ အံ့သြစရာတွေချည်းပင် ဖြစ်ခဲ့ရသည်။

ထိုသို့ ထိတ်လန့်စရာ တုန်လှုပ်ချောက်ချားစရာတွေ တွေ့ရကြုံရကြားရတိုင်း မောင်ဘစီမှာ သူ့လူမမယ်အရွယ်က ရှေ့ဆင့်နောက်ဆင့်တွေ ကွယ်လွန်သွားကြသော မိဘများကိုလဲ တမ်းတမိလေသည်။ ပြီးတော့ သူ့ကို မြင်းအနိုပ်ပညာနှင့် မြင်းအကြောင်းဗဟုသုတတွေကို အချိန်ရတိုင်း သွန်သင်ပေးခဲ့သည့် မြင်းအနိုပ်သည် ကိုပြူးကိုလည်း သတိရအောက်မေ့လျက် ရှိနေလေသည်။

ထိုအချိန်မှာပင် မောင်ဘစီရှိရာ တဲငယ်ဆီသို့ ထမင်းချက်မိန်းမကြီး ဒေါ်အုန်းသင်မှာ လက်ဆွဲမီးအိမ်တစ်ခုကိုဆွဲကာ ပြာပြာသလဲနှင့် ရောက်လာပြီး –

'ဟဲ့ ဘစီ . . .၊ ဆရာဝန် သွားပင့်စမ်း . . .၊ ဗိုလ်မှာ



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်တဆုပ် အမောဖောက်နေပြီ၊ သွား သွား မြန်မြန်...'

'ဟုတ်... ဟုတ်ကဲ့ပါ ကြီးကြီးအုန်း...'

မောင်ဘစီမှာလဲ ဒေါ်အုန်းသင် သုတ်သီးသုတ်ပြာနှင့် ပြောလိုက်သောစကားကြောင့် အပေါ်အင်္ကျီတစ်ထည်ကို ကပျာကယာကောက်ဝတ်ပြီး ဆရာဝန်ကြီး ဒေါက်တာဘနာဂျီကိုပြေးခေါ်ရလေသည်။

မောင်ဘစီမှာလဲ မဲမှောင်နေသော ခြံဝင်းကြီး၏အပြင်သို့ ရောက်သောအခါ အခန့်သင့်ပင်တွေ့ရသော လန်ချားတစ်စီးကို ငှားလျက် ဆရာဝန်ကြီး ဒေါက်တာဘနာဂျီရှိရာ လွှစ္စလမ်း (ယခုဆိပ်ကမ်းသာလမ်း )သို့ တက်သုတ်ရိုက်ပြီးသွားလေသည်။

မကြာမီ... မောင်ဘစီမှာ ဆေးသေတ္တာကိုဆွဲကိုင်လျက် ဒေါက်တာဘနာဂျီနှင့် အတူရောက်လာလေသည်။

မောင်ဘစီနှင့်ဆရာဝန်ကြီးဘနာဂျီတို့ရောက်လာချိန်တွင် အိမ်ကြီး၏အပေါ်ထွင်တော့ လူမမာဖြစ်သူ ဒေါ်တဆုပ်ကို ရေနွေးအိတ်ကပ်ပေးနေသော မစိန်သုံးနှင့် မျက်စိပျက် မျက်နှာပျက်တွေဖြစ်နေကြသော အယ်ဒီဘညွှန့်နှင့် ဒေါ်အုန်းသင်တို့ကိုပါ တွေ့လိုက်ရသည်။ ဆရာဝန်ကြီးက လူနာ၏အခြေအနေကိုအမျိုးမျိုး စမ်းသပ်ကြည့်နေလေရာ ဒေါ်တဆုပ်မှာလဲ ပြီးခဲ့သည့်ရက်က ဒေါက်တာ ဘနာဂျီလာရောက်ကုသခဲ့စဉ်ကထက် ပိုပြီးပိန်ခြုံးလာကာ ဖြူဖတ်ဖြူရော်နှင့်ပင် ဖြစ်နေလေသည်။

'ကဲ... ကျုပ်ကို ဆေးထိုးအပ်တွေပြုတ်ဖို့ ရေနွေးပူ တစ်ဖလုံလောက်ပေးပါ... လူနာရဲ့အခြေအနေကို ကျုပ်တော့ သိပ်အားရတယ်မရှိဘူး မစ္စတာဘညွှန့်...၊ ဖြစ်နိုင်ရင် ဆေးရုံ





တင်လိုက်ဖို့ အကြံပေးချင်ပါတယ်...'

မစိန်သုံးနှင့် ဒေါ်အုန်းသင်တို့မှာလဲ လူနာအတွက် လိုအပ်သည့်ကိစ္စမှန်သမျှတို့ကို ပျာယာခပ်နေအောင်ပင် လုပ်ပေးကြလေသည်။ အယ်ဒီဘညွှန့်ကတော့ ဒေါ်တဆုပ်၏ဘေးတွင်မျက်နှာမသာမယာနှင့် သက်ပြင်းတွေအကြိမ်ကြိမ်ချနေလေသည်။

မကြာမီ ဒေါက်တာဘနာဂျီက လူနာအား ဆေးထိုးပေးပြီးသောအခါ လိုအပ်သည့် သောက်ဆေးတို့ကိုပါပေးပြီး ပြန်ကြဖို့ လုပ်လေသည်။ အယ်ဒီဘညွှန့်မှာလဲ ဒေါက်တာဘနာဂျီအတွက် ဆေးဖိုးဝါးခနှင့် ခြေကြွခတို့ကိုပေးကာ မောင်ဘစီကို ပြန်လိုက်ပို့ခိုင်းလေ၏။

'မောင်ဘစီရေ... ဟောဒီကဆရာဝန်ကြီးကို အိမ်ရောက်တဲ့အထိ လိုက်ပို့ပေးလိုက်ပါကွယ်...'

'ဟုတ်ကဲ့ပါ ဘဘကြီး ကျွန်တော်လန်ချားတစ်စီးကို ကြိုပြီးငှားထားနှင့်ပြီးပါပြီ...'

မောင်ဘစီလဲ ပြောပြောဆိုဆိုနှင့် ဆရာဝန်ကြီး၏ ဆေးသေတ္တာကိုဆွဲကာ ရှေ့မှထွက်သွားလေသည်။ မောင်ဘစီ ဆရာဝန်ကြီးကို ပို့ပြီးပြန်လာချိန်မှာ အတော်ကလေးပင် ညဥ့်နက်နေပြီဖြစ်ရာ ခြံဝင်းကြီးတစ်ခုလုံးနှင့် အိမ်ကြီးမှာလဲ တိတ်ဆိတ်မဲမှောင်လျက်ပင်ရှိနေသဖြင့် အိမ်ကြီးအတွင်းသို့ ဝင်မနေတော့ဘဲ သူနေထိုင်ရာတဲဆီသို့ လျှောက်ပြန်သွားလေသည်။

ထိုစဉ်မှာပင် –

အရပ်ခြောက်ပေကျော်ကျော်မြင့်သောလူရိပ်မဲမဲသဏ္ဍာန် တစ်ခုက မဟူရာရှိရာ မြင်းဇောင်းအတွင်းသို့ ဝင်သွားသည်ကို


www.burmeseclassic.com

www.burmeseclassic.com

ရိပ်ကနဲတွေ့လိုက်ရသည်။

'ဟင်...'

မောင်ဘစီမှာ ချက်ချင်းဆိုသလို ထိုလူရိပ်ကိုမြင်လိုက်သည်နှင့် ပါးစပ်က 'ဟင်' ကနဲဟုပင် ရေရွတ်မိသွား၏။ တစ်ချိန်ထဲမှပဲ ထိုမြင်းဇောင်းရှိရာနေရာသို့ သွားကြည့်ချင်သည့် စိတ်တွေက တဖွားဖွားပေါ်လာလေသည်။

'ငါသွားကြည့်တာတော့ ဟုတ်ပါပြီ... မတော်လို့ သူခိုးသူဝှက်များဖြစ်နေပြီး ငါ့ကိုတစ်ခုခုရန်မူရင် ဘယ်လိုလုပ်မလဲ...'

ထိုအတွေးနှင့်အတူ မောင်ဘစီ၏ခြေလှမ်းတွေက တုံ့ကနဲပင်ဖြစ်သွား၏။ အတန်ကြာမှ –

'အို... ဘာပဲဖြစ်ဖြစ် သွားကြည့်လိုက်တာကောင်းပါတယ်... သူခိုးဆိုလဲ အော်လိုက်ရုံပေါ့...'

ဟု တွေးကာ မဲမှောင်နေသော မဟူရာ၏မြင်းဇောင်းဆီသို့ ခြေသံကို လုံနိုင်သမျှလုံအောင်လျှောက်ပြီး သွားကြည့်လေသည်။ သူမြင်းဇောင်းသို့ရောက်သောအခါ မြင်းဇောင်းထဲမှာ ဘာလူရိပ်လူယောင်မျှ မတွေ့ရချေ။

'ဟင်... စောစောက မြင်လိုက်ရတဲ့လူ ဘယ်ရောက်သွားပြီလဲ...'

တစ်ချိန်ထဲမှာပင် မောင်ဘစီက မြင်းနက်ကြီးမဟူရာဘက်သို့ လှည့်ကြည့်လိုက်လေရာ...

'ဟာ...'

'မစိန်သုံ... မစိန်သုံ... ထစမ်းပါဦး...





ကျွန်တော်ဘစီပါဗျ...'

မစိန်သုံမှာလဲ အချိန်မတော်ကြီး လာနှိုးနေသည့် မောင်ဘစီ၏ အသံကြောင့် လန့်နိုးသွားပြီး –

'ဟဲ့... ဘာလဲ... ဘာလဲ... ဘာဖြစ်လာတာလဲ...'

မောင်ဘစီမှာ မစိန်သုံကို ရှင်းမပြနိုင်လောက်အောင် မောဟိုက်နေပြီး မစိန်သုံအိမ်ထဲက အပြင်သို့ထွက်လာခဲ့ဖို့သာ လက်ယပ်ခေါ်နေလေ၏။ မစိန်သုံမှာလဲ မောင်ဘစီ၏ ထူးထူးဆန်းဆန်းအမူအရာကြောင့် ကပျာကယာပင် အိမ်ပေါ်မှ ပြေးဆင်းသွားမိသည်။

ထို့နောက် မစိန်သုံမှာ မောင်ဘစီခေါ်ဆောင်ရာနောက်သို့ ထပ်ကြပ်မကွာပင် လိုက်လာလေသည်။ မဟူရာ၏ မြင်းဇောင်းသို့ ရောက်သောအခါ မောင်ဘစီလက်ညှိုးထိုးပြနေသည့် မြင်းနက်ကြီးကိုကြည့်လိုက်လေရာ မဟူရာမှာ ခြသေ့်တစ်ကောင်လို ဆောင့်ကြောင့်ကြီး ထိုင်နေသည်ကို တွေ့လိုက်ရလေသည်။

မဟူရာ၏မျက်လုံးနှစ်လုံးမှာလဲမီးဝင်းဝင်းတောက်မတောက် သူတို့နှစ်ယောက်ကို ပြန်စိုက်ကြည့်နေလေသည်။

ထိုအခါမှ မောင်ဘစီနှင့် မစိန်သုံတို့မှာ တစ်ယောက်နှင့်တစ်ယောက် မတိုင်ပင်ရဘဲ ထိုနေရာမှ ခပ်ကြောက်ကြောက်နှင့် ပြန်လှည့်ထွက်လာကြလေသည်။ မစိန်သုံက မြင်းနက်ကြီးမဟူရာ၏မြင်းဇောင်းရှိရာကို မဝံ့မရဲနှင့် စောင်းငဲ့ကြည့်ရင်း –

'ဟဲ့ မြင်းကြီးထိုင်နေပုံကကြောက်စရာကြီးနော်...'

'အဲဒါ ခြသေ့်ထိုင်ထိုင်တယ်လို့ခေါ်တယ်အစ်မရဲ့...'



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလို ခြသေ့်ထိုင် ထိုင်နေတဲ့မြင်းကို မွေးမိတဲ့ မြင်းပိုင်ရှင်ဟာ တစ်နည်းမဟုတ်တစ်နည်း ခိုက်တတ်တယ်လို့ ကျွန်တော့်ကို ဦးလေးပြူးက ပြောဖူးတာပဲ . . .'

မစိန်သုံမှာလဲ မောင်ဘစီထံမှ ကြားရသည့် ထူးထူးဆန်းဆန်းစကားကြောင့် –

'နေပါဦး ဘစီရဲ့ . . . . အဲဒီခြသေ့်ထိုင်ထိုင်ရင် မြင်းပိုင်ရှင်ကို ဘယ်လိုခိုက်တာတဲ့လဲ . . .'

'ဟာ . . . အစ်မကလဲ အဲဒီလို ခြသေ့်ထိုင် ထိုင်နေတဲ့ မြင်းပိုင်ရှင်ဟာ သေတတ် တယ်တဲ့၊ ဘာမှတ်လို့လဲ . . .'

မစိန်သုံမှာ မောင်ဘစီ၏ လက်မောင်းကို ဖျန်းကနဲ နေအောင် လှမ်းရိုက်လိုက်ပြီး –

'ဟဲ့ . . . . နင်ကလဲ တောက်တီးတောက်တဲ့တွေ မပြောပါနဲ့ . . .၊ ဟိုမှာ ဘွားဘွားကြီးက နေမကောင်းဖြစ်နေရတဲ့ အထဲ မဦးမချွတ် . . .'

ဆယ်နှစ်နှစ်သားလေးပြောသည့်စကားကို မစိန်သုံကမယုံ တစ်ဝက်၊ ယုံတစ်ဝက်နှင့် ဖြစ်နေမိသည့်အပြင် မနက်ဖြန်ညမှာ ဒေါ်တဆုပ်ကို စောင့်ပြီးအိပ်ရမည့်အဖြစ်ကိုလဲ တွေးရင်းနှင့်ပင် ခပ်ကြောက်ကြောက်ဖြစ်လာမိသည်။ ထို့နောက် မစိန်သုံက –

'နင် ဒီကိစ္စကို တခြားသူတွေကိုလဲ လျှောက်ပြောမနေနဲ့ဦးနော် ဘဘကြီးသိရင် နင့်ကို ဒီအိမ်မှာတောင် ထားမှာမဟုတ်ဘူး ကြားလား . . .'

အမှောင်ထဲတွင် ခေါင်းငြိမ့်လိုက်သည့် မောင်ဘစီကိုတော့ မစိန်သုံမမြင်လိုက်၊ သူ့အတွေးနှင့်သူ မောင်ဘစီပြောပြသည့်





အကြောင်းတွေကြောင့် စိတ်ထဲတွင် မသိုးမသန့်တွေ ဖြစ်နေမိလေသည်။

မောင်ဘစီကတော့ ညတစ်ညလုံး ကောင်းကောင်းပင် အိပ်မပျော်နိုင်ဘဲ လန့်လန့်နိုးတိုင်းခြသေ့်ထိုင်ထိုင်နေသည့်မြင်းနက်ကြီးမဟူရာကိုသာ သူ့မျက်လုံးထဲတွင် မြင်နေမိလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း [၁၀]

နောက်တစ်နေ့ညတွင် မစိန်သုံမှာ ဒေါ်တဆုပ်ကို ပြုစုပေးရင်း ညစောင့်အိပ်ရလေသည်။ ဒေါ်တဆုပ်မှာလဲ အယ်ဒီဘာညွှန့်သူ့အနားမှထသွားပြီး အိပ်ယာထဲဝင်သွားတော့မှ မစိန်သုံကို အမျိုးမျိုးတွေ ခိုင်းစေနေတော့သည်။ ထမင်းချက်မိန်းမကြီး ဒေါ်အုန်းသင်မှာ မနေ့ညက လူနာစောင့်ရသဖြင့် အိပ်ရေးတွေပျက်နေလေရာ ဒေါ်တဆုပ်၏ကုတင်ဘေးတွင် ကွေးကွေးလေး အိပ်ပျော်နေ‌ေသည်။ ထိုအခါမှ ဒေါ်တဆုပ်က တိုးဖျော့လွန်းသောအသံနှင့် အိပ်ယာပေါ်မှ လူးလွန့်ကာ ထထိုင်လိုက်ပြီး –

'ဟဲ့ . . . ကောင့်မလေး . . . ငါဗိုက်ဆာလိုက်တာ၊ ငါ့ကို ဟိုတစ်ခါကလို ကြက်သားကြော်နဲ့ ထမင်းကျွေးစမ်းပါဟယ်၊ အဲဒီတုန်းက စားရတာ ဝတောင်မဝလိုက်ဘူး . . .'



www.burmeseclassic.com

www.burmeseclassic.com

'ရှင်...'

မစိန်သုံမှာ အစားအသောက်ပင် မဝင်တော့သည့် ဒေါ်တဆုပ်က ယခုကဲ့သို့ ကောက်ကာငင်ကာကြီး ဗိုက်ဆာပါသည်ဟုပြောလိုက်သောအခါ ပထမတော့ ဝမ်းသာသလို ဖြစ်သွားပြီး ပါးစပ်က 'ရှင်' ဟုပင် လွှတ်ကနဲ ထွက်သွားမိ၏။ ပြီးမှ –

'ဟင် . . . ဘွားဘွားကြီး ဗိုက်ဆာတယ်ဆိုတာ ရိုးမှရိုးရဲ့လား၊ ဟိုတစ်ခါက သူ့အတွက် ကြော်ထားတဲ့ ကြက်သား ကြော်တွေကိုတောင် သူမစားနိုင်လို့ ငါတို့စားလိုက်ရတဲ့ဥစ္စာ၊ ကယောင်ကတမ်းတွေနဲ့ ပြောနေတာထင်ပါရဲ့...'

ထိုအတွေးနှင့်အတူမစိန်သုံမှာဟိုတစ်လောကဒေါ်တဆုပ် မစားနိုင်တော့သည့် ကြက်သားကြော်နှင့် ထမင်းပန်းကန်ကို မောင်ဘစီအတွက် သွားပို့စဉ်တုန်းက မြင်းနက်ကြီးမဟူရာနှိုက်စား လိုက်သည့်အဖြစ်ကို သူ့မျက်လုံးထဲတွင် ပြန်မြင်လာကာ –

'ဒါ . . . ဒါ ဘယ်နည်းနဲ့မှ မရိုးသားဘူး . . .၊ ဘွားဘွားကြီးဟာ ဘွားဘွားကြီး အစစ်ကော ဟုတ်သေးရဲ့လား'

'ဟီး... ဟီး... ဟီး...'

ထိုစဉ်မှာပင် ခြံဝင်းထဲမှ မြင်းဟီသံကြီးကို မစိန်သုံ ကြားလိုက်ရလေသည်။ ထိုအသံကြီးမှာ သာမန်မြင်းဟီသံမျိုး မဟုတ်ဘဲ တစ်စုံတစ်ရာကို ဆာ့လောင်မွတ်သိပ်နေပြီး အော်လိုက် သည့်အသံမျိုး...။

'ဟီး... ဟီး... ဟီး...'

နောက်တစ်ကြိမ် ဟီလိုက်ပြန်သည့် အသံကြီးကြောင့် မစိန်သုံမှာ အိမ်ကြီးအပေါ်ထပ်ဆီမှ အိမ်ရှေ့ဘက်သို့ မျက်နှာမူ





ထားသော ပြူတင်းပေါက်တံခါးကိုဖွင့်ကာ ငုံ့ကြည့်လိုက်လေရာ မြင်းနက်ကြီးမဟူရာမှ ခြံဝင်းထဲတွင် လျှောက်သွားနေသည်ကို တွေ့လိုက်ရ၏။

'ဘစီက မြင်းဇောင်းတံခါးကို သေချာပိတ်မထားဘူး ထင်ပါရဲ့... အခုလို ညဖက်ကြီး မြင်းလွှတ်နေတာ ဘဘကြီး သိရင်တော့ ဆူတော့မှာပဲ'

ထိုအချိန်မှာပင် မြင်းနက်ကြီးမဟူရာမှာ ခွေးတစ်ကောင် အူသလိုမျိုး သူ၏ခေါင်းကြီးကိုမော့ကာ ကျယ်ကျယ်လောင်လောင် ကြီး ဟီလိုက်ပြန်လေသည်။

'ဟီး ... ဟီး... ဟီး... ဟီး...'

ထိုအသံကြီးမှာ နားမခံသာအောင်ပင် ဆိုးဆိုးဝါးဝါး ကျယ်လောင်သွားသော်လည်း အိမ်ကြီးအတွင်း အိပ်ပျော်နေ ကြသည့် အယ်ဒီဘညွန့်နှင့်ဒေါ်အုန်းသင်တို့မှာ တုတ်တုတ်မျှပင် မလှုပ်ကြ . . .၊ ပိုဆိုးသည်က ခြံဝင်းကြီးအတွင်းမှာနေသည့် မောင်ဘစီပင် ကြားပုံမပေါ်ဘဲရှိလေရာ မစိန်သုံအဖို့ ပိုပြီး ကြောက်လန့်တုန်လှုပ်မိလေသည်။

'ဟင်...' ဒီအသံကြီးကို ငါတစ်ယောက်ပဲ ကြားနေရ တာများလား . . . ၊ တကယ်ဆိုရင် ဒီလောက်ကျယ်တဲ့ အသံကြီးကို အိမ်သားတွေကြားရမှာပေါ့...'

ထိုစဉ် . . . မြင်းနက်ကြီးမဟူရာမှာ မစိန်သုံ ရပ်ကြည့်နေရာ အပေါ်ထပ်မှ ပြူတင်းပေါက်ဆီသို့ မျက်လုံးစိမ်းကြီး များဖြင့် မော့ပြီးကြည့်လိုက်လေသည်။

မစိန်သုံမှာလဲ ချက်ချင်းပင် ကြက်သီးမွေးညှင်းများ



www.burmeseclassic.com

www.burmeseclassic.com



ထသွားပြီး ပြူတင်းပေါက်တံခါးနားမှာ နောက်ဆုတ်နောက်ဆုတ် ခြေလှမ်းများဖြင့် လှည့်ထွက်လာကာ ကုတင်ပေါ်မှ ဒေါ်တဆုပ်ကို လှမ်းကြည့်လိုက်လေသည်။ ဒေါ်တဆုတ်မှာ ကုတင်ပေါ်တွင် ငုတ်တုတ်ထိုင်လျက် မစိန်သုံရှိရာကို မျက်လုံးစိမ်းကြီးများနှင့် စွေစောင်းကာ စိုက်ကြည့်နေသည်ကို တွေ့ရလေသည်။

ထို့နောက် မစိန်သုံမှာ ဒေါ်တဆုပ်၏ ပခုံးနှစ်ဖက်ကို အသာအယာပွေ့ဖက်လှုပ်ယမ်းလိုက်ရင်း –

'ဘွားဘွားကြီး အိပ်လေ၊ အိပ်လို့မပျော်ဘူးလား . . .'

ထိုစဉ်မှာပင် ဒေါ်တဆုပ်၏ ခန္ဓာကိုယ်ကြီးမှာ မစိန်သုံ၏ လက်ထဲတွင် ပျော့ခွေကျသွားလျက် မျက်လုံးများက ပြူးကြောင် နေကာ အသက်မရှိတော့ . . .'

'ဟင် . . .'

အမြဲတမ်းတိတ်ဆိတ်နေသော အယ်ဒီဘညွန့်တို့ အိမ်ကြီးမှာ ဒေါ်တဆုပ်၏ အသုဘကိစ္စကြောင့် လူဝင်လူထွက်တွေနှင့် စည်ကားလျက်ရှိပြီး . . . မစိန်သုံတို့ ဒေါ်အုန်းသင်တို့မှာလဲ အိမ်ကြီးရှင်၏ကတော် ဆုံးပါးသွားပြီဖြစ်သဖြင့် လွန်စွာမှ ပူဆွေး သောကတွေရောက်နေကြကာ အိမ်၏ဝေယျာဝစ္စတွေကို မလစ်ဟင်းရအောင် လုပ်ကြရလေသည်။

အယ်ဒီဘညွန့်မှာလဲ သူနှင့် နှစ်ပေါင်းများစွာပေါင်းသင်း လာခဲ့သည့် ဇနီးသည် ဒေါ်တဆုပ် ကွယ်လွန်သွားသဖြင့် ဘာကို အပြစ်တင်ရမှန်းမသိဖြစ်နေကာ ဆောက်တည်ရာမရ ဖြစ်နေလေသည်။ တကယ်တော့ မစိန်သုံနှင့် မောင်ဘစိတို့သာမက အယ်ဒီဘညွန့်ကိုယ်တိုင်ပင် ဒေါ်တဆုပ်သေဆုံးသွားရသည့်ကိစ္စကို စိတ်ထဲတွင် တအုံနွေးနွေးဖြစ်နေမိလေသည်။

မစိန်သုံက ခြံဝင်းကြီးထဲတွင် ကန္တာရဖျင်းထိုးနေသော လူအုပ်စုကြီးအတွင်းမှ မောင်ဘစိ၏အနားသို့သွားကာ –

'ဟဲ့ ဘစိ . . . နင် ညက မဟူရာရဲ့မြင်းဇောင်းကို ဘာဖြစ်လို့ မပိတ်ဘဲထားတာလဲ . . . ပြီးတော့ မြင်းကလွတ်ပြီး ခြံဝင်းထဲမှာ ဒီလောက်အကျယ်ကြီးဟီနေတာတောင် နင် နည်းနည်း မှ မကြားဘူးလား . . .'

'ဘယ်ကလာ မစိန်သုံရယ် . . .၊ ညက ကျွန်တော် မြင်းဇောင်းကို သေသေချာချာကြီးကို ပိတ်ပြီးမှအိပ်တာပါ . . .၊ နောက်ပြီး ညသန်းခေါင်လောက်က ခြင်မီးထဲ့ဖို့ တစ်ခါနိုးသေးတယ် . . . အဲဒီတုန်းကတောင် မဟူရာက မြင်းဇောင်းထဲမှာ ရှိနေတာပဲ . . . အဲဒီနောက် ဘာကြာလို့လဲ အိမ်ကြီးပေါ်က ဘွားဘွားကြီးဆုံးလို့ ငိုတဲ့အသံတွေ ကြားလိုက်ရတာ . . . ပြီးတော့ မစိန်သုံပြောတဲ့ မြင်းဟီသံတွေကို နည်းနည်းမှ မကြားမိပါဘူးဗျာ . . .'

ထိုအချိန်မှာပင် –

မောင်ဘစိမှာ ပြီးခဲ့သည့်ညက မြင်းဇောင်းထဲမှာ ခြင်္သေ့ထိုင် ထိုင်နေသည့် မဟူရာ၏အကြောင်းကို သတိရသွားပြီး မစိန်သုံကို သူစကားမှန်ကြောင်းသက်သေပြလိုသည့်မျက်နှာနှင့် –

'အစ်မကိုဟိုတစ်နေ့ညကပြောတယ်မဟုတ်လား . . .၊ မြင်းက ခြင်္သေ့ထိုင် ထိုင်ရင် လူသေတတ်ပါတယ်ဆိုတာ . . .၊ အခုတော့ ယုံပြီမဟုတ်လား . . .'





www.burmeseclassic.com

www.burmeseclassic.com

'မဟုတ်ပါဘူးဟယ် . . . ဒါက အကြောင်းတိုက်ဆိုင်လို့ နေမှာပါ . . .'

မစိန်သုံမှာလဲ ထိုစကားပြောပြီးသည်နှင့် မောင်ဘစီ၏ အနားမှလှည့်ထွက်ကာ ဒေါ်အုန်းသင်နှင့်အတူ အသုဘမေးလာကြသောဧည့်သည်တွေ၏ ဝေယျာဝစ္စတွေကို ကူညီလုပ်ကိုင်ပေးနေသည်။

အိမ်ရှေ့ ခြံဝင်းကြီး၏ ထောင့်တစ်နေရာတွင်တော့ အနီးပတ်ဝန်းကျင်မှ တတ်သိနားလည်သော လူတစ်စုမှာ ဝါးစိမ်းများကို ခွဲကာ အလောင်းတင်ရန် ဝါးကပ်ပြုလုပ်နေကြပြီး အချို့က လေးတိုင်စင်ဆောက်ဖို့ မြေကျင်းတွေကိုတူးနေကြကာ အယ်ဒီဘညွန့်တို့အိမ်ကြီးမှာ ချက်ချင်းပင် အသုဘအိမ်ကြီးနှင့်တူသွားလေတော့သည်။

အိမ်ကြီးပေါ်မှ ဟိုယခင်ကတည်းက ချိတ်ဆွဲထားသော အယ်ဒီဘညွန့်နှင့် ဒေါ်တဆုပ်တို့နှစ်ဦး တွဲရိုက်ထားသည့် အလှဓာတ်ပုံများနှင့် အခြားဆွေနီးမျိုးစပ်တော်သောသူတွေ၏ ဓာတ်ပုံတွေကိုပါ ထုံးတမ်းစဉ်လာတစ်ခုအရ ပြောင်းပြန်လှန်ကာ မှောက်လျက်ပြန်ချိတ် ထားလိုက်ကြလေသည်။ အထူးသဖြင့် မြင်းနက်ကြီးမဟူရာ၏ ဓာတ်ပုံကြီးနှင့်အတူ စိန်လျှံမိုး၊ ကျောက်စိမ်းမောင်၊ ပတ္တမြားနှင့် ငွေမိုးတို့တို့၏ ဓာတ်ပုံကြီးများကိုပါ တစ်ဖက်သို့လှန်ကာ ချိတ်ဆွဲထားလိုက်ကြ၏။

'ဟဲ့ စိန်သုံ . . . ညည်းကို ငါပြောရဦးမယ် . . . ညည်းလဲ အပျိုကလေးတစ်ယောက်ဖြစ်နေပြီဆိုတော့ ငါက သားသမီးချင်း ကိုယ်ချင်းစာလို့ပြောတာပါ . . . အခု ဘွားဘွားကြီးလဲ ရှိတော့တာမဟုတ်ဘူးဆိုတော့ ဒီအိမ်ကြီးမှာ ညည်းနဲ့ ဘဘကြီးတို့ ဆက်ပြီးအတူနေဖို့ မသင့်တော့ဘူးအေ့ . . .'





မစိန်သုံမှာလဲ ဒေါ်အုန်းသင်၏ စေတနာစကားနှင့် သွန်သင်ဆုံးမနေသည့် စကားတွေကို လိမ္မာရေးခြားရှိသူပီပီ နားလည်သဘောပေါက်လေရာ –

'ဟုတ်ကဲ့ပါ ကြီးကြီးအုန်း . . .၊ ကျွန်မလဲ ဘွားဘွားကြီးဆုံးကတည်းက အားကိုးစရာ မိန်းမသားမရှိတော့တဲ့ ဒီအိမ်ကြီးမှာ ဆက်ပြီးနေဖို့မလွယ်တော့မှန်း သိပြီးသားပါ . . .'

ဒေါ်အုန်းသင်မှာလဲ မစိန်သုံကဲ့သို့ လိမ္မာရေးခြားရှိသူ မိဘမဲ့မိန်းကလေးတစ်ယောက်အတွက် လွန်စွာမှ သနားမိသည့် စိတ်တွေနှင့် ဖြစ်နေလေရာ –

'ဒါနဲ့ နေစမ်းပါဦး စိန်သုံရဲ့ . . . ညည်းရပ်ညည်းရွာမှာ ဆွေနီးမျိုးစပ်တော်တဲ့သူ လေးဘာလေး မရှိတော့ဘူးလားအေ့'

'ရှိတော့ရှိပါတယ် ကြီးကြီးအုန်းရယ် . . .'

မစိန်သုံ၏အေးစက်စက်စကားကြောင့်ဒေါ်အုန်းသင်မှာ–

'ဒါဖြင့်လဲ ညည်းကိုပြန်လာခေါ်ဖို့ ငါအကြောင်းကြားပေးမယ်လေ . . . ငါ့ကို လိပ်စာသာပေးစမ်းပါ . . .'

မစိန်သုံမှာ ဒေါ်အုန်းသင်၏ စေတနာစကားတွေကြောင့် မျက်ဝန်းထောင့်တွေမှာ မျက်ရည်စတွေပင် နိုတွဲလာမိလေသည်။

'ကျေးဇူးတင်ပါတယ် ကြီးကြီးအုန်းရယ် . . . ရွာမှာ ကျွန်မရဲ့ ဦးလေးတော်တဲ့ ဘကြီးဦးထွန်းသောင်ဆိုတာ ရှိပါတယ်။ ဒါပေမဲ့ ဘကြီးဦးထွန်းသောင်က ကျန်းမာရေးမကောင်းတော့ ကျွန်မကို ဘယ်လာခေါ်နိုင်မှာလဲ . . .'


www.burmeseclassic.com

www.burmeseclassic.com

'ဒါဖြင့်လဲ ညည်းဖာသာညည်း ပြန်ပေါ့အေ . . .၊ ငါ့မှာတော့ ငွေလေးကြေးလေးတော့ နည်းနည်းရှိသား . . . ညည်းကို လမ်းစရိတ်ပေးလိုက်ပါ့မယ်. . .'

ထိုစကားကြောင့် မစိန်သုံမှာ သူနှင့်အတူ ဒီအိမ်ကြီးတွင် ဒိုးတူပေါင်ဖက်လုပ်လာခဲ့သည့် ထမင်းချက်မိန်းမကြီး ဒေါ်အုန်းသင်ကို လွန်စွာမှကျေးဇူးတင်မိလေရာ –

'နေပါစေ ကြီးကြီးအုန်းရယ် . . . ကျွန်မမှာလဲ ဘွားဘွားကြီးမဆုံးခင်က ပေးထားတဲ့ မုန့်ဖိုးလေးငါးခြောက်ဆယ် လောက်တော့ရှိပါတယ် . . . ပြီးတော့ မကြာသေးခင်ကမှ ဘွားဘွားကြီးပေးထားတဲ့ ပုလဲနားကပ်လေး တစ်ရံလဲရှိပါ သေးတယ်'

'ဒါဖြင့်လဲ ပြီးတာပါပဲ ကလေးမရယ်. . .၊ သွားလေသူ ကျေးဇူးရှင်ကြီး ဒေါ်တဆုပ်လဲ ကောင်းရာမွန်ရာရောက်ပါ စေတော်. . .'

ဟု ဆိုကာ ဒေါ်အုန်းသင်ကအိမ်ကြီး၏ အပေါ်ထပ်တွင် ပြင်ဆင်ထားသော ဒေါ်တဆုပ်၏ အလောင်းကြီးကိုကြည့်ကာ ဆုတောင်းလိုက်လေသည်။

ထိုအချိန်မှာပင် မစိန်သုံက ဒေါ်အုန်းသင်အား စကား တစ်ခွန်းကို ပြောသင့်မပြောသင့်နှင့် ချေတုံချတုံဖြစ်နေရာမှ –

'ဟို ဟိုလေ ကြီးကြီးအုန်းကို ကျွန်မ မေးစရာလေး တစ်ခုရှိလို့. . .'

ဟု ပြောလိုက်လေရာ ဒေါ်အုန်းသင်က –

'အလိုတော်. . . ဘာများတုံးအေ့. . .'





'ဟို မြင်း မြင်းကြီးမဟူရာရဲ့အကြောင်းပါ. . .'

ထိုအခါ ဒေါ်အုန်းသင်မှာလဲ မစိန်သုံအနားမှ ဖျတ်ခနဲပင် မတ်တပ်ရပ်ကာ –

'အမလေး မစိန်သုံရယ် မြင်းအကြောင်း ကျုပ်က ဘာနားလည်မှာတုန်း . . . ကျုပ်က တောသူဆိုတော့ ထမင်းချက်တဲ့အလုပ်နဲ့ အိမ်မှုကိစ္စကလွဲရင် ဘာမှသိတာမဟုတ် ပါဘူးတော်. . .'

ဟုဆိုကာ အနားမှ လှည့်ထွက်သွားလေသည်။ မစိန်သုံ မှာလဲ အခုအချိန်အထိ သူမသိချင်နေသည့် မြင်းကြီးမဟူရာ၏ အကြောင်းကို ဘာတစ်ခုမှ ဂဃနဏပင် မသိရဘဲရှိနေလေရာ အတွေးများနှင့်သာ ကျန်ခဲ့တော့လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၁]

အယ်ဒီဘာညွန့်တို့ ခြံဝင်းထဲမှာထိုးထားသည့် ကန္နားဖျင်းမှာသာမက အိမ်ကြီး၏အပေါ်ထပ်ရော အောက်ထပ်မှာပါ အသုဘမေးလာကြသူတွေ စည်ကားလျက်ရှိနေသည်။ ဒေါ်တာဆုပ်၏ ရုပ်ကလပ်ကိုလဲ ခေါင်းတလားရိုက်ပြီး ခြံထောင့်တစ်နေရာတွင် လေးတိုင်စင်နှင့် တခန်းတနားပြင်ဆင်ထားလေရာ ဆွေနီးမျိုးစပ်တော်သူတွေနှင့် ရတနာကုန်သည်ပွဲစားတွေက ပန်းခွေပန်းခြင်းများ ပြုလုပ်အလှဆင်ထားသဖြင့် ခြံဝင်းကြီးထဲတွင် ပန်းပေါင်းစုံ၏ အနံ့တို့က ထုံအီမွှေးကြိုင်လျက်ရှိနေလေသည်။

တဖြေးဖြေး ညည့်နက်လာသည်နှင့် အသုဘမေးလာကြသော ရတနာပွဲစားများ၊ ကျောက်သူဌေးများမှာလဲ သူတို့စီးလာကြသည့် အော်စတင်ကားများ၊ ဖိယက်ကားများနှင့် အလျှိုအလျှိုပြင်



www.burmeseclassic.com

www.burmeseclassic.com

ပြန်သွားကြလေရာ အိမ်ကြီးအတွင်းအနီးပတ်ဝန်းကျင်မှ ရင်းနှီးသူမိတ်ဆွေတချို့သာလျှင် ကျန်ခဲ့တော့သည်။

'ဟဲ့စိန်သုံ ညည်းမလဲ တစ်နေကုန်ပင်ပန်းထားတာဆိုတော့ ခဏတဖြုတ် အိပ်ချင်အိပ်လိုက်ဦးလေ . . . ညှော်သည်တွေလဲ တော်တော်လေးနည်းသွားပြီဆိုတော့ ကျန်တဲ့အလုပ်တွေ ငါတစ်ယောက်ထဲ လုပ်လို့ရပါတယ်အေ့ . . .'

ဒေါ်တဆုပ် မကျန်းမာစဉ်ကတည်းက အိပ်ရေးတွေ အလီလီပျက်လာခဲ့သော မစိန်သုံမှာ ကျန်နေသေးသည့် ညှော်သည်တွေကိုညှော်ခံနေရာမှ ဒေါ်အုန်းသင်၏စကားကြောင့် မျက်ခွံတွေပင်ပို၍လေးလံလာကာ အိပ်ချင်စိတ်တွေက ဟန်မဆောင်နိုင်အောင်ပင်ဖြစ်မိလေသည်။ သို့သော် သူမနေထိုင်ရာ အဖီကလေးဆီသို့သွားကာ တစ်ယောက်ထဲအိပ်ရမည့် အဖြစ်ကိုလဲ တွေးမိပြီးစိတ်တွေချောက်ချားနေမိ၏။ ထို့နောက် မစိန်သုံမှာ အသုဘစောင့်ရင်း ဖဲဝိုင်းလုပ်နေကြသည့်လူစုတွေနှင့် မလှမ်းမကမ်းနေရာတွင် ဖျာတစ်ချပ်ကိုခင်းလျက် ကြုံသလိုပင် အိပ်လိုက်လေတော့သည်။

မစိန်သုံအိပ်ပျော်သွားပြီးနောက် မကြာခင်တွင် . . . လွန်စွာမှထူးဆန်းပြီး ကြောက်မက်ဖွယ်ကောင်းသော အိပ်မက်တစ်ခုကို မက်လေသည်။ အိပ်မက်ထဲတွင် မစိန်သုံမှာ ကျောက်လှိုင်ဂူကြီး တစ်ခုအတွင်းသို့ ရောက်နေပြီး ကွေ့ကောက်သောလမ်းတွေကြားတွင် မျက်စိလည်နေလေသည်။ သူမ၏တစ်ကိုယ်လုံးမှာလဲ ဇောချွေးတွေပြန်နေလျက် ပိတ်လှောင်နေသောလှိုင်ဂူကြီးအတွင်းမှ ထွက်ပေါက်ကိုတွေ့ရန် ကြိုးစားပြီး ရှာဖွေ





နေမိ၏။

'ဟင် . . . ဘယ်နေရာကြည့်ကြည့် ကျောက်သားကျောက်နံရံတွေက ချိုင့်ခွက်ကြီးတွေ ဖြစ်နေပါလား . . . နံရံမှာကုတ်တွယ်နေတဲ့ လင်းနို့တွေရဲ့မျက်လုံးတွေက ငါ့ကိုဘာကြောင့် စိုက်ကြည့်နေကြတာလဲ . . .'

ငါ . . . ငါ ဒီဂူကြီးထဲကို ဘယ်လိုရောက်လာခဲ့မှန်းလဲစဉ်းစားလို့တောင် မရတော့ဘူး . . .၊ ဘုရား . . . ဘုရားမဖြစ်ဘူး ထွက်ပေါက်ကိုတော့ မြန်မြန်ရှာမှဖြစ်မယ် . . .'

ထိုအတွေးနှင့်အတူ မစိန်သုံမှာ လှိုင်ဂူကြီးအတွင်းမှကျဉ်းမြောင်းသောလမ်းတွေကြားတွင် ထွက်ပေါက်ကိုပြေးလွှားပြီးရှာဖွေနေမိသည်။ ထိုလှိုင်ဂူကြီးအတွင်းမှာလဲ ဘယ်က ဘယ်လိုကျရောက်နေမှန်းမသိသည့် အလင်းရောင်တချို့မှာ ခပ်မှိန်မှိန်လေးဖြာပြီး ကျရောက်နေသည်။ တစ်ခါတစ်ခါ သူမ၏နာခေါင်းအတွင်းသို့ ရှူးရှူးဝါးဝါးတိုးဝင်လာသည့် ပုပ်အဲ့အဲ့အနံ့ဆိုးကြီးတွေကြောင့် နှာခေါင်းကိုလက်ဖြင့်ပိတ်ထားမိ၏။

ထိုစဉ်မှာပင် ကျောက်သားကျောက်ဆိုင်မြင့်မြင့်ကြီးတွေနှင့် အုပ်မိုးကာရံထားသော လှိုင်ဂူအကြီးကြီးတစ်ခု၏ အလည်သို့ရောက်သွား၏။ ထိုနေရာသို့ရောက်ကာမှ ပတ်ဝန်းကျင်တစ်ခုလုံးကလဲ ပို၍လင်းလင်းချင်းချင်းပင် ဖြစ်လာသည်။

တစ်ကိုယ်လုံးချွေးသီးချွေးပေါက်တွေကျနေသော မစိန်သုံမှာ ထိုလှိုင်ဂူကြီးအတွင်းသို့ လှည့်ပတ်ကြည့်လိုက်လေရာ ကျောက်တုံးကြီးတစ်တုံးပေါ်တွင် ဆောင့်ကြောက်ထိုင်ကာ သံလျက်ကို ပခုံးပေါ်တွင်ထမ်းထားသော အသားမဲမဲနှင့် လူတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရလေသည်။ ထိုသူ၏ မျက်နှာပေါ်မှာလဲ အမွေးအမျှင်တို့က ရှုပ်ထွေးများပြားလျက်ရှိနေပြီး မျက်လုံးအစုံတို့က ပြူးကြောင်ကြောင်နှင့် မစိန်သုံကိုစိုက်ကြည့်နေလေသည်။

မစိန်သုံမှာ သံလျက်ကို ပခုံးပေါ်ထမ်းပြီး ဆောင့်ကြောက်ထိုင်နေသည့် အသားမဲမဲနှင့်လူကို တွေ့လိုက်သည်နှင့်သူတစ်ကိုယ်လုံးမှာ တဆတ်ဆတ်တုန်ရင်လာကာ ဒူးခေါင်းတွေကပျော့ခွေညွတ်ကျသွားမတတ် ကြောက်လန့်သွားမိလေသည်။ တစ်ချိန်ထဲမှာပင် သူ့ပါးစပ်ကလဲ ယောင်ယမ်းပြီး အော်ဟစ်မိလိုက်လေသည်။

'အား အမလေး... ကြောက်စရာကြီး...'

ထိုအချိန်မှာပင် သံလျက်ထမ်းထားသော အသားမဲမဲလူကြီးက မစိန်သုံရှိရာသို့ တစ်လှမ်းချင်းတိုးကပ်လာလေသည်။ မစိန်သုံမှာလဲ နောက်သို့ဆုတ်ရန်ပင် သူ့ခြေထောက်တွေက မလှုပ်ရှားနိုင်တော့ဘဲ –

'သွား... သွား...
မလာနဲ့... မလာနဲ့...'

ဟု အော်ဟစ်မိပြန်လေသည်။ သူမ အော်ဟစ်နေသော အသံတွေက လှိုင်ဂူကြီးအတွင်း ပဲ့တင်ထပ်နေကာ အခြားသူများကပါ ဝိုင်းအော်နေသကဲ့သို့ နားထဲတွင် ကြားနေရသည်။

'သွား... သွား...'

ထိုအချိန်မှာပဲ မစိန်သုံ၏ မျက်လုံးတွေက ဖျတ်ခနဲပွင့်ဟကာ လန့်နိုးသွား၏။ သူ့ နားထဲတွင်လဲ ဝရုန်းသုန်းကားတွေဖြစ်နေသော လူသံတွေနှင့်အတူ အယ်ဒီဘညွန့်၏ ဆဲသံဆိုသံတွေကိုပါ ကြားလိုက်ရသည်။





ထိုအသံများကြောင့် မစိန်သုံမှာ အိပ်နေရာမှ ငုတ်တုတ်ထထိုင်ပြီး ကြည့်လိုက်လေရာ အိမ်ရှေ့ ခြံဝင်းကြီး၏ထောင့်တွင် ပြင်ဆင်ထားသည့် ဒေါ်တဆုပ်၏ ခေါင်းတလားကြီးပေါ်မှ စားမြိန်စာထုပ်အားအလုအယက်နှိုက်စားနေသည့် မြင်းနက်ကြီးမဟူရာကို တွေ့လိုက်ရလေသည်။

'ဟင် ...'

အယ်ဒီဘညွန့်မှာလဲ ထိုမြင်းနက်ကြီးမဟူရာကို အလိုလို မသက်မသာဖြစ်နေရသည့်အထဲ ယခုကဲ့သို့ မထင်မှတ်ဘဲ တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် ဒေါသတွေ ထိန်းမရအောင် ဖြစ်သွားပြီး အိမ်ကြီးအတွင်းမှ နံရံတွင်ချိတ်ဆွဲထားသော လှံတိုတစ်ချောင်းကို ပြေးဆွဲကာ မြင်းနက်ကြီးမဟူရာရှိရာသို့ တစ်ဟုန်ထိုးပြေးသွားပြီး လှမ်းပစ်လိုက်လေသည်။

ထိုအခါမှ အိမ်ကြီးပေါ်မှ ဖဲဝိုင်းလုပ်နေကြသူတွေမှာလဲ အယ်ဒီဘညွန့်ကို တားသူကတား၊ ခေါင်းတလားကြီးပေါ်မှ စားမြိန်စာထုပ်ကို အားရပါးရစားသောက်နေသော မြင်းနက်ကြီးကို မောင်းသူကမောင်းနှင့် ဝရုန်းသုန်းကားတွေ ဖြစ်ကုန်ကြသည်။

သို့သော် အရာရာကား နောက်ကျသွားချေပြီ . . .၊ အယ်ဒီဘညွန့် လှမ်းပစ်လိုက် သည့်လှံတိုတစ်ချောင်းက မြင်းနက်ကြီးမဟူရာ၏ နံရိုများကြားသို့ စိုက်ဝင်သွားလေရာ . . . မြင်းနက်ကြီးမှာ နာနာကျင်ကျင်ကြီး အော်ဟစ်လိုက်လေသည်။ ထိုအော်သံကြီးမှာလဲ သေလုမျောပါး နာကျင်သွားသော လူတစ်ယောက်၏ အော်သံကြီးလိုဖြစ်သွား၏ . . . ခြံဝင်းကြီး၏ အပြင်ဖက်သို့ တစ်ဟုန်ထိုး ထွက်ပြေးသွားတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအဖြစ်အပျက်တွေကို အစအဆုံး မြင်လိုက်ရသော အိမ်ကြီးပေါ်မှ ဧည့်သည်များမှာ အံ့သြမှင်သက်မိကုန်ကြရုံသာ မကဘဲ ထူးထူးဆန်းဆန်း စားမြိန်စာထုပ်ကိုဖြည်ကာ အားရပါးရကြီး စားသောက်နေသည့်မြင်းနက်ကြီးကိုကြည့်ကာ လွန်စွာမှ ချောက်ချားတုန်လှုပ်မိကြလေသည်။

မစိန်သုံကတော့ မြင်းနက်ကြီးမဟူရာ၏ လျှို့ဝှက်ဆန်းကျယ်လွန်းသည့်အဖြစ်တွေကို အခြားသူတွေကဲ့သို့ အထူးတလည် မအံ့သြမိတော့ဘဲ . . . တစ်ကြိမ်တစ်ခါမှ ဒေါသထွက်ပြီး စိတ်လိုက်မာန်ပါ မလုပ်ဖူးသော အယ်ဒီဘညွန့်ကိုကြည့်ကာ လွန်စွာမှ အံ့အားသင့်သွားမိလေတော့သည်။

ဒေါ်တဆုပ်၏ အသုဘရက်လည်ပြီး နောက်တစ်နေ့တွင် ကိုယ်စိတ်နှလုံးတွေ မသာမယာနှင့် ဖြစ်နေခဲ့ရသော အယ်ဒီဘညွန့်မှာ မျက်တွင်းမျက်ဆံကြောင်ကြီးများနှင့် စိတ်ဂယောင်ချောက်ချားတွေဖြစ်လာခဲ့တော့သည်။ တစ်ခါတစ်ရံ တစ်ယောက်ထဲနေရင်း သူ၏ပါးစပ်မှ ဘာတွေကို တီးတိုးပြောဆိုနေမှန်းမသိ၊ တတွတ်တွတ်နှင့် ပြောဆိုနေတတ်ပြီး ချက်ချင်းပင်နံရံတွေကို လက်သီးနှင့်ထပြီး ထိုးချင်ထိုးတတ်ဇလသည်။

ထိုသို့ အမူအရာကော စိတ်တွေပါ တစ်ချက်တစ်ချက် ဖောက်ပြန်နေသည့် အယ်ဒီဘညွန့်ကို ထမင်းချက်မိန်းမကြီး ဒေါ်အုန်းသင်နှင့် မစိန်သုံကော မောင်ဘစီပါ ကြောက်လန့်လာမိလေသည်။ ထိုအဖြစ်တွေနှင့်အတူ မစိန်သုံမှာလဲ ဒေါ်အုန်းသင် ပြောဖူးခဲ့သည့် စကားအတိုင်း ဒီအိမ်ကြီးမှ သူနေထိုင်ရာ





ရွှေဘိုနယ်သို့ ပြန်ရင်ပြင်ဆင်ရတော့လေသည်။

'ကဲ မစိန်သုံ . . . ညည်းဘာမှ နောက်ဆံတင်းမနေနဲ့ . . . ဒီအိမ်ကြီးမှာ ငါက အပျို ဘဝကတည်းက ထမင်းချက်အလုပ်လုပ်လာခဲ့တာဆိုတော့ . . . နင့်ဘဘကြီးရဲ့ စာရေး၊ သောက်ရေးကိစ္စအဝဝကို ငါအတတ်နိုင်ဆုံး မလစ်ဟင်းရအောင် လုပ်ပေးမှာပါ။ ပြီးတော့ ဘဘကြီးနဲ့ ဘွားဘွားကြီး ဒေါ်တဆုပ်တို့က ငါ့အပေါ်မှာ ကျေးဇူးတွေ အများကြီးရှိခဲ့သူတွေဆိုတော့ အစစအရာရာ ငါ့အသက်နဲ့လဲပြီး စောင့်ရှောက်သွားမှာပါ . . .'

အဝတ်အစားတွေကို ထန်းခေါက်ဖာအတွင်းထည့်ကာ သိမ်းဆည်းနေသည့် မစိန်သုံအနားသို့ ဒေါ်အုန်းသင်ရောက်လာကာ ဝမ်းနည်းပက်လက်လေသံတွေနှင့် ပြောနေရှာလေသည်။

'ဟုတ်ကဲ့ပါ ကြီးကြီးအုန်းရယ် . . . ကျွန်မလဲ အခုလို ဘဘကြီး စိတ်ဂယောင်ချောက်ချားတွေ ဖြစ်နေချိန်မှာ ကြီးကြီးအုန်းလို စိတ်ကောင်းစေတနာရှိတဲ့သူက အနားမှာရှိနေခဲ့မှာဆိုတော့ စိတ်ဖြောင့်လက်ဖြောင့် ပြန်ရတာပေါ့ . . .'

ပြောရင်းနှင့် မစိန်သုံက ဒေါ်အုန်းသင်ကို ကျုံ့ကျုံ့ကလေး ထိုင်ကန်တော့လိုက်လေသည်။

'အေး အေး . . . . သာဓုပါကွယ် သွားလေရာ ခလုပ်မထိ ဆူးမငြိပါစေနဲ့ . . .၊ ဖြစ်လေရာ ဘဝတိုင်းမှာလဲ အခုလို စိတ်ဆင်းရဲခြင်းကိုယ်ဆင်းရဲခြင်းတွေ ကင်းနိုင်ပါစေကွယ်၊ သြော် . . . မစိန်သုံရေ ညည်းဘဘကြီးကိုလဲ ကန်တော့သွားဦးနော် . . . ကိုယ့်ကျေးဇူးရှင်ဆိုတာ . . . ဘယ်ဘဝရောက်နေရောက်နေ မမေ့စကောင်းဘူးကွဲ့ . . .'



www.burmeseclassic.com

www.burmeseclassic.com


'ဟုတ်ကဲ့ပါ ကြီးကြီးအုန်း ကျွန်မ အခုပဲ ကန်တော့မလို့ပါ...'

မစိန်သုံမှာ ခိုတွဲနေသော မျက်ရည်စတွေကို လက်ဖမိုးနှင့်သုတ်လိုက်ရင်း အယ်ဒီဘညွန့်ရှိရာ အိမ်ကြီးပေါ်သို့ တစ်လှမ်းချင်းတက်သွားလေသည်။ ဒေါ်အုန်းသင်မှာလဲ လှေကားရင်းမှလက်ရန်းတိုင်ကြီးကိုမှီနွဲ့နေရင်း မျက်ရည်များပင် ပိုးပိုးပေါက်ပေါက် ကျနေမိလေသည်။

အိမ်ကြီး၏ အပေါ်ထပ်ဆီသို့ မစိန်သုံရောက်သောအခါ အယ်ဒီဘညွန့်မှာ လှုပ်ကုလားထိုင်ကြီးတစ်လုံးပေါ်တွင် ထိုင်လျက်ဆေးတံသောက်နေသည်ကို တွေ့လိုက်ရလေသည်။ မစိန်သုံမှာ အယ်ဒီဘညွန့်အနားသို့ တိုးကပ်သွားပြီး –

'ဘ ဘကြီး...'

'ဟေ... မစိန်သုံ...'

အယ်ဒီဘညွန့်မှာ တွေးလက်စအတွေးတွေကို ဖြတ်ကာ မစိန်သုံရှိရာသို့ လှမ်းကြည့်လိုက်၏။ ထို့နောက် မစိန်သုံက –

'ကျွန်မ ရွာပြန်တော့မှာမို့ ဘဘကြီးကို လာကန်တော့တာပါ'

အယ်ဒီဘညွန့်မှာ မစိန်သုံ၏စကားကြောင့် ခဏတွေဝေသလိုဖြစ်သွားပြီး –

'အေးကွယ် ... ဒီအိမ်ကြီးမှာ မိန်းမသားရယ်လို့ ရှိတော့တာမှမဟုတ်ဘဲ...။ ကလေးမနေလို့ ဘယ်သင့်တော်ပါ့မလဲလေ...။ အေးအေး သာဓုကွယ်... သာဓု... သာဓု...၊ ပြန်ပါ... ဘဘကြီး ခွင့်ပြုပါတယ်...'



ဟု ဆိုကာ အယ်ဒီဘညွန့်က မစိန်သုံကို မုန့်ဖိုးအဖြစ် ငွေသုံးရာပေးလိုက်လေသည်။

အယ်ဒီဘညွန့်အနားမှ ပြန်လှည့်ထွက်လာသောအခါ လှေကားရင်းတွင် မောင်ဘစီက မစိန်သုံ၏ အထုပ်အပိုးများကို ဆွဲကိုင်လျက် ရန်ကုန်ဘူတာကြီးသို့ လိုက်ပို့ရန် အဆင်သင့်ပင် ဖြစ်နေလေသည်။

■


www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၂]

မစိန်သုံနှင့် မောင်ဘစီတို့မှာ တွဲပင်မထိုးသေးသော ရန်ကုန်–မန္တလေး ရထားကြီး ကိုစောင့်ရင်း ဘူတာကြီးအတွင်းမှ ပလက်ဖောင်း စကြြန်တစ်ခုပေါ်တွင် ထိုင်နေမိကြလေသည်။ မောင်ဘစီမှာလဲ သူ့အပေါ် မောင်နှမသားချင်းလို ခင်မင်နေရှာသည့် မစိန်သုံတစ်ယောက် ယခုကဲ့သို့ ကိုယ့်ရပ်ကိုယ့်ရွာကို ပြန်တော့မည် ဆိုသော်အခါ လွန်စွာမှ စိတ်မကောင်းဖြစ်နေမိကာ ဘာစကားမှပင် မပြောနိုင်အောင် နှုတ်ဆိတ်နေမိလေသည်။

ခဏအကြာ သူတို့နှစ်ယောက်ထိုင်နေရာဆီသို့ တန်းတန်း မတ်မတ်ကြီး လျှောက်လာနေသော လူတစ်ယောက်က နှုတ်ဆက် လိုက်လေသည်။

'ဟ လူကလေး မောင်ဘစီနဲ့ မစိန်သုံတို့ ပါလား'

ထက်ဝေယံစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

'ဟာ . . . ဦးလေးပြူး . . .'

မစိန်သုံနှင့် မောင်ဘစီတို့မှာလဲ တစ်ချိန်က အယ်ဒီဘညွန့်အိမ်တွင် မြင်းအနိုပ်သည်အလုပ်ကို လုပ်ခဲ့ဖူးသည့် ဆိုက်ကုလားကိုပြူးကို မထင်မှတ်ဘဲတွေ့လိုက်ရသဖြင့် ပြိုင်တူအံ့ဩရရှာတ်မိလိုက်ကြသည်။ မောင်ဘစီမှာလဲ သူ အလွန်တရာ ခင်မင်လေးစားရသောကိုပြူးကိုတွေ့လိုက်သည်နှင့်ဝမ်းသာအားရဖြစ်သွားကာ –

'ဦးလေးပြူးရာ . . . ဘယ်ကဘယ်လို ဒီကိုရောက်လာတာလဲ၊ ကျွန်တော်ဖြင့် ဦးလေးပြူး အိမ်ကြီးကထွက်သွားပြီးကတည်းက နေ့တိုင်းသတိရနေတာဗျ . . .'

'အေးကွာ . . . တို့ မြင်းအနိုပ်သည်အလုပ်လုပ်တဲ့သူတွေအတွက်တော့ အလုပ်မရှားပါဘူးကွာ . . . အခုလဲ မိတ္တီလာဘက်က မြင်းသမားတစ်ယောက်က သူ့မြင်းတွေကို လာကြည့်ပေးဖို့ သံကြိုးစာရတာနဲ့ သွားမလို့လေ . . . ဒါနဲ့မင်းတို့ကရော ဘယ်သွားကြမှာလဲ . . .'

ထိုအခါမှ မောင်ဘစီမှာ အယ်ဒီဘညွန့်၏ ကတော်ဒေါ်တဆုပ် သေဆုံးသွားပြီဖြစ်ကြောင်းနှင့် မစိန်သုံမှာလဲ သူ့ရပ်သူ့ရွာကို ပြန်မှာဖြစ်ကြောင်းတို့ကို လုံးစေ့ပတ်စေ့ပင် ပြောပြလိုက်လေသည်။ မြင်းအနိုပ်သယ် ကိုပြူးမှာ အယ်ဒီဘညွန့်၏ ကတော်ဒေါ်တဆုပ် ကွယ်လွန်သွားသည်ဟု ကြားရသောအခါ လွန်စွာမှ စိတ်မကောင်းဖြစ်သွားသည့် မျက်နှာနင်ရှိနေလေသည်။ ထို့နောက် ကိုပြူးက –

'ဒါနဲ့ . . . မစိန်သုံတို့က ရွှေဘိုဘက်ကဆိုတော့ အဲဒီမှာ မြင်းသမားတွေလဲ တော်တော်ပေါတယ်နော် . . .၊





ဦးလေးပြူးရဲ့ မြင်းအနိုပ်သည်ဘဝက အဲဒီရွှေဘိုဘက်က စတယ်လို့တောင် ပြောလို့ရတယ်ကွဲ . . .'

'ဟုတ်ပါတယ် ဦးလေးပြူးရယ်၊ ကျွန်မတို့ ရွှေဘိုဘက်က မြင်းနဲ့ပတ်သက်ရင် ပညာရှင်တွေ တော်တော်ပေါပါတယ် . . .၊ ကျွန်မတို့မျိုးရိုးထဲမှာတောင် မြင်းတွေရဲ့အကြောင်းကို တော်တော်လေးသိတဲ့ ဘကြီးဦးထွန်းသောင်ဆိုတာ ရှိတယ်လေ . . .'

မစိန်သုံ၏ စကားကြောင့် ကိုပြူးမှာ မျက်မှောင်တစ်ချက်ကုတ်ရင်း စဉ်းစားနေဟန်ဖြင့် –

'ဘာ . . . ဦးထွန်းသောင် ဟုတ်လား . . .၊ ဟို ရွှေဘိုနယ်ဆိတ်ခွံရွာက ကိုကြီးထွန်းသောင်ကို ပြောတာများလား . . .'

'ရှင် . . . ဟုတ် . . . ဟုတ်ပါတယ် ဦးလေးပြူး ဆိတ်ခွံရွာက ဦးထွန်းသောင်ပါ . . .၊ ကျွန်မမှာလဲ ဆွေမျိုးဆိုလို့ အဲဒီဦးထွန်းသောင်ဆိုတဲ့ ဘကြီးတစ်ယောက်ပဲ ရှိပါတော့တယ်ရှင် . . .'

ထိုစဉ်မှာပင် ဆိုက်ကုလားကိုပြူး၏ မျက်နှာမှာ ဝင်းကနဲဖြစ်သွားပြီး သူ့လက်ဝါး နှစ်ဖက်ကို ဖျန်းကနဲ ရိုက်လိုက်ကာ –

'ဟ တိုက်မှလဲ တိုက်ဆိုင်တတ်ပလေဟေ့ . . .၊ အဲဒီ ညည်းဘကြီး ဦးထွန်းသောင်ဆိုတာ ငါ့ရဲ့ ဆရာအရင်းပဲဟဲ့ စိန်သုံရဲ့ . . .၊ ကြည့်စမ်းပါဦး . . . တို့တွေ တိုက်ဆိုင်လိုက်ပုံများနော် . . .'

မစိန်သုံမှာလဲ လွန်စွာမှ အံ့ဩသွားလေရာ သူမ၏ဘေးမှ မောင်ဘစီကပါ ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ကိုပြူးက အလောတကြီးနှင့် –

'ဒါနဲ့ နေစမ်းပါဦး... ညည်းဘကြီး ကိုကြီးထွန်းသောင် တစ်ယောက်ကော ကျန်း ကျန်းမာမာပဲလား...'

ဟု မေးလိုက်လေရာ... မစိန်သုံးက –

'ကျွန်မ ရန်ကုန်ကို ထွက်လာတုန်းကတော့ ဘကြီးရဲ့ ကျန်းမာရေးက သိပ်မကောင်းရှာပါဘူး ဦးလေးပြူးရယ်...'

'အေး... ဒီလိုဆိုလဲ ဦးလေးပြူး ကိုကြီးထွန်းသောင်နဲ့ တွေ့ရအောင် ရွှေဘိုကို တစ်ခါထဲ လိုက်ခဲ့မယ်ဟေ့...'

မစိန်သုံးလဲ ခရီးသွားရမှာ တစ်ယောက်ထဲသွားရမှာဆိုတော့အဖော် ရတာပေါ့ကွယ်...'

ထိုအခါမှ မစိန်သုံးကော မောင်ဘစီမပါ ဝမ်းသာအားရနှင့် ဖြစ်သွားကြပြီး ကိုပြူး၏လက်ထဲမှ ခရီးဆောင်အိတ်ကိုဆွဲကာ ဘယ်အချိန်က တွဲထိုးလိုက်မှန်းပင် မသိလိုက်သည့် ရန်ကုန်–မန္တလေး ရထားတွဲကြီးပေါ်သို့ တက်လိုက်ကြသည်။

ရန်ကုန်–မန္တလေး ရထားကြီးမှာ နောက်တစ်နေ့နံနက်တွင် မန္တလေးဘူတာသို့ ဆိုက်လေသည်။ ကိုပြူးနှင့် မစိန်သုံးတို့မှာလဲ မန္တလေးမှတဆင့် ရွှေဘိုသို့ ကားတစ်တန် ဆက်ပြီးစီးရဦးမည် ဖြစ်လေရာ အထုပ်အပိုးနှင့် ခရီးဆောင်အိတ်တွေကို သယ်ပိုးလျက် ကားဂိတ်ရှိရာသို့ ဆက်လျှောက်လာခဲ့မိတော့သည်။

တစ်လမ်းလုံး မစိန်သုံးမှာလဲ ကားစီးရသဖြင့် ခေါင်းတွေက မထူနိုင်အောင် မူးနောက်လေရာ ကိုပြူးက သားသမီးအရင်းအချာ တစ်ယောက်လို ပြုစုနှိပ်နယ်ပေးလာရသည်။





သူတို့နှစ်ဦး ဆိတ်ခွံရွာသို့ ရောက်သောအခါ ထူထူ ထောင်ထောင်ဖြစ်နေသော ကိုထွန်းသောင်မှာ အိမ်ရှေ့ကွက်လပ် ထဲတွင် တံမြက်စည်းလှဲနေသည်ကို တွေ့လိုက်ရ၏။ ဆိုက်ကုလား ကိုပြူးမှာလဲ ကိုထွန်းသောင်ကို မြင်လိုက်သည်နှင့် –

'ဗျို့... ကိုကြီးထွန်းသောင်...'

ဟု လှမ်းအော်ပြီး နှုတ်ဆက်လိုက်လေရာ ကိုထွန်းသောင် မှာလဲ ရုတ်တရက် ပါးစပ်အဟောင်းသားနှင့် တအံ့တသြဖြစ် သွားပြီး –

'အလို... ငပြူးနဲ့ စိန်သုံးတို့ပါလား... ဘယ်က ဘယ်လိုဖြစ်ပြီး...'

ထိုစကားမဆုံးခင်မှာပင် မစိန်သုံးက ကိုပြူးနှင့်စပြီးတွေ့ခဲ့ ပုံမှစပြီး ဘူတာတွင် မထင်မှတ်ဘဲ ထပ်တွေ့လိုက်ရပုံအထိ အတို ချုံးပြီးပြောပြလေသည်။ ကိုထွန်းသောင်မှာလဲ သူနှင့် နှစ်ပေါင်း များစွာကွဲကွာသွားသော ဆိုက်ကုလားကိုပြူးကို ခြေဆုံးခေါင်းဖျား ကြည့်ရင်း လွန်စွာမှအံ့သြဝမ်းသာလျက်ရှိနေလေသည်။ ထို့နောက် ကိုထွန်းသောင်က သူနေထိုင်ရာ တဲငယ်လေးအတွင်းသို့ ဖိတ်ခေါ်လိုက်ကာ –

'ကဲ... လာကြကွာ... အိမ်ထဲရောက်မှ စကားတွေ တဝကြီးပြောကြတာပေါ့...'

ဟုဆိုကာ ရှေ့မှဦးဆောင်ပြီး ဝင်သွားလေသည်။ မစိန်သုံး မှာလဲ သူမ၏ဇာတိသို့ ပြန်ရောက်လာပြီဖြစ်သဖြင့် စိတ်လက်တွေ ပေါ့ပါးကာ ငယ်ပေါင်းကြီးဖော်သူငယ်ချင်းများကို ဘယ်သူ့ရေ ဘယ်ဝါရေဟုဆိုပြီး လှမ်းအော်နှုတ်ဆက်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကိုထွန်းသောင်က ကိုပြူး၏ပခုံးကို အားရပါးရ ဆွဲဖက်လိုက်ရင်း တူမဖြစ်သူ မစိန်သုံကို –

'သမီး မစိန်သုံရေ . . . ဟောဒီ ကိုပြူးဆိုတာ ဘကြီးထွန်းနဲ့ အလွန်ခင်မင်ရင်းနှီး တဲ့မိတ်ဆွေပဲကွဲ့. . . . အဲ မိတ်ဆွေဆိုလဲ ဟုတ် တပည့်ဆိုလဲ ဟုတ်ပေါ့ကွယ်. . .'

ဟု အစချီကာ သူတို့နှစ်ယောက် ဟိုအရင်က မြင်းပွဲတွေမှာ ကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်တွေကိုလဲ အချင်းချင်း ပြန်ပြောင်းပြောပြလျက်၊ အလွန်ပင်ကျေနပ်ပီတိတွေ ဖြစ်နေကြသည်။ ထို့နောက် ကိုထွန်းသောင်က –

'ငါ့ဖြင့် ငပြူးရာ . . . ငါ့တူမ ရန်ကုန်တက်ပြီး အလုပ်သွားလုပ်တယ်ဆိုတာ . . . တခြားနေရာလား အောက်မေ့တယ် . . . ရတနာကုန်သည်ကြီး အယ်ဒီဘညွန့်ရဲ့ အိမ်ဖြစ်နေပါလားကွဲ့. . .'

မစိန်သုံမှာလဲ ထိုအခါမှ ကိုထွန်းသောင်အကြောင်းအား အယ်ဒီဘညွန့်က အမြဲတမ်း တတွတ်တွတ်ပြောနေပုံများကိုလဲ ပြန်ပြောပြလေသည်။ ထို့နောက် မစိန်သုံက အယ်ဒီဘညွန့်ကြီး တစ်ယောက် မိန်းမဖြစ်သူ ကွယ်လွန်သွားပြီး စိတ်ဂယောက်ဂယက် ဖြစ်နေပုံများကိုပါ တစ်လုံးမကျန်ပြောပြလေရာ ကိုထွန်းသောင်က လွန်စွာမှ စိတ်မကောင်းဖြစ်သွားသည့်မျက်နှာနှင့် –

'အလို . . . အဲဒီလောက်တောင် ဖြစ်သွားရသလား . . . ဘာပဲဖြစ်ဖြစ် တစ်ချိန်က အယ်ဒီဘညွန့်ဆိုတဲ့လူဟာ ငါ့အပေါ် ကျေးဇူးတွေရှိခဲ့ဖူးတယ်ကွဲ့. . . ၊ အခုလို အားကိုးရာမဲ့ပြီး စိတ်ဂယောင်ချောက်ချားတွေဖြစ်နေတဲ့အချိန်မှာ ငါ့အနေနဲ့ သူ့ကိုသွားကြည့်မှ သင့်တော်ဦးမှာပါ. . .'

ထိုစကားကြောင့် မစိန်သုံကော . . . ကိုပြူးကပါ ခေါင်းတငြိမ့်ငြိမ့်နှင့် နားထောင်နေကြပြီး. . . ကိုပြူးက –

'ဟုတ်ပါတယ် . . . ကိုထွန်းသောင်ရယ် ကျွန်တော်လဲ အဲဒါပြောမလို့ . . . ၊ သူ့မှာက ဝယ်လိုက်တဲ့မြင်းကလဲ မြင်းဆိုး . . . ၊ လခပေးပြီး ခေါ်ထားတဲ့ မြင်းထိန်းရိန်နှာ ဘီဘာရာဆိုတဲ့ ကုလားကလဲ လူရှုပ်လူပွေ၊ ဒီကြားထဲ . . . မိန်းမလုပ်သူက ကောက်ကာငင်ကာကြီး သေသွားရတာဆိုတော့ အတော့်ကို ဒုက္ခတွေရောက်နေပုံပဲဗျ. . .'

ထိုအခါမှ မစိန်သုံမှာ ပြောသင့်မပြောသင့် စကားတစ်ခွန်းကို ချေတုံချတုံဖြစ်နေရာမှ . . . သူ့ဘကြီး ဦးထွန်းသောင်နှင့် ကိုပြူးတို့၏မျက်နှာကို မချင့်မရဲနှင့်ကြည့်ကာ –

'စိန်သုံတော့ . . . အဲဒီ ဘကြီးဝယ်လိုက်တဲ့ မြင်းနက်ကြီးကြောင့် အခုလိုအဖြစ်ဆိုးတွေ ဆက်တိုက်ကြုံရတယ်လို့ထင်မိတာပဲ ဘကြီးထွန်းရယ်. . .'

'ဟေ. . .'

ဘကြီးထွန်းသောင်မှာ စိန်သုံ၏ စကားကြောင့် ပါးစပ်က 'ဟေ' ကနဲပင် ရေရွတ်မိလိုက်လေသည်။

နောက်တစ်နေ့ နံနက်စောစောတွင် ကိုထွန်းသောင်နှင့်အတူ မြင်းအနိုင်သည် ကိုပြူးနှင့် မစိန်သုံတို့ပါ ဖင်ပူအောင်ပင် မနေလိုက်ကြရဘဲ ရန်ကုန်မြို့မှ ရတနာကုန်သည်ကြီးအယ်ဒီဘညွန့်ရှိရာသို့ အပူတပြင်းနှင့် လိုက်ပါလာခဲ့ကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com

တစ်လမ်းလုံး မြင်းအနိုပ်သည် ကိုပြူးနှင့် မစိန်သုံတို့မှာလဲ အယ်ဒီဘညွန့် ဝယ်လိုက်မိသည့် မြင်းနက်ကြီး မဟူရာအကြောင်းတွေကို ကိုထွန်းသောင်းကြီးအားပြောပြလေရာ ကိုထွန်းသောင်းက ခေါင်းတညိမ့်ညိမ့်နှင့်ပင် နားထောင်နေလေသည်။ သူ့ပုံစံမှာလဲ တစ်စုံတစ်ရာကို သိရှိထားသူတစ်ယောက်လို ဘာတစ်ခွန်းမှ ထုတ်ဖော်မပြောဘဲရှိနေလေရာ မစိန်သုံက သူမသိချင်နေသည့် မြင်းနက်ကြီးအကြောင်းကို အားမလိုအားမရနှင့်ပင် ဖြစ်နေရတော့သည်။

■



## အခန်း[၁၃]

ကိုထွန်းသောင် ကိုပြူးနှင့် မစိန်သုံတို့ သုံးယောက်မှာ အယ်ဒီဘညွန့်တို့ အိမ်ကြီးဆီသို့ ပြန်ရောက်လာကြသောအခါ အိမ်ကြီးတစ်ခုလုံးမှာ ဇရပ်အိုကြီးတစ်ခုလို တိတ်ဆိတ်နေ၏။ ကိုထွန်းသောင်ကတော့ တစ်ချိန်က သူ့အပေါ် ကျေးဇူးတွေရှိခဲ့ဖူးသော အယ်ဒီဘညွန့်တစ်ယောက်ကိုသာ ဘယ်လိုပုံစံမျိုးနှင့် တွေ့လိုက်ရလေမလဲဆိုသည့် အတွေးတွေနှင့် စိတ်စောလျှက်ရှိနေလေသည်။

အိမ်ကြီး၏ ဆင်ဝင်အောက်သို့ လှမ်းဝင်လိုက်သည်နှင့်

'ဟယ် . . . မစိန်သုံ . . . ပြန်လာတယ် . . . ဩော် ကိုပြူးလဲပါလာသကိုး . . .'

ဟု အံ့အားသင့်သွားသည့်လေသံဖြင့် လှမ်းအော်



www.burmeseclassic.com

www.burmeseclassic.com

လိုက်သော ဒေါ်အုန်းသင်၏အသံကို ကြားလိုက်ရ၏။ တစ်ချိန်ထဲမှာပင် ဒေါ်အုန်းသင်မှာလဲ တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသော မစိန်သုံ၏ ဦးလေးဖြစ်သူ ကိုထွန်းသောင်ကို စိုက်ကြည့်နေလေသည်။ ထိုအခါမှ မစိန်သုံက –

‘ဩော် . . . ကြီးကြီးအုန်း . . . ဒါက ကျွန်မပြောတဲ့ ဆိတ်ခွံရွာကဘကြီးထွန်းသောင်လေ . . .၊ ဘဘကြီးနေမကောင်းဘူးကြားလို့ မေးရအောင်လိုက်လာတာ . . .’

‘ဩော် . . . အေးအေး . . . နင့်ဘဘကြီးတော့ အပေါ်ထပ်မှာ ဆရာထွန်းကြီးဆေးကုပေးလို့ အတော်ကလေး သက်သာသွားပါပြီ၊ သွား သွား အပေါ်ထပ်မှာ ရှိတယ် . . .’

ထို့နောက် မစိန်သုံတို့သုံးယောက်သားမှာ အိမ်ကြီး၏ အပေါ်ထပ်ဆီသို့ တက်လာခဲ့ကြလေသည်။ အိမ်ကြီး၏အပေါ်ထပ်သို့ရောက်သောအခါ အယ်ဒီဘညွှန့်၏ဘေးတွင်တော့ ဂမ္ဘီရဆရာထွန်းကြီးကိုပါ တွေ့လိုက်ရလေသည်။

အယ်ဒီဘညွှန့်မှာလဲ နှစ်ပေါင်းများစွာ မတွေ့ခဲ့ရသော ကိုထွန်းသောင်ကို တွေ့လိုက်မိသည်နှင့် သူ၏အားငယ်နေသော စိတ်တွေပျက်ပျယ်သွားသည့်အပြင် လွန်စွာမှ အားရဝမ်းသာနှင့် ဖြစ်သွားရလေသည်။ မြင်းအနိုပ်သည် ကိုပြူးမှာလဲ တစ်ချိန်က သူ့အပေါ် မောက်မောက်မာမာနှင့် ဆက်ဆံခဲ့ဖူးသော အယ်ဒီဘညွှန့်ကို မြင်လိုက်သည်နှင့် –

‘ဘယ်လိုလဲ သူဌေးမင်း . . . နေသာထိုင်သာကျန်းကျန်းမာမာရှိပါရဲ့လား . . .’

ဟု နှုတ်ဆက်မေးမြန်းလိုက်လေသည်။





‘အေးဗျာ . . . ဟောဒီက ဆရာထွန်းကြီးကိုယ်တိုင် ကျုပ်ဘေးမှာ နေ့ရောညပါ ပြုစုပေးနေတော့ တော်တော်လေး သက်သာသွားပါပြီ . . .’

ထို့နောက် ရတနာကုန်သည်ကြီး အယ်ဒီဘညွှန့်မှာလဲ မြင်းတစ်ကောင်ဝယ်မွေးမိရာမှ ယခုကဲ့သို့ ဂြိုလ်ဆိုးတွေဝင်ခဲ့ပုံကို အစချီကာ ပြောပြတော့လေသည်။ ကိုထွန်းသောင်နှင့် ကိုပြူးတို့မှာလဲ အယ်ဒီဘညွှန့် ပြောပြနေသည့် အဖြစ်အပျက်အစုံတို့ကို မျက်တောင်ပင်မခတ်ဘဲ နားထောင်နေကြ၏။

အတန်ကြာမှ ကိုထွန်းသောင်က မြင်းနှင့်ပတ်သက်ပြီး သူတွေ့ကြုံခဲ့ဖူးသော အဖြစ်အပျက်တစ်ခုကို ဂဃနဏနှင့် ရှင်းပြ ပြောဆိုလေတော့သည်။

‘ဒီလိုရှိတယ် ဦးဘညွှန့်ရဲ့ . . .၊ ဦးဘညွှန့်ပြောပြတဲ့ မြင်းမျိုးဟာ ဘယ်ကလာတဲ့ မြင်းလဲဆိုတော့ ရှေးမြန်မာဘုရင့် နန်းတော်ထဲမှာ အလွန်အသားမဲတဲ့ ကသည်းလူမျိုးတွေ ထိန်းကျောင်းလာတဲ့မြင်းပဲ . . .၊ ဦးဘညွှန့်ပြောသလို . . . မြင်းရဲ့အမူအကျင့်တွေက လူတစ်ယောက်လိုဖြစ်နေတယ်ဆိုတာက အဲဒီမြင်းဟာ အရင်က လူဘဝကိုရောက်ချင်ရက်နဲ့ မကောင်းတဲ့ အကုသိုလ်ကံကြောင့် ဒီဘဝမှာ မြင်းတစ်ပိုင်းဖြစ်နေရတာပဲ’

ကိုထွန်းသောင်၏ စကားကြောင့် အယ်ဒီဘညွှန့်နှင့်အတူ ဆရာထွန်းကြီးကော ကိုပြူးကပါ အာရုံစိုက်ပြီး နားထောင်နေမိကြသည်။ မစိန်သုံမှာလဲ လူကြီးတွေကို ရေနွေးကြမ်းအိုးချပေးပြီး သူသိချင်နေသည့် မြင်းကြီးမဟူရာ၏အကြောင်းကို စိတ်ဝင်တစားနှင့် နားစိုက်ထောင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com

'အလို . . . တယ်လဲထူးဆန်းတဲ့ဘဝတွေပါကလား ကျွတ် . . . ကျွတ် . . . ကျွတ် . . .၊ ဆက်ပြောပါဦး မောင်ရင်ရဲ့ . . .'

ဆရာထွန်းကြီးမှာလဲ သူ၏တံဖက်ဖျဉ် ခေါင်းပေါင်းစကြီးကို သေသပ်ကျနစွာပြင်ပေါင်းလိုက်ပြီး ကိုထွန်းသောင်၏စကားကို ဘေးကထောက်ပေးလေပြန်သည်။ ထိုအခါမှ ကိုထွန်းသောင်က–

'ကျုပ် ငယ်ငယ်က အဲဒီလိုမြင်းမျိုးကို မြင်ဖူးခဲ့တယ်၊ မြင်းကလဲ ဦးဘညွှန့်ပြောသလို မနုဿဟဝေနဲ့ဗျို့ . . .၊ အဲဒီ မနုဿဟဝေဆိုတာ လူတွေကသာ အလွယ်ခေါ်ကြတာပါ . .၊ တကယ်တော့ အဲဒီဝေဟာ မြင်းရဲ့နားရွက်က နသည်သီးမှာရှိနေတဲ့ ဝေတစ်ခုပဲ ဗျ . . .၊ ပုံကတော့ဗျာ ဗျည်းအက္ခရာ 'ယ' ပက်လက်ရဲ့ အဖျားနှစ်ဖက်ကို အပေါ်မှစုပြီးထားသလိုမျိုးပေါ့ . . .'

ထိုစကားကြောင့် မြင်းအနှိပ်သည်ကိုပြူးက –

'ဟင် . . . ဘယ်နှယ့် မြင်းရဲ့နားရွက်မှာ နသည်သီးမှ မရှိဘဲ၊ ထူးဆန်းလှချည်းလား ဆရာထွန်းသောင်ရယ် . . .'

'အဲဒါပြောတာပေါ့ကွ . . .၊ ဒီမြင်းကြီးက လူ့ဘဝနဲ့နီးနီးစပ်စပ်ရှိလေတော့ သူ့ရဲ့ကိုယ်အင်္ဂါ တချို့တစ်ဝက်က လူတွေလို ဖြစ်နေတာပေါ့ မောင်ရဲ့ . . .'

ထိုစဉ်မှာပင် ဘေးကနားထောင်နေသော မစိန်သုံမှာ သူ၏ပေါင်ပေါ်တွင် ဦးထွန်းသောင်ပြောသည့်ဝေကို လက်ညှိုးနှင့် ရေးခြစ်ကြည့်လိုက်ကာ –

'ဟင် . . . ဒါဆိုရင် အဲဒီဝေက အသည်းပုံကို ပြောင်းပြန်လှန်ထား တဲ့ပုံစံမျိုးပေါ့၊ဟုတ်လား ဘကြီးထွန်း'





'အေးပေါ့ကွယ် . . .'

ဟု ဆိုလေရာ ကိုထွန်းသောင်က သူ၏အတွေ့အကြုံကို ဆက်ပြီး ပြောပြလေတော့သည်။

'အဲဒီ မနုဿဟဆိုတဲ့ ဝေပါတဲ့မြင်းကြီးကို ရွာမှာရှိတဲ့ အမျိုးသမီးတစ်ယောက်က ဝယ်မွေးမိလျက်သားဆိုပါတော့ဗျာ၊ အမျိုးသမီးက အသက်က လေးဆယ်ကျော်ရုံပဲရှိသေးတယ်။ အပျိုလဲအပျိုကြီး၊ သားထောက်သမီးခံအားကိုရမဲ့ တူ၊ တူမတွေလဲ မရှိရှာတော့ ခိုင်းမရပြုမရတဲ့ အဲဒီမြင်းကြီးကို ဘာလုပ်လို့လုပ်ရမှန်း မသိဖြစ်နေတာပေါ့ . . . ၊ ဒီလိုနဲ့ . . . နေ့စဉ်ရက်ဆက်ဆိုသလို မြင်းကြီးနဲ့ ပတ်သက်ပြီး အိပ်မက်ဆိုးတွေကိုလဲ မက်လာ တယ်လေ . . .'

ထိုအခါမှ အယ်ဒီဘညွှန့်မှာ ဒေါ်တဆုပ်မသေခင်ကမက်ခဲ့သည်ဟုဆိုသောအိပ်မက်ဆိုးတွေအကြောင်းကိုသတိရသွားမိပြီး–

'ဟင် . . . ဘယ်လိုတွေမက်တာလဲ ပြောပါဦး ကိုထွန်းသောင်ရဲ့ . . .'

'ဒီလိုဗျ . . . ဦးဘညွှန့်ရဲ့ အဲဒီမြင်းကြီးက မြင်းပိုင်ရှင်အပျိုကြီးကို သူနဲ့လက်ထပ်ရမယ်လို့ နေ့တိုင်းအိပ်မက် တွေပေးနေတာပဲဗျို့ . . .၊ ပထမတော့ မြင်းပိုင်ရှင်အပျိုကြီးကလဲ ရှက်ရှက်နဲ့ ဒီအကြောင်းကို ဘယ်သူ့ကိုမှ မပြောဝံ့ဘူး . . .၊ ကြာတော့ မြင်းကြီးရဲ့မျက်နှာအမူအရာတို့၊ အစားအသောက် အနေအထိုင်တွေပါ ကြောက်စရာကောင်းအောင် ပြောင်းလဲ လာတယ် . . .၊ ပြီးတော့ မြင်းပိုင်ရှင်အပျိုကြီးလဲ တဖြည်းဖြည်း ကျန်းမာရေးတွေညှိုးလာပြီး စီးပွားရေးပါ ကျဆင်းလာတော့ပေါ့ဗျာ၊



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ . . . အဲဒီမြင်းပိုင်ရှင် အပျိုကြီးလဲ ဟုတ်သော်ရှိ မဟုတ်သော်ရှိ သူ့အိပ်မက်ထဲကအတိုင်း ကန်တော့ပွဲတွေဘာတွေပေးပြီး မြင်းကြီးနဲ့ စတိသဘောမျိုး လက်ထပ်လိုက်ရတယ်ဗျို့ . . .'

ကိုထွန်းသောင်၏ စကားကို နားထောင်နေကြသော အယ်ဒီဘည္ဍန့်၊ ဆရာထွန်းကြီးနှင့် ကိုပြူးတို့မှာ တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်လိုက်မိကြပြီး လွန်စွာမှ အံ့သြသွားကြလေသည်။ သူတို့ဘေးတွင် ကျုံ့ကျုံ့ကလေးထိုင်ပြီး နားထောင်နေသော မစိန်သုံမှာလဲ နောက်ထပ်ကြားရမည့် ထူးဆန်းသော အဖြစ်အပျက်တွေကိုသာ နားစွင့်နေမိတော့သည်။

'အဲဒီမြင်းကြီးနဲ့ လက်ထပ်ပြီးလိုက်တဲ့ အချိန်ကစပြီး မြင်းပိုင်ရှင်အပျိုကြီးလဲ ကျန်းမာရေး သိသိသာသာ ကောင်းလာတယ်။ ပြီးတော့စီးပွားရေးတွေလဲ ခါတိုင်းထက်တောင် ပိုပြီးတက်လာတယ်လေ . . .၊ အဲဒီအချိန်ကစပြီး အပျိုကြီးက မြင်းကြီးကို လူလိုပဲ စကားတပြောပြောနဲ့ ဆက်ဆံခဲ့တယ်၊ မြင်းကြီးကိုတောင် ခါတိုင်းထားတဲ့ မြင်းဇောင်းနဲ့မထားတော့ဘဲ အိမ်နဲ့ ကပ်လျက်က ကွက်လပ်ကြီးမှာ အဆောင်တစ်ခု ဆောက်ပေးထားတယ်လေ၊ ဒါတင် ဘယ်ကမလဲဗျာ . . . မြင်းကြီးအတွက်ဆိုပြီး အဆောင်ထဲမှာ ကုတင်တို့၊ မွေ့ယာတို့ စောင်တို့ ခေါင်းအုံးတို့ကိုပါ ပြင်ဆင်ပေးထားရတယ်၊ အဲဒီလိုမှမဟုတ်ရင် ညညဆို မြင်းက ခြသေ့ထိုင် ထိုင်ပြီး တစ်ညလုံး မအိပ်ဘဲနေတာတဲ့ ဗျ . . .'

ထိုအခါမှ ဆရာထွန်းကြီးကလဲ –

'အေးလေ . . . မောင်ရင်ပြောတဲ့ ထူးဆန်းတဲ့မြင်းမျိုးတွေက ဟိုးယခင် ဘုရားရှင် လက်ထက်ကတည်းက ရှိခဲ့တာလို့





ငါ့ရာငါးဆယ်နိပါတ်တော်တွေထဲမှာ ကျုပ်တော့ ဖတ်ဖူး မှတ်ဖူးပါရဲ့၊ ပြီးတော့ ရှေးဘုရင်တွေလက်ထက်က အာဇာနည်းမြင်းတွေကိုတောင် စစ်သူကြီးတွေက အဆောင်အယောင်တွေနဲ့ထားပြီး မွေးရတယ်ဆိုတာ မောင်ရင်ပြောတဲ့ မြင်းမျိုးလိုပဲ ဖြစ်မှာပေါ့ကွာ . . .'

ဟု ဆရာထွန်းကြီးက ဝင်ရောက်ပြောဆိုလေရာ ကိုထွန်းသောင်က –

'ဟုတ်တယ်ဗျ ဆရာကြီးရဲ့ . . . အဲဒီမြင်းမျိုးကိုလူတွေလိုပဲ အဆောင်အယောင်နဲ့ထားတဲ့အခါ ဘုရင်တွေအတွက်လဲ အရာရာ ပြီးမြောက်အောင်မြင်တယ်ဆိုပဲ . . .၊ အဲဒီ ကျွန်တော်ပြောတဲ့ အပျိုကြီးဆိုရင်ဗျာ . . .၊ ကြီးပွားချမ်းသာလိုက်တာမှ ပြောမနေပါနဲ့တော့ နောက်ဆုံး ရွာကအိမ်ကိုတောင် သိမ်ဖရပ်တစ်ခုအဖြစ် လှူဒါန်းခဲ့ပြီး မြို့ပေါ်ကို ပြောင်းသွားလိုက်တာ အဲဒီမြင်းကြီးတောင်ပါသွားသေးတယ်ဗျို့ . . .'

ကိုထွန်းသောင်၏ စကားအဆုံးတွင် မစိန်သုံက သိချင်ဇောဖြင့် ထပ်မေးလိုက်ပြန်သည်။

'ဟင် . . . အဲဒီမြင်းပိုင်ရှင်အပျိုကြီးက အခု ရှိဦးမယ်ဆိုရင် အသက်တော်တော်ကြီးရောပေါ့နော်ဘကြီးထွန်း . . .'

'အေးကွယ် . . . အဲဒီအပျိုကြီးလဲ အသက် ငါးဆယ်ကျော်မှာဆုံးပါးသွားပြီ။ မြင်းကြီးလဲ သခင်မရှိတော့တာနဲ့ သူနေတဲ့အိမ်ကနေ ပျောက်ခြင်းမလှပျောက်သွားတော့တာပါပဲ . . .'

ဆရာထွန်းကြီးကလဲ ကိုထွန်းသောင်၏ ထူးခြားဆန်းပြားသည့် အဖြစ်အပျက်တွေကို နားထောင်နေရာမှ သူ၏



www.burmeseclassic.com

www.burmeseclassic.com

ဆေးတံကြီးကို ကြမ်းပြင်ပေါ်တွင် တစ်ဒေါက်ဒေါက်နှင့် ခေါက်ချလိုက်ရင်း –

‘အေးပေါ့လေ မောင်ရင့်ပြောပုံအရဆိုရင် အဲဒီ မန သီဟ ဖွေပါတဲ့မြင်းဟာ အမှန်စင်စစ် လူဖြစ်ဖို့ ကံပါလာပါလျက်နဲ့ အတိတ်မှာ ကျူးလွန်ခဲ့တဲ့ ဝဋ်ကြွေးတွေမပြေသေးတော့ ပဋ္ဌာနန္ဒိယကံထိုက်ပြီး လူ့ဘဝကို ပီပီပြင်ပြင်မရဘဲ အဟိတ်တိရစ္ဆာန်ဂတိဘဝမှာပဲ မွေးဖွားလာရတဲ့ သတ္တဝါမျိုးထင်ပါရဲ့ကွယ်...’

ဟု တရားသဘောနှင့် ယှဉ်ကာပြောဆိုလေသည်။ ထို့နောက် ဆရာထွန်းကြီးက ဆက်ပြီး –

‘မင်းတို့ အားလုံးလဲ အကုသိုလ်အမှုကိုတော့ကြပ်ကြပ်ကြီးရှောင်ကြပေါ့ . . .၊ အထူးသဖြင့် အနန္တောအနန္တငါးပါးကို မပစ်မှားမိကြစေနဲ့...’

‘ဟုတ်ကဲ့ပါ ဆရာကြီး...’

BURMESE CLASSIC .com

အယ်ဒီဘညွန့်နှင့်အတူ ကိုထွန်းသောင်ရော ကိုပြူးတို့ပါ ဆရာထွန်းကြီးစကားကို ပြိုင်တူခေါင်းညိမ့်မိလိုက်ကြသည်။

ထိုအခါမှ မြင်းအနိုပ်သည် ကိုပြူးကလဲ ဆရာထွန်းကြီး ပြောသည့်စကားနှင့် ကိုထွန်းသောင်ပြောသည့် စကားတို့ကို အမျိုးမျိုး နှိုင်းယှဉ်သုံးသပ်လိုက်ပြီး –

‘ဆရာကြီးတို့ ပြောသလိုသာဆိုရင်... အဲဒီမြင်းထိန်းကသည်းလူမျိုးက သေသွားပြီး လူပြန်ဖြစ်ရမယ့် အခြေအနေမျိုးမှာ ကံကိုကျူးလွန်ထားလို့ လူ့ဘဝကိုပြန်မရဘဲ အရင်ဘဝက နီးနီးစပ်စပ် ထိန်းကျောင်းခဲ့ရတဲ့မြင်းဘဝကို ရသွားတာပဲ ဖြစ်နေမလားမသိဘူးနော်...၊ ကံရဲ့အကျိုးဆက်တွေကလဲ ပြောရခက်လိုက်ပါ





ဘိဗျာ၊ လူ့ဘဝဆိုတာ တယ်လဲ ရခဲတဲ့ဘဝပေပဲ...’

ဆရာထွန်းကြီးမှာ သူ၏ဆေးတံအိုးထဲသို့ဆေးတံသောက်ဆေးတွေကို ဖိသိပ်ထည့်ကာ မီးညှိဖွာရှိုက်လိုက်ပြီး –

‘မင်းပြောသလို ဖြစ်နိုင်ပါတယ်ကွာ . . .၊ ဒါတွေ အကုန်လုံးကတော့ ဒို့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးမှပဲ ပြတ်ပြတ်ထင်ထင် သိနိုင်တော့မပေါ့ . . .၊ အဲဒီတော့ ဒီက မောင်ဘညွန့်လဲ ကုသိုလ်ဘာဝနာ များများသာ ပွားများပေတော့၊ မာနတွေလဲလျှော့၊ လူ့ ဘဝဆိုတာ ရေပွက်ပမာပဲကွဲ....’

အယ်ဒီဘညွန့်မှာလဲ –

‘ဟုတ်ကဲ့ပါ ဆရာထွန်းကြီး၊ ကျွန်တော်လဲ အခုမှအရာရာကို ပိုပြီးနားလည်သွားပါပြီ . . .၊ အရင်က ကိုယ့်ကိုယ်ကိုယ် ငါသူဌေးဆိုပြီး ဟုတ်လှပြီထင်ခဲ့၊ သွေးနားထင်ရောက်ခဲ့တာတွေကို တွေးမိပြီး ရှက်လက်ရှက်မိပါရဲ့ ဆရာကြီးရယ် . . .၊ ဆရာကြီး ပြောသလို လူ့ဘဝဟာ ဘာမှမဟုတ်လိုက်တဲ့ ရေပွက်ကလေး တစ်ခုပါပဲ...’

ဟု ပြောပြီး ကိုထွန်းသောင်၏ ဘေးတွင်ထိုင်နေသော မြင်းအနှိပ်သည် ကိုပြူး၏ ဘက်သို့လှည့်ကာ –

‘ဒါနဲ့ . . . တစ်ဆက်ထဲမှာပဲ ဟောဒီက ကိုပြူးကိုလဲ တစ်ခါတည်း တောင်းပန်ပါရစေ . . .၊ ကျုပ် တစ်ချိန်က ဘိဘရာရဲ့ ကုန်းချောကုန်းတိုက်လုပ်ခဲ့တဲ့ စကားကိုယုံပြီး ကိုပြူး အပေါ် စော်ကားမော်ကားနဲ့ ပြောဆိုမိခဲ့တာကို ခွင့်လွှတ်ပါလို့ ပြောပါရစေ...’

ထိုအခါမှ ဆရာထွန်းကြီးနှင့်အတူ...ကိုထွန်းသောင်တို့



www.burmeseclassic.com

www.burmeseclassic.com

မှာလဲ အယ်ဒီဘညွန့်နှင့် ကိုပြူးတို့ကို တစ်လှည့်စီကြည့်လိုက်မိလေသည်။ ကိုပြူးကလဲ ထိုစကားကြောင့် ပျာပျာသလဲ နှင့် ဖြစ်သွားပြီး –

'မဟုတ်တာ သူဌေးမင်းရယ် . . .၊ ကျုပ်က ဘယ်လိုမှ သဘောမထားပါဘူး . . .၊ လူဆိုတာ အမှားနဲ့ ကင်းနိုင်ကြတာမှ မဟုတ်တာ၊ နေပါစေ တောင်းပန်စရာမလိုပါဘူးဗျာ . . .'

BURMESE CLASSIC .com

အယ်ဒီဘညွန့်ကလဲ –

'အဲ . . . နောက်ပြီး တစ်ခါတည်းပြောလိုက်ပါရစေဗျာ၊ နောက် ကျုပ်ကို သူဌေးမင်းဆိုတဲ့ ဘာမဟုတ်တဲ့ အတုအယောင် ဂုဏ်ပုဒ်ကြီးကို ထည့်ပြီးခေါ်မနေပါနဲ့တော့ . . .၊ ဦးဘညွန့်ဆိုရင် ရပါပြီဗျာ . . .'

ထို့နောက် သူတို့အားလုံးမှာ မစိန်သုံလာချပေးသော ရေနွေးကြမ်းအိုးထဲမှ အေးစက်စက်ဖြစ်နေသော အကြမ်းရည် တစ်ခွက်စီကို မော့သောက်လိုက်ကြလေသည်။

ထိုအချိန်မှာပင် အယ်ဒီဘညွန့်တို့ အိမ်ကြီး၏ အပေါ်ထပ်ဆီသို့ အလူးလူးအလဲလဲနှင့် ပြေးတက်လာသော မောင်ဘစိကို တွေ့လိုက်ကြရလေသည်။

မောင်ဘစိမှာ အယ်ဒီဘညွန့်တို့ ဝိုင်းဖွဲ့ထိုင်နေရာနေရာဆီသို့ ရောက်သောအခါ –

'ဘဘကြီး . . . ကျွန်တော် နံနက်ကပုဇွန်တောင်ဘက်ကို ရောက်တုန်း ပုစွန်တောင်ချောင်းထဲမှာ မြင်းသေတစ်ကောင် မျောလာတယ်ဆိုလို့ သွားကြည့်လိုက်တာ ကျွန်တော်တို့ မြင်းနက်ကြီးမဟူရာဖြစ်နေတယ် ဘဘကြီးရဲ့ . . .'





'ဟေ . . .'

မောင်ဘစိ၏စကားအဆုံးမှာ အယ်ဒီဘညွန့်နှင့်အတူ အားလုံးက တုန်လှုပ်မင်သက်မိသွားကြသည်။ တစ်ချိန်ထဲမှာပင် အယ်ဒီဘညွန့်က တုန်ရင်နေသောအသံတွေဖြင့် ဆရာထွန်းကြီး ဖက်သို့လှည့်ကာ –

'ဒုက္ခတွေတော့ များကုန်ပြီ ထင်ပါရဲ့ ဆရာထွန်းကြီးရယ်၊ မဟူရာက ကျွန်တော့်လက်ချက်နဲ့ သေသွားတာဆိုတော့အကုသိုလ် အကျိုးဆက်က သံသရာရှည်နေဦးမှာလားဆရာကြီးရယ် . . .'

'အေးလေ . . . ဘယ်တတ်နိုင်ပါ့မလဲကွယ် . . . ဖြစ်ပြီးမှတော့ ကံစီမံရာပဲပေါ့ . . .၊ မောင်ရင်ရယ် . . .၊ နောက်ဆုံး တို့ဖက်ကတတ်နိုင်တာက မဟူရာကိုရည်စူးပြီးကုသိုလ် ကောင်းမှုတွေလုပ်ပေးပြီး အမျှအတန်းဝေဖို့ပဲ ရှိတော့တာပေါ့ကွယ် ကိုယ့်အိမ်မှာ မွေးတဲ့တိရစ္ဆာန်ကြောင့် ကုသိုလ်ယူတတ်မယ်ဆို မြတ်ပါတယ် . . .'

မစိန်သုံမှာလဲ မြင်းကြီးမဟူရာ၏ အဆုံးသတ်သွားသော ဘဝတစ်ခုကြောင့် စိတ်မကောင်းကြီးစွာ ဖြစ်မိလေရာ၊ အိမ်ကြီး၏ အပေါ်ထပ်ဆီမှ လှေကားထစ်များအတိုင်း ဖြည်းညှင်းစွာဆင်းလာခဲ့ လေသည်။ ထို့နောက် သူမနေထိုင်ရာ အဖီလေးဖက်ဆီသို့ သတိ တရနှင့် ဆက်ပြီးလျှောက်သွားလိုက်ရာ . . . အခန်း၏ အဝင်အထွက် တံခါးမကြီးဘေးတွင် ချိတ်ဆွဲထားသည့်မြင်းနက်ကြီး မဟူရာ၏ ဓာတ်ပုံကားချပ်ကြီးကို တွေ့လိုက်ရလေသည်။

ထိုအချိန်မှာပဲ မစိန်သုံမှာ မြင်းနက်ကြီးမဟူရာ၏ ဓာတ်ပုံကြီးကို ဖြုတ်ယူလိုက်ပြီး –



www.burmeseclassic.com

www.burmeseclassic.com

'မြင်းနှက်ကြီးမဟူရာ ကောင်းရာမွန်ရာ ဘဝကို ရောက်ပါစေ...'

သ တိုး တေ ဇ

ထက်ဝယ်စာအုပ်တိုက်

www.burmeseclassic.com